# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက် | ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၂၉ ရက်၊ တနင်္လာနေ့ | အတွဲ (၆၁)၊ အမှတ် (၃၂၈)


## မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ Convention Center တွင် ကျင်းပပြုလုပ်သည့် Internatoinal Army Games – 2022 ပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း Internatoinal Army Games – 2022 ပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဩဂုတ် ၂၈

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၇ ရက် ဒေသစံတော်ချိန် ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ Convention Center တွင် ကျင်းပပြုလုပ်သည့် Internatoinal Army Games – 2022 ပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

*စာမျက်နှာ ၃ ကော်လံ ၁*❑

## ယနေ့ ဖတ်စရာ


**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ ငြိမ်းချမ်းရေးဆွေးနွေးရန် နေပြည်တော်သို့ရောက်ရှိ** စာ - ၄



ပဟေဠိသဖွယ်ရှိနေသည့် သမိုင်းထဲက ဂျီနိုဆိုက်ပုစ္ဆာ — ဆောင်းပါး စာ -၁၀

အာဟာရချို့တဲ့မှုကို တိုက်ဖျက်ရာတွင် ပြည်သူအားလုံးပါဝင်ရန် အိန္ဒိယဝန်ကြီးချုပ် တိုက်တွန်း — နိုင်ငံတကာသတင်း စာ -၁၃

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအတွက် ပတ်ဝန်းကျင်အကျိုးပြု မြေမဲ့စိုက်ပျိုးမွေးမြူရေး နည်းစနစ် အကွာပိုးနစ် (Aquaponic) — ဆောင်းပါး စာ -၁၆

မြန်မာ့အလင်း

## လူကုန်ကူးမှုအသိပညာဗဟုသုတများဖြင့် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ကူညီ

လူကုန်ကူးမှုသည် ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားနေသည့် ဖြေရှင်းရန်ခက်ခဲသော ပြဿနာဖြစ်ပြီး လူလူချင်း ရက်စက်စွာ ခေါင်းပုံဖြတ်သည့် လူ့အခွင့်အရေးချိုးဖောက်မှုလည်းဖြစ်သလို နိုင်ငံတကာရာဇဝတ်ဂိုဏ်းများ ပါဝင်ပတ်သက်နေလေ့ရှိသည့် နိုင်ငံဖြတ်ကျော်မှုခင်းများလည်းဖြစ်သည်။ လူကုန်ကူးမှုသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျသည့်နိုင်ငံများတွင် အဓိကအဖြစ်များသော်လည်း ချမ်းသာသည့်နိုင်ငံများမှာပါ လူကုန်ကူးမှုများ ဖြစ်ပွားကြောင်း တွေ့ရသည်။

လူကုန်ကူးမှုပုံစံများ ပြောင်းလဲလာခဲ့ရာတွင် အဓိကကျူးလွန်သူ တရားခံများနှင့် ကျူးလွန်ခံရသူသားကောင်များမှာ အမျိုးသမီးများဖြစ်ကြကြောင်း ကိန်းဂဏန်းများအရ သိရှိရသည်။ UNODC ၏ ၂၀၁၈ ခုနှစ် လူကုန်ကူးမှုဆိုင်ရာအစီရင်ခံစာတွင် မြန်မာနိုင်ငံ အပါအဝင်ဖြစ်သော အရှေ့အာရှနှင့် ပစိဖိတ်ဒေသ၏ လူကုန်ကူးခံရမှုအမျိုးအစားများမှာ အမျိုးသား ၂၉ ရာခိုင်နှုန်း၊ အမျိုးသမီး ၄၈ ရာခိုင်နှုန်း၊ ကလေးသူငယ်(ယောကျ်ား) ၄ ရာခိုင်နှုန်း၊ ကလေးသူငယ် (အမျိုးသမီး) ၁၉ ရာခိုင်နှုန်း ပါဝင်ကြောင်းနှင့် မှုခင်းအမျိုးအစားအနေဖြင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှု ၆၀ ရာခိုင်နှုန်း၊ လုပ်အားခေါင်းပုံဖြတ်မှု ၃၈ ရာခိုင်နှုန်း၊ အခြား လူကုန်ကူးမှု ၂ ရာခိုင်နှုန်းပါဝင်ကြောင်း ဖော်ပြထားသည်။ သို့ဖြစ်ရာ လူကုန်ကူးခံရသူအများစုမှာ အမျိုးသမီးများဖြစ်ပြီး လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုကို အများစုက ကျူးလွန်ခံခဲ့ကြရခြင်းဖြစ်သည်။

လူကုန်ကူးမှုအများစုမှာ ပြည်ပသို့ တရားမဝင်ထွက်ခွာမှုများနှင့် ဆက်စပ်နေပြီး ပြည်ပနိုင်ငံများသို့ ရောက်ရှိသွားပြီးမှ လူကုန်ကူးခံရသည့် အခြေအနေများဖြစ်ပေါ်လာရာ အချိန်မီကယ်တင်နိုင်ရန်အတွက်လည်းကောင်း၊ တရားခံများကို ဖမ်းဆီးနိုင်ရန်အတွက်လည်းကောင်း၊ သတင်းအချက်အလက်များ ရရှိရန်အတွက်လည်းကောင်း လွန်စွာခက်ခဲကြောင်းနှင့် သက်ဆိုင်ရာနိုင်ငံများရှိ ရဲတပ်ဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုရရှိရန်လိုအပ်ကြောင်း သိရသည်။ ယခုရက်ပိုင်းအတွင်း အရှေ့အလယ်ပိုင်းဒေသ နိုင်ငံတစ်ခုသို့ လူကုန်ကူးခံရပြီး ရောက်ရှိနေသည်ဆိုသည့် မြန်မာမိန်းကလေးငယ်အချို့က အကူအညီတောင်းခံသည့် ဗီဒီယိုဖိုင်တစ်ခု လူမှုကွန်ရက်တွင် တွေ့ရှိနေရပြီး ယင်းကိစ္စနှင့် စပ်လျဉ်း၍ မှတ်ချက်များ၊ ထင်မြင်ချက်များကိုလည်း တွေ့ရှိနေရာ သတင်းအချက်အလက်များ စုံစမ်းစိစစ်မှုနှင့် လိုအပ်သလို အရေးယူဆောင်ရွက်မှုတို့ ပြုလုပ်ရန် လိုအပ်မည် ဖြစ်သည်။

၂၀၀၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့အနေဖြင့် အမှုပေါင်း ၂၀၅၄ မှ ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံပေါင်း ၆၀၀၀ ခန့်ကို အရေးယူနိုင်ခဲ့ကာ လူကုန်ကူးခံရသူ ၄၅၀၀ ကျော်ကို ကယ်တင်နိုင်ခဲ့သည်။ လူကုန်ကူးမှုများကို တိုက်ဖျက်ရာတွင် ဌာနဆိုင်ရာများ၊ မိတ်ဖက်အဖွဲ့အစည်းများက လူကုန်ကူးသူများကို ဖော်ထုတ်အရေးယူရန်၊ လူကုန်ကူးခံနိုင်ရဖွယ်ရှိသူများကို ကာကွယ်စောင့်ရှောက်ရန်၊ ဘဝပြန်လည်ထူထောင်ရေးနှင့် စောင့်ရှောက်ပေးနိုင်ရေးဆောင်ရွက်ရန်ဖြစ်ပြီး ပြည်သူလူထုတစ်ရပ်လုံးကလည်း လူကုန်ကူးမှု အသိပညာဗဟုသုတများဖြင့် ပူးပေါင်းပါဝင် ကူညီကြရပါမည့်အကြောင်း။ ။

## (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များလေ့လာနိုင်ရန် ပါဝင်ယှဉ်ပြိုင်ရမည့် အဆင့်များ၊ ဘာသာရပ်များ၊ အဆိုနှင့် အတီး တေးသီချင်းအမည်များ ထုတ်ပြန်ကြေညာ

*(ယမန်နေ့မှ အဆက်)*

### (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး"ဘာသာရပ် အတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား)

(က) ဗမာ့သွေး (ဒေါ်ကြည်အောင်)
(ခ) သူ့ငွေးဝါဒ (နန်းတော်ရှေ့ဆရာတင်)
(ဂ) မဟာ (ဇော်ဝင်းထွဋ်)
(ဃ) သုံးရောင်ခြယ် (စိန်ပါတီ/ ထား)
(င) ခေတ်ဆန်းချိန် (ရွှေညာမောင်)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသမီး)

(က) တပင်ရွှေထီး (ဒေါ်ကြည်အောင်)
(ခ) မြန်မာ့ဂုဏ်ရည် (ဝင်းဦး)
(ဂ) သီတာရတနာ (ဒေါ်ကြည်အောင်)
(ဃ) လှေပွဲ (မောင်ကိုကိုနှင့် အဖွဲ့)
(င) ကောင်းစားတော့မည် (မအေးမိ)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)

(က) မြန်မာပြည်သား (အဖွဲ့)
(ခ) တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည် (အဖွဲ့)
(ဂ) ပြန်လည်ထူထောင်ရေး (ကိုကျော်ဆွေ)
(ဃ) မဟာဗန္ဓုလ (ကိုထွန်းရွှေ)

၄။ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)

(က) ပုဂံမြေ (နွဲ့ယဉ်ဝင်း)
(ခ) ထာဝရ အဓိဋ္ဌာန် (မေလှမြိုင်)
(ဂ) ဗိုလ်ရှုသဘင် (မြသက်မှူ)
(ဃ) ဖွဲ့ (ပြည်လှဖေ)

### (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "စောင်း" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) တောတောင်စွယ် (ယိုးဒယား)
(ခ) သာဆန်းရဂုံဗွေ (ပတ်ပျိုး)
(ဂ) စုံသာမြိုင်လယ် (သီချင်းခံ)
(ဃ) ဖြူပြာမှူရာ (ပတ်ပျိုး)
(င) ရွှေတညာ (ယိုးဒယား)
(စ) ထောင်ရောင်နေ (သီချင်းခံ)
(ဆ) သောင်းကျေးဒီပါဗွေ (မွန်)
(ဇ) ဘုန်းများများမင်း (ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) တောမြိုင်ခြေလှမ်း (ယိုးဒယား)
(ခ) မဲဇာတောင်ခြေ (ပတ်ပျိုး)
(ဂ) တေဇဂုဏ် (ဘွဲ့)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) ပန်းဟေဝန် (ယိုးဒယား)
(ခ) ဘုန်းမိုးသွန်း (သီချင်းခံ)
(ဂ) ကျွန်းကျွန်းပိုင်သ (ကြိုး)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) ရွှေဘုန်းရွှေဘုန်းတော် (ကြိုး)
(ခ) ယသော်ဓရာ (ယိုးဒယား)
(ဂ) မြရည်နန္ဒာ (ဘွဲ့)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) နန်းဘုံသီဟာဗွေ (ယိုးဒယား)
(ခ) မင်္ဂလာသီရိ (ဘွဲ့)
(ဂ) ရှုတိုင်းသာစွ (ကြိုး)

### (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "စန္ဒရား" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) တောတောင်စွယ် (ယိုးဒယား)
(ခ) တောမြိုင်စွန် (ယိုးဒယား)
(ဂ) သေနင်္ဂမည် (ပတ်ပျိုး)
(ဃ) သာဆန်းရဂုံဗွေ (ပတ်ပျိုး)
(င) မန်းတောင်လက်ယာ (ယိုးဒယား)
(စ) စိန်ကြယ်ညီးလင်း (မွန်)
(ဆ) တောင်ယံတောလေး (မွန်)
(ဇ) ထောင်ရောင်နေကသာ (သီချင်းခံ)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) သောင်းရွှေလယ် (ယိုးဒယား)
(ခ) စာဆိုခံလလုံး (ကာလပေါ်)(မာမာအေး)
(ဂ) ဒီပါအေးမြ (ပတ်ပျိုး)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) မြိုင်ယံရွှေလှျံ (ပတ်ပျိုး)
(ခ) မိန်ရာသီ (Key- Eb)(ကိုအံ့ကြီး)
(ဂ) အောင်မင်္ဂလာ (ယိုးဒယား)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) မိုးလုံးပတ်လည် (ပတ်ပျိုး)
(ခ) တမာလမ်း (ကာလပေါ်)(ချိုပြုံး) (Key–Eb)
(ဂ) ကန္တာလေတောခြေ (ယိုးဒယား)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) ဂန္ဓမာတောင် (ဘွဲ့)
(ခ) တောနှင့်တောင်စွယ် (ယိုးဒယား)
(ဂ) မဲဇာရွှေလီ (မာမာအေး)

### (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "ပတ္တလား" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
(ခ) ချစ်သမျှကို (ပတ်ပျိုး)
(ဂ) ညာသပြေဘောင် (ကြိုး)
(ဃ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
(င) ဖော်ကွာဝေး (ယိုးဒယား)
(စ) ထောင်ရောင်နေကသာ (သီချင်းခံ)
(ဆ) လေပြည်ဆော်သွင်းမြူး (မြင်းတက်ယိုးဒယား)
(ဇ) ညင်းညင်း (မွန်)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) ဆန်းဆန်းသဏ္ဍာကြာညော င် (ယိုးဒယား)
(ခ) ပြည်ပြည်မင်းပေါင်း (သီချင်းခံ)
(ဂ) ရဝိန်ဒေါင်းယာဉ်ပျံ (ပတ်ပျိုး)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) ဖြေလျှော့ခွေ (ပတ်ပျိုး)
(ခ) တောနှင့်တောင်စွယ် (ယိုးဒယား)
(ဂ) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) ညဥ့်သုံးယံခါ (ပတ်ပျိုး)
(ခ) ဆီးနှင်းပြိုက်ကျ (ကြိုး)
(ဂ) မြန်သပြေဗွေတကျွန်းခြားမြေ (ယိုးဒယား)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) ပြောင်ပြောင်နာဂိန် (ကြိုး)
(ခ) အတိုင်းမသိမင်္ဂလာ (ဘွဲ့)
(ဂ) လူမနှော (ပတ်ပျိုး)

*(ဆက်လက်ဖော်ပြပါမည်)*

❑ *ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ Alabino လေ့ကျင့်ရေးကွင်းရှိ House of Friendship ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် တက်ရောက်လာကြသူများနှင့်အတူ တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ Tank Biathlon (Division – 1) ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် တရုတ်နိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘီလာရုစ်နိုင်ငံနှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့မှ ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ အဆိုပါပြိုင်ပွဲတွင် ရုရှားနိုင်ငံ တင့်တပ်ဖွဲ့က ၁ နာရီ ၂၉ မိနစ် ၃၆ စက္ကန့်ဖြင့် ပထမဆုကို လည်းကောင်း၊ ဘီလာရုစ်နိုင်ငံ တင့်တပ်ဖွဲ့က ၁ နာရီ ၄၁ မိနစ် ဝ၄ စက္ကန့်ဖြင့် ဒုတိယဆုကိုလည်းကောင်း၊ တရုတ်နိုင်ငံ တင့်တပ်ဖွဲ့က ၁ နာရီ ၄၄ မိနစ် ဝ၃ စက္ကန့်ဖြင့် တတိယဆုကိုလည်းကောင်း ရရှိခဲ့သည်။

**ဆုများပေးအပ်ချီးမြှင့်**

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးကိုယ်စား တာဝန်ရှိသူတစ်ဦးက ဂုဏ်ပြုချီးကျူးကြောင်းနှင့် ပြိုင်ပွဲဝင်အသင်းသားများနှင့် ပူးပေါင်းပါဝင် ယှဉ်ပြိုင်နိုင်ရန် စေလွှတ်ပေးသည့် နိုင်ငံများ၏ အကြီးအကဲများအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။ ဆက်လက်၍ တာဝန်ရှိသူများက တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ Tank Biathlon (Division – 1) တွင် ဆုရရှိကြသည့် ပြိုင်ပွဲဝင်တင့်အဖွဲ့များအား ဆုများပေးအပ်ချီးမြှင့်ကြပြီး ရိုးရာယဉ်ကျေးမှုများဖြင့် ဖျော်ဖြေသည့်ခံကြကာ အခမ်းအနားကို ပိတ်သိမ်းခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ Tank Biathlon (Division – 1) ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် တရုတ်နိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘီလာရုစ် နိုင်ငံနှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့မှ ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးစဉ်။



**“မြန်မာ့တပ်မတော်တပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါ Internatoinal Army Games – 2022 ပြိုင်ပွဲများတွင် နိုင်ငံတကာစစ်ဘက်အဖွဲ့အစည်းများ၏ ပြိုင်ပွဲယှဉ်ပြိုင်မှု အတွေ့အကြုံများ၊ နည်းပညာဆိုင်ရာ အတွေ့အကြုံများနှင့် ချစ်ကြည်ရင်းနှီးမှုများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်းနှင့် လာမည့်နှစ်များတွင်လည်း ဆက်လက်ပါဝင်ယှဉ်ပြိုင်သွားမည်”**

အဆိုပါ Internatoinal Army Games – 2022 ပြိုင်ပွဲကို နိုင်ငံပေါင်း ၃၇ နိုင်ငံမှ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ရုရှားနိုင်ငံအပါအဝင် အိမ်ရှင်အဖြစ် နိုင်ငံပေါင်း ၁၂ နိုင်ငံ၌ ပြိုင်ပွဲများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့တပ်မတော်အနေဖြင့် တင့်ကားစွမ်းရည်ပြိုင်ပွဲ၊ လက်ဖြောင့်သေနတ်ပစ် စွမ်းရည်ပြိုင်ပွဲ ၊ ဆေးတပ်ဖွဲ့စွမ်းရည်ပြိုင်ပွဲများအပြင် ဆက်စပ်ပြိုင်ပွဲများဖြစ်သည့် ရိုးရာယဉ်ကျေးမှုပြိုင်ပွဲ Army of Culture တွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

**ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိ**

ထိုသို့ ယှဉ်ပြိုင်ခဲ့ရာ မြန်မာ့တပ်မတော် တင့်တပ်ဖွဲ့အနေဖြင့် Tank Biathlon (Tank Crews Competition) Division–2 ၌ ဆီးရီးယား၊ လာအို၊ အီရန်၊ တာဂျစ်ကစ္စတန်၊ တောင်အာဆက်တီးယား၊ အာခ့်ဇီယာ၊ ဆူဒန်၊ ဇင်ဘာဘွေ၊ အာမေးနီးယားနှင့် မာလီ နိုင်ငံတို့မှ တင့်တပ်ဖွဲ့ဝင်များနှင့်အတူ မိုင်ကုန်မောင်းနှင်၍ စံချိန်ယူခြင်း၊ ၁၂၅ မမ အမြောက်အား ရပ်လျက်ကျည် ၃ တောင့် ပစ်ခတ်ခြင်း၊ ၁၂ ဒသမ ၇ မမ လေယာဉ်ပစ်စက်သေနတ် ကျည် ၁၅ တောင့် ရပ်လျက်ပစ်ခတ်ခြင်း၊ ၇ ဒသမ ၆၂ မမ ယှဉ်တွဲစက်သေနတ်ကျည် ၁၅ တောင့် ရပ်လျက်ပစ်ခတ်ခြင်းတို့ကို ယှဉ်ပြိုင်ခဲ့ပြီး မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့ Crew – 1 အနေဖြင့် ပြိုင်ပွဲဝင်စံချိန် ၂၇ မိနစ် ၄၃ စက္ကန့်ဖြင့် လည်းကောင်း၊ Crew –2 အနေဖြင့် ပြိုင်ပွဲဝင်စံချိန် ၃၈ မိနစ် ၁၄ စက္ကန့်ဖြင့် လည်းကောင်း၊ Crew – 3 အနေဖြင့် ပြိုင်ပွဲဝင်စံချိန် မိနစ် ၃၀ ၂၈ စက္ကန့်ဖြင့် လည်းကောင်း၊ စုစုပေါင်း ပြိုင်ပွဲဝင်စံချိန် ၁ နာရီ ၃၆ မိနစ် ၂၅ စက္ကန့် ရရှိခဲ့ပြီး စုစုပေါင်းပစ်မှတ် ၁၅ ခု တွင် ၁၄ ခုကို ထိမှန်ခဲ့ကာ ပြိုင်ပွဲဝင် ၁၁ သင်းတွင် ပထမဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သည်။

ထို့အပြင် မြန်မာ့တပ်မတော် အနေဖြင့် လက်ဖြောင့်သေနတ် ပစ်ခတ်ခြင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် နိုင်ငံ ၇ နိုင်ငံအနက်အဆင့် ၄ နေရာ၌ လည်းကောင်း၊ ဆေးတပ်ဖွဲ့စွမ်းရည်ပြိုင်ပွဲတွင် ဓွဲသတ္တိဆုနှင့် အသင်း ၁၆ သင်းအနက် အဆင့် ၄ နေရာ၌ လည်းကောင်း ရရှိအောင်စွမ်းဆောင်နိုင်ခဲ့ကြသည်။ အလားတူ မြန်မာ့တပ်မတော် ယဉ်ကျေးမှုအဖွဲ့များအနေဖြင့် တီးခတ်မှုပြိုင်ပွဲတွင် ပထမဆု၊ စုံတွဲအဆိုပြိုင်ပွဲ (ရုရှားသီချင်း) တွင် ပထမဆု၊ အကပြိုင်ပွဲတွင် တတိယဆု၊ တစ်ဦးချင်း အမျိုးသမီးအဆိုပြိုင်ပွဲတွင် ဒုတိယဆု၊ ရိုးရာယဉ်ကျေးမှုကို ထင်ဟပ်ပေါ်လွင်အောင် အကောင်းဆုံး တင်ဆက်ပြသမှုတွင် တတိယဆု၊ Folk National Instrument တတိယဆု၊ ရိုးရာယဉ်ကျေးမှုပြခန်း တတိယဆုတို့ကို ဆွတ်ခူးရရှိခဲ့သည့်အပြင် အွန်လိုင်းမှတစ်ဆင့် ပရိသတ်များ၏ မဲပေးရွေးချယ်မှု (People’s Choice Award)တွင်လည်း ပထမဆုကို ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

မြန်မာ့တပ်မတော် တပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါ Internatoinal Army Games – 2022 ပြိုင်ပွဲများတွင် နိုင်ငံတကာစစ်ဘက်အဖွဲ့အစည်းများ၏ ပြိုင်ပွဲယှဉ်ပြိုင်မှု အတွေ့အကြုံများ၊ နည်းပညာဆိုင်ရာ အတွေ့အကြုံများနှင့် ချစ်ကြည်ရင်းနှီးမှုများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်းနှင့် လာမည့်နှစ်များတွင်လည်း ဆက်လက်ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီး၌ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

မကွေး ဩဂုတ် ၂၈

**မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**



အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က ယနေ့ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များသည် တိုင်းဒေသကြီးအဆင့် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ခရိုင်/မြို့နယ်များတွင် အဆင့်ဆင့် ယှဉ်ပြိုင်ကျော်ဖြတ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ အဆို၊အက၊ အရေး၊ အတီးဆိုသည့် အနုပညာသည် သိမ်မွေ့နက်နဲသည့် အဓိပ္ပာယ်ဆောင်သကဲ့သို့ လူတို့၏ စိတ်စေတနာအား လှုံ့ဆော်နှိုးဆွရာတွင် အစွမ်းထက်ပါကြောင်း၊ နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် ကိုယ်ပိုင်ယဉ်ကျေးမှု၊ စာပေ၊ အနုပညာများရှိကြပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော နည်းပညာခေတ်တွင် မိမိတို့ ရိုးရာယဉ်ကျေးမှုများအား တိုးဝင်ပွတ်တိုက်သွားသည်ကို မလွဲမသွေ ခံစားရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပခြင်းဖြင့် မိမိတို့ ရိုးရာယဉ်ကျေးမှုများအား ဖော်ထုတ်ထိန်းသိမ်းနိုင်သကဲ့သို့ မျိုးဆက်သစ်လူငယ်များကိုလည်း လက်ဆင့်ကမ်းနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုအဆင့် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဦးတည်ချက် (၄)ရပ်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး မိမိတို့ တိုင်းဒေသကြီးအနေဖြင့် ဗဟိုအဆင့်ပြိုင်ပွဲတွင် အောင်မြင်စွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ယခုပြိုင်ပွဲကို တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းကော်မတီများအနေဖြင့် မိမိတို့ရရှိထားသည့် အတွေ့အကြုံများကို အခြေခံပြီး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ယှဉ်ပြိုင်သင့်သူများအားလုံး ပါဝင်ယှဉ်ပြိုင်နိုင်စေရေးနှင့် ထူးချွန်ထက်မြက်သည့် အနုပညာရှင်များ ပေါ်ထွက်လာစေရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်စေလိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ ၂၀၂၂ ခုနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တရားသူကြီးချုပ် ဦးစိန်ထွန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ခရိုင်အသီးသီးမှ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများနှင့် ဝါသနာရှင်များက အဆင့်မြင့်ပညာအဆင့် အမျိုးသမီးတစ်ဦးချင်း အကများဖြင့် ယှဉ်ပြိုင်ခြင်း၊ အခြေခံပညာအဆင့် အသက် (၁၀) နှစ်မှ (၁၅) နှစ်အထိ အမျိုးသမီး တစ်ဦးချင်း အကယှဉ်ပြိုင်ခြင်းနှင့် အဆင့်မြင့် ပညာအဆင့် အမျိုးသား တစ်ဦးချင်းအကတို့ကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၊ ပန်းဟောဝန်ခန်းမ၌ ကျင်းပသည့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုပြိုင်ပွဲနှင့် အရေးပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မောင်ညီညာ**

# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ ငြိမ်းချမ်းရေးဆွေးနွေးရန် နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၂၈**



တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရန်နှင့် လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးတို့အတွက် ရည်ရွယ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ချက်အရ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်စစ် ဦးဆောင်သည့် ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့သည် ရှမ်းပြည်နယ် တာချီလိတ်မြို့မှ ယနေ့ မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

အဆိုပါ ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့အား အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကို လိုလားသည့် ဒေသခံပြည်သူများက **ထာဝရငြိမ်းချမ်းရေးကို ရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်းရေး ရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေ စည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ် အေးချမ်းရ** စသည့်စာသားပါ ဆိုင်းဘုတ်များ ကိုင်ဆောင်၍လည်းကောင်း၊ နိုင်ငံတော်အလံငယ်များ ကိုင်ဆောင်၍လည်းကောင်း လေဆိပ်၌ ကြိုဆိုကြသည်။ **(အပေါ်ပုံ)**

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဦးဆောင်သည့် ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့နှင့် ပထမအကြိမ်တွေ့ဆုံဆွေးနွေးမှုများကို ၂၀၂၂ ခုနှစ် မေ ၂၀ ရက်မှ ၂၂ ရက်အထိ ဆောင်ရွက်ခဲ့ပြီး ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး၊ ပြည်ထောင်စု ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်ကြိုးပမ်းကြရန် သဘောတူညီနိုင်ခဲ့ကြသည်။ ယခုဒုတိယအကြိမ်လာရောက်ဆွေးနွေးရာတွင်လည်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ နိုင်ငံရေးလိုလားချက်နှင့် အနာဂတ်လုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းရန် လမ်းဖွင့်ထားကြောင်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ မလာရောက်သေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုလည်း မည်သည့်အခြေအနေမျိုးတွင်မဆို ကြိုတင်ကန့်သတ်ချက်မထားဘဲ လာရောက်ဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ထားသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း ချစ်ကြည်ရေး အမှတ် (၂) တံတားသို့ ရောက်ရှိလာရာ တာချီလိတ်တပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပါတီနိုင်ငံရေး အဖွဲ့အစည်းများနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို လိုလားထောက်ခံကြသည့် ဒေသခံတိုင်းရင်းသားများက **"ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို ထောက်ခံပါသည်၊ ထာဝရငြိမ်းချမ်းရေးသည် ပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို ထောက်ခံပါသည်"** စသည့်စာသားပါ ဆိုင်းဘုတ်များ ကိုင်ဆောင်ကာ တာချီလိတ်မြို့ ပြည်ထောင်စုလမ်းမကြီးမှ လေယာဉ်ကွင်းလမ်းအထိ လှိုက်လှိုက်လှဲလှဲဖြင့် ထောက်ခံကြိုဆိုခဲ့ကြသည်။

ထို့နောက် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အဖွဲ့မှ ဗိုလ်ချုပ်ကြီး ယွက်စစ် ဦးဆောင်သည့် ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့သည် ကျိုင်းတုံလေဆိပ်မှ လေကြောင်းခရီးစဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျောက်ဖြူမြို့၌ မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပ

**ကျောက်ဖြူ ဩဂုတ် ၂၈**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ (၂၃) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး မြို့နယ်အဆင့် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ကျောက်ဖြူပညာရေးဒီဂရီကောလိပ်ရှိ ပညာတန်ဆောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောက်ဖြူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲလင်းမောင်က အမှာစကား ပြောကြားသည်။ ထို့နောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်အား ဆက်လက်ကျင်းပရာ ကျောက်ဖြူမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အဆိုပြိုင်ပွဲတွင် အခြေခံပညာအဆင့် အသက် ၁၀ နှစ်မှ ၁၅ နှစ်အထိ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး ငါးဦး၊ အခြေခံပညာအဆင့် အသက် ၁၅ နှစ်မှ ၂၀ နှစ်အထိ အမျိုးသား သုံးဦး၊ အမျိုးသမီး လေးဦး၊ အဆင့်မြင့်ပညာအဆင့်တွင် အမျိုးသား နှစ်ဦး၊ အမျိုးသမီး တစ်ဦး၊ ဝါသနာရှင် (ဒုတိယတန်းအဆင့်) တွင် အမျိုးသားသုံးဦး၊ အမျိုးသမီး လေးဦး၊ အကပြိုင်ပွဲတွင် အသက် ၁၅ နှစ်မှ ၂၀ နှစ်အထိ အမျိုးသမီးကဗျာလွတ်ယိမ်း၊ ဝါသနာရှင်(ဒုတိယတန်းအဆင့်) အမျိုးသား တစ်ဦး၊ အတီးပြိုင်ပွဲတွင် အခြေခံပညာအဆင့် အသက် ၁၅ နှစ်မှ ၂၀ နှစ်အထိ အမျိုးသမီး တစ်ဦး၊ ဝါသနာရှင် (ဒုတိယတန်းအဆင့်) တစ်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း**

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲကျင်းပပြုလုပ်ရေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ





ရန်ကုန် ဩဂုတ် ၂၈

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရန် လိုအပ်သည်များ ဆွေးနွေးပြောကြားသည်။ (ယာပုံ)**

### စုံစုံညီညီပါဝင်ဆင်နွှဲပေး

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၀၂၃ ခုနှစ် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပပြုလုပ်ရန် လျာထားဆောင်ရွက်လျက် ရှိပါကြောင်း၊ စိန်ရတု လွတ်လပ်ရေးနေ့သည် မိမိတို့နိုင်ငံအတွက် အလွန်ထူးခြားလေးနက်သည့် နေ့ထူးနေ့မြတ်ကြီး ဖြစ်သကဲ့သို့ ကြံ့တောင့်ကြံ့ခဲ ပါဝင်ဆောင်ရွက်ခွင့်ရမည် ဖြစ်သဖြင့် အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပဒေသာကပွဲအတွက် လိုအပ်သည့် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်သဖြင့် မိမိတို့နှင့်သက်ဆိုင်သည့် လုပ်ငန်းတာဝန်များကို ညှိနှိုင်းပေါင်းစပ်၍ အောင်မြင်အောင် ဆောင်ရွက်ပေးစေလိုကြောင်း၊ ပဒေသာကပွဲတွင် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်များ၊ ဖျော်ဖြေတင်ဆက်မှုအစီအစဉ်များဟူ၍ စနစ်တကျခွဲခြားရေးဆွဲ ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပြီး ပြည်သူများ စိတ်လက် အပန်းပြေစေရေးကို ဦးတည် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ပဒေသာကပွဲ အစီအစဉ်များတွင် ပြည်သူများအတွက် ပျော်ရွှင်စရာ၊ အပန်းပြေစရာများ ပါဝင်ရမည်ဖြစ်သကဲ့သို့ လွတ်လပ်ရေးနှင့်ပတ်သက်သည့် တွေးတောဆင်ခြင်စရာများလည်း ပါဝင်စေချင်ပါကြောင်း၊ ပဒေသာကပွဲကြီးကို ရုပ်ရှင်၊ ဂီတ၊ သဘင်နယ်ပယ်အသီးသီးမှ အနုပညာရှင်များ စုံစုံညီညီ ပါဝင်ဆင်နွှဲပေးစေချင်ကြောင်း၊ သို့ဖြစ်၍ တက်ရောက်လာသူ ပညာရှင်ကြီးများ၊ တာဝန်ရှိသူများက ပဒေသာကပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် လိုအပ်သောလုပ်ငန်းများကို အကြံပြုဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

### အကြံပြုဆွေးနွေး

ထို့နောက် (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က ပဒေသာကပွဲ ကျင်းပပြုလုပ်ရန် စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံ သဘင်အစည်းအရုံးတို့မှ တာဝန်ရှိသူများက လိုအပ်သည်များ အကြံပြုဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် မကွေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး ရုံးအဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနား တက်ရောက်



**မကွေး ဩဂုတ် ၂၈**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး ရုံးအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ အနော်ရထာလမ်း မင်းကံကြီးရပ်ကွက်ရှိ အဆိုပါ အဆောက်အအုံ၌ ကျင်းပသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနား အစီအစဉ် ပထမပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိန်ထွန်းနှင့် မကွေးတိုင်းဒေသကြီး ဝန်ကြီးများက ရုံးအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ညွှန်ကြားရေးမှူးရုံး ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ညွှန်ကြားရေးမှူးရုံး ရုံးအဆောက်အအုံသစ်နှင့် ရုံးအဆောက်အအုံ မြေညီထပ်တွင် ခင်းကျင်းပြသထားသည့် တိုင်းရင်းသားပုံပြ ပုံပြင်စာအုပ်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယပိုင်းကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် ဖွင့်လှစ်သည့် ညွှန်ကြားရေးမှူးရုံး ရုံးအဆောက်အအုံသည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ (၁၃) ရုံးမြောက်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့် သမိုင်းအမွေအနှစ်တို့ကို ထိန်းသိမ်းမြှင့်တင်ခြင်း၊ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှု နည်းပါးသည့် တိုင်းရင်းသားလူမျိုးများ၏ လူမှုဘဝမြင့်မားရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေးစသည့်လုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးကို ဦးတည်ချက်ထားရှိပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၏ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ယခုဖွင့်လှစ်လိုက်သည့် ညွှန်ကြားရေးမှူးရုံးသည် မကွေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားများအားလုံးနှင့် သက်ဆိုင်သည့်ရုံးဖြစ်သည့်အတွက် ဒို့တာဝန်အရေး (၃) ပါးကို မထိခိုက်စေဘဲ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များအနေဖြင့် မိမိတို့၏ နေ့ထူးနေ့မြတ် အခမ်းအနားများ၊ ဆွေးနွေးပွဲများနှင့် တိုင်းရင်းသားများ၏ အရေးကိစ္စများကို ဤရုံး၌ လွတ်လပ်စွာ လာရောက်ကျင်းပဆွေးနွေးနိုင်ပါကြောင်း၊ ထို့ပြင် ဝန်ကြီးဌာနအသစ်ဖြစ်သည့်အတွက် ဝန်ထမ်းများ၏ အခက်အခဲများကိုလည်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဆက်လက် ကူညီပံ့ပိုးပေးစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်တို့က အမှာစကား ပြောကြားကြသည်။

### ဂုဏ်ပြုအမှာစကားပြောကြား

ထို့နောက် မကွေးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးထွန်းခင်က ဝမ်းမြောက်ကြောင်း ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများကို ရုံးဖွင့်ပွဲ အထိမ်းအမှတ် အမှတ်တရလက်ဆောင်များ ပေးအပ်ကာ မကွေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များကို ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





**၂၀၂၂ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်**

- ❖ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

# ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်မှ ၂၀၂၂ခုနှစ် ဩဂုတ်အထိ အလုပ်အကိုင်အခွင့်အလမ်း ၇၄၅၈ဦး ဖန်တီးပေးနိုင်ခဲ့

**ပဲခူး ဩဂုတ် ၂၈**

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေမည့် CMP လုပ်ငန်းများကို အဓိကထား ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သော ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး ဆောင်ရွက်နိုင်သည့်အပြင် Wind Turbine Energy ကိုလည်း ဆောင်ရွက်နိုင်ကြောင်း ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက ကျင်းပသည့် ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး (၇/၂၀၂၂) တွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

ဆက်လက်၍ စက်မှုနယ်မြေများတွင် မြေကွက်လွတ်မရှိအောင် စက်ရုံ/ အလုပ်ရုံများ ရင်းနှီးမြှုပ်နှံနိုင်ရေးကို တွန်းအားပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်းအသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ ဆက်လက်ရပ်တည်ရှင်သန်နိုင်ရေးအတွက် လိုအပ်သော နည်းပညာနှင့် ချေးငွေရရှိရေးပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးက Myanmar Husheg Yanshili အထည်ချုပ်စက်ရုံ တည်ဆောက်ရေးကာလ တိုးမြှင့်ခြင်း၊ Huishun (Myan) Industrial Co., Ltd ၏ စက်ရုံငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်းအတွက် တည်ဆောက်ရေးကာလတိုးမြှင့်ခြင်း၊ Brew Master Co., Ltd ၏ ဘီယာစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းအတွက် တည်ဆောက်ရေး ကာလတိုးမြှင့်ခြင်းနှင့် Wiawis Myanmar Co., Ltd ၏ ကုန်ကြမ်းပစ္စည်းအသစ်ထပ်မံတင်သွင်းခြင်းဆိုင်ရာများကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသည့် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဝင်များက အကြံပြု ဖြည့်စွက်တင်ပြခဲ့မှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ တင်ပြချက်များအရ ပဲခူးတိုင်းဒေသကြီးတွင်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဩဂုတ်အထိ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၂၃ ဒသမ ၇၁၂ သန်းနှင့် မြန်မာကျပ်ငွေ ၉၅၂၉ ဒသမ ၁၅ သန်း ဝင်ရောက်ခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်း ၇၄၅၈ ဦး ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း မော်လမြိုင်- ကျိုက်မရော လမ်းမကြီး အဆင့်မြှင့်တင်တိုးချဲ့နေမှု ကြည့်ရှုစစ်ဆေး

**မော်လမြိုင် ဩဂုတ် ၂၈**

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက မော်လမြိုင်- ကျိုက်မရော ကားလမ်းမကြီးပေါ်ရှိ ပြည်နယ်လမ်းဦးစီးဌာနက အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိသည့် ပေ ၅၀၊ ၃ ပေ Box Curvet တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဖောက်လုပ်နေသည့် မော်လမြိုင်မြို့ ပွတ္တလူးကုန်းရွာ အဝင်လမ်း (၀/ ၆ မိုင်)၊ ၁၂ ပေ အကျယ်မှ ၂၄ ပေအကျယ်ကတ္တရာလမ်း တိုးချဲ့အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက လမ်းအရှည် ပွတ္တလူးကုန်း ရွာအဝင်လမ်းအား မော်လမြိုင်- ကျိုက်မရော လမ်းမကြီးနှင့် ချိတ်ဆက်ဖောက်လုပ်ထားရှိမှု၊ ၂၀၂၂- ၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၈၇ ဒသမ ၉ သန်းဖြင့် မူလလမ်း အကျယ် ၁၂ပေမှ ၂၄ ပေ အကျယ် (၀/ ၆ မိုင်) ကတ္တရာလမ်း တိုးချဲ့အဆင့်မြှင့်တင် ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လမ်းအရည်အသွေး ပြည့်မီစေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မော်လမြိုင်မြို့ ရိုးဂိုးကျေးရွာတွင် ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြစိုက်ကွင်း မိုးစပါး (ပေါ်ဆန်းရင်) မျိုးစေ့ထုတ်ကွက်ဧက ၃၀ စိုက်ပျိုးထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးက မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် နွေစပါးလျာထားစိုက်ပျိုးမည့်အခြေအနေကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသဝမ်းစာဖူလုံမှုရှိစေရေး အလေးထား စိုက်ပျိုးရန်၊ မျိုးစပါး၊ ဓာတ်မြေဩဇာ၊ စိုက်ပျိုးရေးသွင်းအားစုများအတွက် စိုက်ပျိုးစရိတ်ချေးငွေလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး အားလုံးဝိုင်းဝန်းဆောင်ရွက်ပေးကြရန် မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒေသခံ တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ သဘာဝမြေဩဇာအပါအဝင် အခြားလိုအပ်သည့် ဓာတ်မြေဩဇာများကိုလည်း တောင်သူများ ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးသီးနှံများ အထွက်နှုန်းကောင်းမွန်စေရေး ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားကာ တောင်သူများက လိုအပ်သည်များအား တင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပေါက်မြို့နယ်အတွင်း ပေါက်မြောက်ပိုင်း(၁) ကြိုးပြင်ကာကွယ်တောသတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ခုနှစ်၊ သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ-(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၃၈၁၇ ဧကရှိသော နယ်မြေကို **"ပေါက်မြောက်ပိုင်း(၁) ကြိုးပြင်ကာကွယ်တော"** အဖြစ် အမိန့်ကြော်ငြာစာ အမှတ် (၁၃၀/၂၀၂၂) အရ ၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက် ၂၀၂၂ခုနှစ် ဩဂုတ်လ ၂၆ ရက်မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။



ပေါက်မြောက်ပိုင်း (၁) ကြိုးပြင်ကာကွယ်တော ဧရိယာအတွင်းသစ်တောပြုစု ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် သစ်တောဖုံးလွှမ်းမှုဧရိယာ တိုးပွားလာစေရန်၊ ဒေသခံပြည်သူများအတွက် သစ်နှင့်သစ်တောထွက် ပစ္စည်းများ စနစ်တကျ ပိုမိုထုတ်ယူနိုင်စေရန်၊ ရာသီဥတုမျှတစေရန်နှင့် အနောက်ဘက်နှင့် အနောက်မြောက်ဘက် ပုံတောင်ပုံညာဒေသရှိ သစ်တောကြိုးဝိုင်းများအတွက် ဤကာကွယ်တောအား ကြားခံသစ်တောနယ်မြေအဖြစ်တည်ထောင်ထားရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ် တောအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။

ပေါက်မြောက်ပိုင်း(၁) ကြိုးပြင်ကာကွယ်တောအတွင်း ပျဉ်းကတိုး၊ အင်ကြင်း၊ ရင်းမာ၊ ထောက်ကြံ့၊ သစ်ယာ စသည့်အဖိုးတန်သစ်မျိုး များအပြင် အင်၊ ရှား၊ တယ်၊ သန်း၊ ဇွေ့နီ၊ နဘဲ၊ ဖန်ခါး၊ ဆီးဖြူ၊ လက်ပံ၊ သစ်စေး စသည့်သစ်မျိုးများ ရောနှောပေါက် ရောက်လျက်ရှိခြင်း၊ ချေ၊ တောခွေး၊ တောကြောင်နှင့် သမင် စသည့်တိရစ္ဆာန်များနှင့် သစ်တောက်ငှက်၊ ငုံး၊ ခါ၊ ချိုး စသည့် ငှက်မျိုးများ ကျက်စားရာဒေသဖြစ်ခြင်းနှင့် ဥပဒေများနှင့်အညီ စနစ်တကျ ထိန်းသိမ်းစီမံအုပ်ချုပ်ရန် လိုအပ်ခြင်းတို့ကြောင့် ကြိုးပြင် ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာခြင်း ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ စမ်းဝတီသဘာဝမြေသြဇာစက်ရုံအား ကြည့်ရှုလေ့လာ



**နေပြည်တော် ဩဂုတ် ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြီးမှူးပြုလုပ်ခဲ့သော ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့် တောင်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးမှ ရေအသုံးချရေးအဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင် ၆၆ ဦးတို့သည် ယမန်နေ့မွန်းလွဲပိုင်းက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေသြဇာ ထုတ်လုပ်ရေးသမဝါယမအသင်းမှ ဆောင်ရွက်နေသော စမ်းဝတီသဘာဝမြေသြဇာစက်ရုံသို့ လာရောက်လေ့လာကြရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးက သဘာဝမြေသြဇာထုတ်လုပ်ရေး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များ၊ စမ်းဝတီသဘာဝမြေသြဇာစက်ရုံ ပေါ်ပေါက်လာပုံ၊ သမဝါယမအသင်းများနှင့် ချိတ်ဆက်၍ လယ်ထွန်စက်များနှင့် သဘာဝမြေသြဇာများ ဖြန့်ဖြူးရောင်းချနေမှု အခြေအနေ၊ ရှမ်းပြည်နယ်သမဝါယမ အသင်းစုချုပ်၏ အင်းလေးကန်မှ ဗေဒါအခြေခံ သဘာဝမြေသြဇာထုတ်လုပ်နေခြင်းနှင့် ရပ်စောက်မြို့နယ် သမဝါယမအသင်းစု၏ စွန့်ပစ်ကြက်ချေးမှ သဘာဝမြေသြဇာထုတ်လုပ်နေမှုများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေသြဇာထုတ်လုပ်ရေးသမဝါယမအသင်း ဥက္ကဋ္ဌ ဦးမျိုးထက်ဝင်းက သဘာဝမြေသြဇာထုတ်လုပ်ပုံအဆင့်ဆင့်ကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက တောင်သူများ သိမှတ်ဖွယ်ရာ စိုက်ပျိုးရေး နည်းပညာများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် နွားမွေးမြူရေးခြံသို့ သွားရောက်လေ့လာကြည့်ရှုကြသည်။ ဆက်လက်၍ စမ်းဝတီသဘာဝမြေသြဇာစက်ရုံမှ ထုတ်လုပ်ပုံအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့်အဖွဲ့သည် ယင်းနေ့ ညနေပိုင်းတွင် တပ်ကုန်းမြို့နယ် ငွေးပင်စံပြကျေးရွာသို့ ရောက်ရှိပြီး GW 11 စပါးမျိုးအား အစေ့ချစနစ်၊ ကြဲပက်စနစ်၊ ပျိုးထောင်စနစ်တို့ဖြင့် စမ်းသပ်စိုက်ပျိုးထားသည့် စံပြကွက်များရှိ တစ်လသားစပါးပင်များ၏ စိုက်ပျိုးဖြစ်ထွန်းနေမှု အခြေအနေကို တောင်သူများနှင့်အတူ လိုက်လံကြည့်ရှုခဲ့ကြပြီး လိုအပ်သည်များ ညှိနှိုင်းမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားနိုင်ကြောင်း အသိပေးနှိုးဆော်ခြင်း

၁။ ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ် (သို့မဟုတ်) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်တစ်ခုခုသို့ ပထမဦးစားပေးလျှောက်ထားလိုသူများအနေဖြင့် တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့မှ ထုတ်ပေးသည့် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်တွင် ဖော်ပြပါရှိသည့် လမ်းညွှန်ချက်အတိုင်း တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည့် ပုံစံစာအိတ်ဖြင့် သတ်မှတ်ထားသော တက္ကသိုလ်(၂၆)ခုသို့ (၂-၉-၂၀၂၂) ရက်နေ့အထိ လျှောက်ထားနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ လျှောက်ထားသူများသည် အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားနိုင်ကြောင်း ကြေညာချက်အား ပညာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များသို့ ဝင်ခွင့်ရွေးချယ်ရေးကို တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်ပါအတိုင်း -

(က) ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ရရှိခဲ့သည့် (၆) ဘာသာရမှတ်ပေါင်းကို အခြေခံပြီး (အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ဇီဝဗေဒ) (၃)ဘာသာရမှတ်ပေါင်း အများ/အနည်းပေါ် မူတည်၍ ပဏာမရွေးချယ်မည်ဖြစ်ပါသည်၊

(ခ) ပဏာမရွေးချယ်ခံထားရသူများအနေဖြင့် လူတွေ့နှုတ်မေးစာမေးပွဲကို ဖြေဆိုရမည်ဖြစ်ပြီး စိတ်ပိုင်းဆိုင်ရာဆန်းစစ်ခြင်း (ရေးဖြေ) စာမေးပွဲကိုလည်း ဖြေဆိုရမည်ဖြစ်ပါသည်၊

(ဂ) (၃)ဘာသာပေါင်းရမှတ်နှင့် လူတွေ့နှုတ်မေးစာမေးပွဲတို့၏ စုစုပေါင်းရမှတ်အပေါ် မူတည်၍ ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များအတွက် ဝင်ခွင့်ရရှိသူများကို အပြီးသတ်ရွေးချယ်သွားမည်ဖြစ်ပါသည်၊

(ဃ) လူတွေ့နှုတ်မေးစာမေးပွဲဖြေဆိုရမည့်နေ့ရက်နှင့် ခုံအမှတ်များ၊ ဖြေဆိုရမည့်နေရာများကို စာမေးပွဲမကျင်းပမီ နိုင်ငံပိုင်သတင်းစာများနှင့် ရုပ်မြင်သံကြားတို့တွင် ကြိုတင်အသိပေးကြေညာသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့ လျှောက်ထားရာတွင် ဝင်ခွင့်မရရှိပါက တက္ကသိုလ်ဝင်ခွင့် ဆုံးရှုံးမှုမဖြစ်စေရန်အတွက် သင်တန်းရွေးချယ်မှု ကတ်ပြားတွင် ဖော်ပြထားသော ဦးစားပေးအစီအစဉ်အတိုင်း ပြည့်စုံစွာဖော်ပြလျှောက်ထားရန် လိုအပ်ပါကြောင်းနှင့် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်ကို သေချာစွာဖတ်ရှုပြီး ဝင်ခွင့်လျှောက်ထားရန်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**
**(၂၈-၈-၂၀၂၂)**

---

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၄/ ၂၀၂၂)ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဩဂုတ် ၂၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် (၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆) ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း သင်တန်းအပတ်စဉ်(၄/၂၀၂၂) အား (၅-၉-၂၀၂၂) ရက်နေ့မှ (၁၄-၁၀-၂၀၂၂) ရက်နေ့အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/ အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ အသိပေးထားသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ရန်ကုန်)** အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)** အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)** ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)** အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း- ၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)** အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)** ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)** အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)** မေယုလမ်း (လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရွှာင်)** အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ၊ ရွှာင်မြို့၊ ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)** အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**သတင်းစဉ်**

---

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**





# ရန်ကုန်တိုင်းဒေသကြီး (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(တိုင်းအဆင့်)ပြိုင်ပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ

ရန်ကုန် ဩဂုတ် ၂၈

**ရန်ကုန်တိုင်းဒေသကြီး ၂၀၂၂ ခုနှစ် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (တိုင်းအဆင့်)ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့ နံနက် ၉ နာရီမှ စတင်၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ (MCC) ခန်းမရှိ သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပသည်။**

နံနက်ပိုင်းတွင် ပြိုင်ပွဲအကဲဖြတ် ပညာရှင်ဒိုင်အဖွဲ့သည် သတ်မှတ်နေရာများတွင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအကဲဖြတ်အမှတ်များပေးကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်မျိုးဆက်သစ်များနှင့် မိသားစုဝင်များ၊ အနုပညာချစ်မြတ်နိုးသူပြည်သူများ လာရောက်ကြည့်ရှု အားပေးကြသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဗိုလ်ဌေး၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်နှင့် တာဝန်ရှိသူများသည် အဆိုပြိုင်ပွဲ ဘာသာရပ်တွင် အမျိုးဂုဏ်၊ ဇာတိဂုဏ်သူငွေးဝါဒနှင့် သီတာရတနာတေးသီချင်းတို့ဖြင့် ဝါသနာရှင် အမျိုးသား၊ အမျိုးသမီး ဒုတိယတန်းအဆင့် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကိုလည်းကောင်း **(အပေါ်ပုံ)**၊ အရေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ရေးသားထားသည့် သီချင်းစာသားများကို သံစဉ်ထည့်၍ ဝါသနာရှင် ဒုတိယတန်းအဆင့် ပြိုင်ပွဲဝင်များ သီဆိုယှဉ်ပြိုင်နေမှုကို လည်းကောင်း၊ အတီးပြိုင်ပွဲ ဘာသာရပ်တွင် ဝါသနာရှင် ဒုတိယတန်းအဆင့် မယ်ဒလင်အတီးပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြပြီး ဒိုင်အဖွဲ့များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယနေ့ ဒုတိယနေ့တွင် ပြိုင်ပွဲဝင်များသည် အဆိုပြိုင်ပွဲဘာသာရပ်၌ မဟာဂီတ၊ အမျိုးဂုဏ် ဇာတိဂုဏ်နှင့် ခေတ်ဟောင်း၊ ကာလပေါ်တေးသီချင်းများဖြင့်လည်းကောင်း၊ အတီးပြိုင်ပွဲဘာသာရပ်၌ နှဲ၊ ပလွေ၊ တယော၊ မယ်ဒလင်၊ ဂီတာ၊ ဒုံမင်းတို့ဖြင့် လည်းကောင်း၊ အရေးပြိုင်ပွဲဘာသာရပ်၌ ပြိုင်ပွဲဝင်များရေးသားခဲ့သည့် စာသားများကို သံစဉ်များထည့်ကာ သီဆိုယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ကိုကိုဇော်(သတင်းစဉ်)**

## ၂၀၂၂ ခုနှစ်၊ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှု အနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

■ *ကျောဖုံးမှ*

မန္တလေးတိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်းမှ ဝါးနက်ဆင်စခန်း၏ ထိန်းသိမ်းရေး တာဝန်ခံ လက်ထောက်မန်နေဂျာ ဦးတိုးအောင်က ပြောသည်။

ခရီးသွားရာသီ ကာလရောက်ရှိတော့မည်ဖြစ်၍ ဝါးနက်ဆင်စီး အပန်းဖြေစခန်းသို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားများ လာရောက်လည်ပတ်ကာ ဆင်စီးပြီး သဘာဝတောတောင်ရှုခင်း အလှများကို ကြည့်ရှုခံစား အပန်းဖြေနိုင်စေရေးအတွက် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ခရီးသွားများအတွက် ဆောင်ရွက်ပေးရာတွင် တောင်တက်အတွေ့အကြုံရခြင်း၊ ဒုဋ္ဌဝတီမြစ်ကို အထက်အောက် မျက်စိတစ်ဆုံး ကြည့်ရှုခံစားခြင်း၊ ရွှေစာရံဘုရားနှင့် တံတားကို ဖူးမြော်မြင်တွေ့ရမည့်အပြင် မန္တလေးမြို့၏ ရှုခင်းအလှအပများကို အပေါ်စီးမှ ကြည့်ရှုခံစားနိုင်စေရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဝါးနက်ဆင်စီး အပန်းဖြေစခန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်နဲ့ ဧပြီ ၂၇ ရက်ကနေ စတင်ဖွင့်လှစ်ပေးကာ ဝန်ဆောင်မှုများပေးပြီး ဆောင်ရွက်နေပါတယ်။ စနေ၊ တနင်္ဂနွေမှာ ပြည်တွင်းခရီးသွား ဝင်ရောက်လည်ပတ် အပန်းဖြေသူတွေ ရှိပါတယ်။ ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လည်ပတ်ပြီး ဆင်စီးကာ သဘာဝတောတောင်ရှုခင်း အလှများနဲ့ အပန်းဖြေနိုင်စေဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ" ဟု ၎င်းကရှင်းပြသည်။

အဆိုပါ ဆင်စခန်းတွင် ဆင်အထီး သုံးကောင်နှင့် ဆင်အမငါးကောင် စုစုပေါင်း ရှစ်ကောင်ရှိကြောင်း၊ ဆင်ချစ်သူများမှ မွေးနေ့အလှူအဖြစ် Online မှ ဆင်စာကျွေးမွေးသူများ ရှိကြောင်း၊ ဆင်စီးအပန်းဖြေစခန်းတွင် ဆင်စီးပြီး သဘာဝရှုခင်းများ ကြည့်ရှုလိုသူများအတွက် ဝန်ဆောင်မှုဈေးနှုန်းများအနေဖြင့် ခရီးတိုလျှင် ငွေကျပ် ၃၀၀၀ နှင့် ခရီးရှည်လျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်အေးချမ်း**



## တွံတေးမြို့ အောင်ထွန်းချောင်းအတွင်း ငါးမျိုးများစိုက်ထည့်

ရန်ကုန် ဩဂုတ် ၂၈

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် သဘာဝမြစ်ချောင်းများအတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့စေရေးအတွက် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက အောင်ထွန်းကျေးရွာအနီးရှိ အောင်ထွန်းချောင်း၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းစီးဌာနမှူး ဦးတင့်လွင်၊ တောင်ပိုင်းခရိုင် ဦးစီးဌာနမှူး ဦးအေးနိုင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ငါးမျိုးစိုက် ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ တွံတေးငါးလုပ်စခန်းတာဝန်ခံနှင့် ဝန်ထမ်းများ တက်ရောက်ပြီး နှစ်လက်မအရွယ် ငါးမြစ်ချင်းကောင်ရေ ငါးသိန်းကို မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုင်းဆတ်-မိုင်းခုတ်သွား နမ့်ခမ်းချောင်းကူး ကွန်ကရစ်တံတား ပြိုကျပျက်စီးသဖြင့် ဘေလီတံတားသစ် တည်ဆောက်သွားမည်

**မိုင်းဆတ် ဩဂုတ် ၂၈**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဆတ်မြို့၌ ဩဂုတ် ၂၆ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ယမန်နေ့ နံနက်ပိုင်းက နမ့်ခမ်းချောင်းပေါ်တွင် တည်ဆောက် ထားသည့် အလျားပေ ၄၀၊ အနံ ၁၂ ပေရှိ မိုင်းဆတ်-မိုင်းခုတ်သွား နမ့်ခမ်းချောင်းကူး ကွန်ကရစ်တံတားသည် တောင်ကျရေများ တိုက်စားခြင်းကြောင့် ပြိုကျပျက်စီးခဲ့ကြောင်းသိရသည်။

နမ့်ခမ်းချောင်းကူး ကွန်ကရစ်တံတားကို ၁၉၉၈ ခုနှစ်တွင် တည်ဆောက်ထားခြင်း ဖြစ်ပြီး မိုးသည်းထန်စွာ ရွာသွန်းကာ တောင်ကျရေများ တိုက်စားခြင်းကြောင့် မိုင်းခုတ်ဘက်အခြမ်း ကမ်းကပ်ခုံပျက်စီး၍ ပြိုကျပျက်စီးခဲ့သဖြင့် ဘေလီတံတား အမြန်တည်ဆောက်သွားမည်ဖြစ်ကြောင်း ခရိုင်လမ်းဦးစီးဌာနမှ သိရသည်။



အဆိုပါ ဘေလီတံတား တည်ဆောက်နေစဉ် ကာလအတွင်း ပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် နယ်မြေခံတပ်မတော်သားများက ယမန်နေ့က ယာယီ ဝါးတံတား တည်ဆောက်ပေးခဲ့ရာ ယနေ့တွင် ခရီးသွားပြည်သူများ၊ ဒေသခံပြည်သူများနှင့် မော်တော်ဆိုင်ကယ်များ အဆင်ပြေစွာသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ (ဝဲပုံ)

**စန်းစန်းယဉ်(ပြန်/ဆက်)**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# ဆက်သွယ်ရေးဝန်ဆောင်မှုများ ဆောင်ရွက်ရာတွင် သုံးစွဲသူများ၏လိုအပ်ချက်များကို အလေးထားဖြည့်ဆည်းပေး

နေပြည်တော် ဩဂုတ် ၂၈

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် လူမွန် သည် ဩဂုတ် ၂၅ ရက်က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ စာတိုက်၊ အော်တိုအိတ်ချိန်း၊ မိုဘိုင်းစခန်းများကို ထိန်းချုပ်သည့် စက်ခန်းနှင့် SEA-ME-WE-5 ရေအောက်ဖိုင်ဘာကေဘယ်လ်စခန်းများ၏ လုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။**



ဩဂုတ် ၂၆ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ပုသိမ်မြို့ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တိုင်းဒေသကြီး မန်နေဂျာရုံး စုပေါင်းခန်းမ၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် မြန်မာ့စာတိုက်လုပ်ငန်းတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ နိုင်ငံတော်အစိုးရနှင့် ဝန်ကြီးဌာန၏ မူဝါဒ၊ ရှေ့လုပ်ငန်းစဉ်များ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြုမူနေထိုင်ရေးတို့ကို ရှင်းလင်းပြောကြားခဲ့ပြီး ဝန်ထမ်းများအား စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ချောင်းသာမြို့ သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်းဆက်သွယ်ရေးစခန်း (GMDSS) တည်ဆောက်မည့်မြေနေရာတွင် အဆောက်အအုံ ဆောက်လုပ်မည့်အခြေအနေ၊ ရေရရှိမှု၊ လျှပ်စစ်မီးရရှိမှုနှင့် စခန်းသို့ ဝင်ရောက်ရန် လမ်းဖောက်လုပ်နိုင်ရေး အခြေအနေများကိုလည်းကောင်း၊ ချောင်းသာမြို့ရှိ အော်တိုအိတ်ချိန်းနှင့် စာတိုက်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ငွေဆောင်မြို့ရှိ အော်တိုအိတ်ချိန်း၊ စာတိုက်၊ AAE-1 ရေအောက်ဖိုင်ဘာ ကေဘယ်လ်စခန်းနှင့် Submarine Fiber Cable Beach Manhole တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စက်ပစ္စည်းတပ်ဆင်ထားရှိမှုနှင့် နည်းပညာဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး ညွှန်ကြားမှာကြားသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၂၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပြည်တွင်း၊ ပြည်ပဆက်သွယ်ရေးဆက်ကြောင်းများအတွက် ချိတ်ဆက်ထားသော ဖိုင်ဘာဆက်ကြောင်းများ၊ စက်ပစ္စည်းများ တပ်ဆင်ထားရှိမှုနှင့် Call Center ဝန်ဆောင်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆက်ကြောင်းများနှင့် စက်ပစ္စည်းများ ချွတ်ယွင်းမှုကြောင့် ဆက်သွယ်မှုများ မပြတ်တောက်စေရေးအတွက် အရန်စနစ်များ စနစ်တကျစီမံထားရှိရေး၊ ဆက်သွယ်ရေး ဝန်ဆောင်မှုများ ဆောင်ရွက်ရာတွင် သုံးစွဲသူများ၏ လိုအပ်ချက်များကို အလေးထားဖြည့်ဆည်းပေးရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တီမောလက်စ်တေနိုင်ငံ၌ အရှေ့တောင်အာရှဆိုင်ရာ သတင်းမီဒီယာကောင်စီများ၏ Dili Dialogue Forum (DDF) ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၈**

၂၀၂၂ ခုနှစ် ဩဂုတ် ၂၅ ရက်နှင့် ၂၆ ရက်များတွင် တီမောလက်စ်တေနိုင်ငံနှင့် အရှေ့တောင်အာရှမှ ရင်ဆိုင်ကြုံတွေ့နေရသော သတင်းမီဒီယာ အခက်အခဲများ ဖိုရမ် (Media Challenges in Timor-Leste and Southeast Asia)ကို ကျင်းပရာ ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် တီမောလက်စ်တေနိုင်ငံများမှ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌများနှင့်အတူ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌကိုယ်စား ကောင်စီဝင် ဦးအေးချမ်း တက်ရောက်သည်။




ဦးအေးချမ်းသည် ဩဂုတ် ၂၂ ရက်တွင် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ပြီး ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ဩဂုတ် ၂၂ ရက်တွင် လည်းကောင်း၊ ဩဂုတ် ၂၃ ရက်တွင် ထိုင်းနိုင်ငံမှ အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံ Denpasar သို့ ၂၃ ရက်တွင်လည်းကောင်း ရောက်ရှိခဲ့သည်။ ဩဂုတ် ၂၄ ရက်တွင် ထိုင်း၊ ဖိလစ်ပိုင် ဥက္ကဋ္ဌများနှင့်အတူ တီမောလက်စ်တေနိုင်ငံသို့ရောက်ရှိခဲ့ပြီး ထိုနေ့ညနေတွင် အိမ်ရှင်နိုင်ငံက ဂါလာညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ ဩဂုတ် ၂၅ ရက်တွင် ဖိုရမ်၏ ပထမနေ့ကို ကျင်းပရာ တီမောလက်စ်တေနိုင်ငံ သမ္မတ ဒေါက်တာ ဟိုစေးရားမိုစ် အောတာ တက်ရောက်ပြီး မြန်မာအပါအဝင် တက်ရောက်လာသူများကို ရင်းနှီးလှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်သည်။

အဆိုပါ ဖိုရမ်တွင် မြန်မာနိုင်ငံမှ ဦးအေးချမ်းက မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပွားနေသော ဖြစ်စဉ်အမှန်များကို နိုင်ငံတကာမှ ပုဂ္ဂိုလ် ၂၀၀ ကျော်ရှေ့တွင် ကိန်းဂဏန်း အချက်အလက်များဖြင့် တိတိကျကျ ရှင်းလင်းတင်ပြခဲ့ရာ **(အောက်ဝဲပုံ)** ဖိုရမ်တစ်ခုလုံး၏ စိတ်ဝင်စားမှုအခံရဆုံး တင်ပြမှုဖြစ်ခဲ့သည်။ ထို့ပြင် တက်ရောက်လာသူများက ယခင် ၎င်းတို့သိရှိထားခဲ့သော နိုင်ငံတကာသတင်းမီဒီယာများ၏ မြန်မာနိုင်ငံနှင့် ပတ်သက်သည့် သတင်းတုသတင်းမှားများနှင့် ယခုဖိုရမ်တွင် တင်ပြမှုများ လုံးဝကွဲပြားနေသဖြင့် အံ့အားသင့်ရပါကြောင်း သုံးသပ် ပြောဆိုခဲ့ကြသည်။ (ဦးအေးချမ်း၏ တင်ပြမှုကို အရှေ့တီမော၏ တီဗွီမှ ဖိုရမ်တင်ဆက်မှုကို Live လွှင့်ခဲ့ရာ Facebook တွင် Dili Dialogue Forum အနေဖြင့် ကြည့်ရှုနိုင်သည်။)

မြန်မာကိုယ်စားလှယ် ဦးအေးချမ်းသည် ဩဂုတ် ၂၇ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေစွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေး

**နေပြည်တော် ဩဂုတ် ၂၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ တစ်စီးဖြင့် Mask ၉ ဒသမ ၉၉ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေး ကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန်ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**



❑ *ကျောဖုံးမှ*

အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင်အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျလက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံ ဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင် အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့ အသီးသီးတို့သို့ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပဟေဠိသဖွယ်ရှိနေသည့် သမိုင်းထဲက ဂျီနိုဆိုက်ပုစ္ဆာ

မိုးမြင့်

**မြန်မာသမိုင်းမှာ ဘယ်တုန်းကမှ မရှိခဲ့ဖူးတဲ့ လူမျိုး၊ ဘယ်တုန်းကမှ အသိအမှတ်မပြုခဲ့တဲ့ အသုံးအနှုန်းကိုမှ လူမျိုးလိမ်အမည်တပ်ပြီး မြန်မာပြည်တွင်းရေးကို အမေရိကန်တို့ ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက်ကြပြန်လေပြီ။ ထောင်ပေါင်းများစွာသော အပြစ်မဲ့ပြည်သူတွေကို လူမဆန်စွာ ရက်ရက်စက်စက် သတ်ဖြတ်ရာမှာ တိုက်ရိုက် ဒါမှမဟုတ် သွယ်ဝိုက်ပါဝင်ပတ်သက်ခဲ့ကြသူတွေကို အရေးယူရတဲ့ အကြမ်းဖက်နှိမ်နင်းရေးအမျိုးမျိုးကို အထောက်အထားမဲ့ဝေဖန်နေတဲ့ ကမ္ဘာ့ပွဲကြီးရဲ့ မရိုးနိုင်တဲ့ အကြမ်းဖက်အားပေးပုံစံတစ်မျိုးလို့ပဲ ဆိုရပါလိမ့်မယ်။**

### နိုင်ငံရေးအရ တစ်ဖက်သတ် ဖိအားပေးခြင်း တစ်မျိုးသာ

မြန်မာနိုင်ငံမှာ လူမျိုးတုံးသတ်ဖြတ်ခြင်း ၅ နှစ်ပြည့် အထိမ်းအမှတ်ဆိုပြီး မြန်မာနိုင်ငံ ပြည်တွင်းရေး အခြေအနေတချို့နဲ့ အချိန်ကိုက်ထုတ်ပြန်ခဲ့တဲ့ နိုင်ငံခြားရေးဝန်ကြီး အန်တိုနီ ဂျေဘလင်ကန်ရဲ့ အဓိပ္ပာယ်မဲ့ ပြောဆိုဝေဖန်ချက်တွေဟာ မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေအပေါ် အစဉ်တစိုက် မပြောင်းလဲတဲ့ နိုင်ငံရေးအရ ဖိအားပေး သက်သက်တစ်ခုပါပဲ။ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ စစ်ရေးအရ၊ မီဒီယာသဘောအရ လျှို့ဝှက်တစ်ဖုံ အဖျက်အမှောင့်တစ်မျိုး နိုင်ငံတကာမှာ ပတ်မွှေနေတဲ့ ဖိအားပေးမှုမျိုးစုံအနက်က တစ်ခုမဟုတ်တစ်ခုပါပဲ။ ကြားဖူးနေကျ စကားလုံးတွေနဲ့ တွေ့ဖူးနေကျအသုံးအနှုန်းတွေဟာ ယခင့်ယခင် စွပ်စွဲချက်တွေ အတိုင်းပါပဲ။ “မြန်မာစစ်တပ်”၊ “ရက်စက်ကြမ်းကြုတ်”၊ “ကျေးရွာတွေကို ဖျက်ဆီး”၊ “နှိပ်စက်ကလူပြု”၊ “အကြမ်းဖက်ကျူးလွန်”၊ “ထောင်ပေါင်းများစွာသော”၊ “အမျိုးသားအမျိုးသမီး ကလေးသူငယ်တွေ သတ်ဖြတ်ခံရ”၊ “အိုးအိမ်တွေကိုစွန့်ခွာထွက်ပြေးရ” စသည် စသည်ဖြင့်ဇာတ်နာအောင်လုပ်ပြီး အနှစ်သာရအားဖြင့် အပြောင်းအလဲမရှိ မရိုးနိုင်တဲ့ စကားလုံးတွေနဲ့ စွက်ဖက်၊ ဘက်လိုက် တစ်ဖက်သတ် ဆန်နေဆဲဆိုတာ တွေ့ရပါတယ်။

### ကြိုတင်အကွက်ဆင်ဖန်တီးခဲ့ကြတဲ့ အခြေအနေမှန်

ဒီလောက်တစ်ဖက်သတ်ဆန်လွန်းတဲ့ နိုင်ငံကြီးရဲ့ စွပ်စွဲခံရတဲ့ နိုင်ငံငယ်တစ်နိုင်ငံအနေနဲ့ သူ့ပြည်တွင်းရေးကိစ္စ၊ သူ့လုံခြုံရေးကိစ္စ၊ ရက်စွဲအတိအကျနဲ့ ပြောရရင် ၂၅-၈-၂၀၁၇ ရက်နေ့ ကိုဖီအာနန်အစီရင်ခံစာ စတင်တဲ့နေ့ကစပြီး ရခိုင်ပြည်နယ်မှာ ARSA အကြမ်းဖက်အဖွဲ့က လုံခြုံရေးစခန်း ၃၀ နဲ့ တပ်ရင်းဌာနချုပ်တစ်ခုကို တစ်ပြိုင်နက် တိုက်ခိုက်ခဲ့တာကို မြန်မာ့တပ်မတော်အနေနဲ့ ကိုယ့်ပြည်သူတွေရဲ့ လုံခြုံရေး၊ ကိုယ့်နယ်မြေတည်ငြိမ်အေးချမ်းရေး အတွက် လိုအပ်သလို အရေးယူတုံ့ပြန်တိုက်ခိုက်ခဲ့ရခြင်းသာ ဖြစ်ပါတယ်။ ဒီလို တိုက်ခိုက်ရာမှာလည်း တည်ဆဲဥပဒေစည်းမျဉ်းစည်းကမ်းတွေနဲ့အညီသာ လုပ်ခဲ့ကိုင်ခဲ့ရပါတယ်။ ကိုယ့်ဘက်က ပြန်လည် တုံ့ပြန်တိုက်ခိုက်လို့ ARSA အကြမ်းဖက်အဖွဲ့တွေ ပြန်လည်ဆုတ်ခွာတဲ့အခါမှာ ဘင်္ဂါလီနေအိမ်တွေကို ARSA အကြမ်းဖက်တွေကိုယ်တိုင် မီးရှို့ဖျက်ဆီးခဲ့ကြပါတယ်။ ဒါကို မြန်မာလုံခြုံရေးအဖွဲ့တွေကပဲ မီးရှို့သယောင်ယောင် အကွက်ဆင်ဖန်တီးခဲ့ကြပြန်တယ်။ ဖြစ်စဉ်ကြီးတစ်ခုလုံးကို International Crisis Group (ICG)က စောင့်ကြည့်၊ Human Right Watch (HRW) က မီးထိုး၊ နိုင်ငံတကာမီဒီယာအစုံကလည်း ဘေးတီးသတင်းဖြန့် ဝိုင်းလော်ခဲ့ကြပါတယ်။ ဒီလိုဒီအချိန်မှာ ပြည်တွင်းနေ ဘင်္ဂါလီတွေကို တစ်ဖက်နိုင်ငံထဲ ထွက်ပြေးအောင် ရည်ရွယ်ချက်ရှိရှိနဲ့ ကြိုတင်စီမံဖန်တီးမှုအောက်မှာ ဘင်္ဂါလီတွေဟာ တစ်ဖက်နိုင်ငံထဲ ထွက်ပြေးခြင်းဖြင့် အချိန်ကိုက်ဇာတ်ရှိန်တက်အောင် ဝိုင်းဝန်းလုပ်ကြံကျူးသွင်းခဲ့ကြခြင်းသာ ဖြစ်တယ်ဆိုတာ တွေ့ရှိရပါတယ်။

### နောက်ကွယ်ကဖြစ်နိုင်ခြေအကြောင်းရင်းများ

ဒါပေမယ့် သူတို့စွပ်စွဲပြောသလို ဘင်္ဂါလီ ထွက်ပြေးတဲ့အရေးအတွက်၊ သတ်ဖြတ်ခံရတယ်ဆိုတဲ့ အရေးအတွက်ဟာ မှန်ကန်တိကျမှုမရှိတဲ့ ချဲ့ကားကိန်းဂဏန်းတွေနဲ့ မှားယွင်းတဲ့ သတင်းအချက်အလက်တွေကို အခြေခံထားခြင်းသာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အရေးဟာ ထိုအချိန်၊ ထိုကာလက စပြီး မြန်မာနိုင်ငံကို ပြည်ပကရော ပြည်တွင်းကပါ ဝိုင်းဝန်းလုပ်ကြံကြဖို့ ကြိုတင်အကွက်ချ ဖန်တီးထားတဲ့ အခင်းအကျင်းတစ်ခုအောက်မှာ ကံမကောင်းစွာဘဲ ယနေ့ထိတိုင် ရင်ဆိုင်ဖြေရှင်းနေရတာ ဖြစ်ပါတယ်။ သူတို့ ဘာကြောင့်များ သမိုင်းအထောက်အထား ဘာမှမရှိတဲ့ လူမျိုးတစ်မျိုးကို အသုံးချပြီး မြန်မာပြည်သူတွေကို စော်ကားနေရပါသလဲ။ အကြောင်းတော့ရှိပါလိမ့်မယ်၊ မရှိတဲ့လူမျိုးအမည်နဲ့ အထောက်အထားမဲ့ ဘင်လူမျိုးတွေကို နေရာပေးမိရင် တစ်ချိန်မှာကိုယ်ပိုင်နယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေဆိုတာ ဖြစ်လာမှာ သေချာပါတယ်၊ သီးခြားနိုင်ငံအထိ ဖန်တီးယူကြပါလိမ့်မယ်။

**“ ရက်စွဲအတိအကျနဲ့ ပြောရရင် ၂၅-၈-၂၀၁၇ ရက်နေ့ ကိုဖီအာနန်အစီရင်ခံစာ စတင်တဲ့နေ့ကစပြီး ရခိုင်ပြည်နယ်မှာ ARSA အကြမ်းဖက်အဖွဲ့က လုံခြုံရေးစခန်း ၃၀ နဲ့ တပ်ရင်းဌာနချုပ်တစ်ခုကို တစ်ပြိုင်နက် တိုက်ခိုက်ခဲ့တာကို မြန်မာ့တပ်မတော်အနေနဲ့ ကိုယ့်ပြည်သူတွေရဲ့ လုံခြုံရေး၊ ကိုယ့်နယ်မြေတည်ငြိမ်အေးချမ်းရေး အတွက် လိုအပ်သလို အရေးယူတုံ့ပြန်တိုက်ခိုက်ခဲ့ရခြင်းသာ ဖြစ်ပါတယ်။ ဒီလို တိုက်ခိုက်ရာမှာလည်း တည်ဆဲဥပဒေစည်းမျဉ်းစည်းကမ်းတွေနဲ့အညီသာ လုပ်ခဲ့ကိုင်ခဲ့ရပါတယ်။ ကိုယ့်ဘက်က ပြန်လည် တုံ့ပြန်တိုက်ခိုက်လို့ ARSA အကြမ်းဖက်အဖွဲ့တွေ ပြန်လည်ဆုတ်ခွာတဲ့အခါမှာ ဘင်္ဂါလီနေအိမ်တွေကို ARSA အကြမ်းဖက်တွေ ကိုယ်တိုင်မီးရှို့ဖျက်ဆီးခဲ့ကြပါတယ်။ ဒါကို မြန်မာလုံခြုံရေးအဖွဲ့တွေကပဲ မီးရှို့သယောင်ယောင် အကွက်ဆင်ဖန်တီးခဲ့ကြပြန်တယ်”**

ဆက်တွေးရင်တော့... အကောင်အထည်အိပ်မက်တွေ အများကြီးရှိပါလိမ့်မယ်။ ဒါကြောင့်လည်း နိုင်ငံရဲ့ အနောက်ပိုင်းမှာ မတည်မငြိမ်ဖြစ်အောင်၊ မြန်မာလုံခြုံရေးတပ်ဖွဲ့ပုံရိပ်ကိုလည်း ကျဆင်းအောင် Genocide ဆိုတဲ့ အခင်းအကျင်းကို ကြိုတင်ပုံဖော်နေခြင်းသာ ဖြစ်နိုင်ပါတယ်။ အစိုးရတစ်ခုအနေနဲ့ လူနည်းစုတစ်ခုအပေါ်မှာ လူမျိုးတုံးဖိနှိပ်သတ်ဖြတ်နေတယ်၊ အစုလိုက်အပြုံလိုက် နေရာပြောင်းရွှေ့ဖိနှိပ်တာမျိုးလုပ်နေတယ်လို့ စွပ်စွဲပြီး နိုင်ငံတကာဥပဒေကိုအသုံးချ၊ တစ်ချိန်မှာ ခွဲထွက်ခွင့်ရအောင် လုပ်နေခြင်းလို့သာ ယူဆရမှာဖြစ်ပါတယ်။

ဒီကစားပွဲမှာ နောက်က တစ်မျိုး၊ ဘေးက တစ်မျိုး အမျိုးမျိုး ကြိုးကိုင်ခြယ်လှယ်နေကြတဲ့ အဓိက ဖန်တီးရှင်တွေကတော့ ဆရာကြီး OIC၊ လက်ညှိုးညွှန်ရာရေဖြစ်တဲ့ US နဲ့ CIA ၊ ဂျော့ဆိုးရော့စ်၊ OIC နဲ့ US ကြိုးဆွဲ UN ၊ EU နဲ့ UK ၊ ICG၊ ICJ၊ HRW၊ RFA၊ DVB စတဲ့ အဖွဲ့အစည်း၊ နိုင်ငံနဲ့ သတင်းဌာနအမျိုးမျိုးနဲ့ NGO၊ INGO မျိုးစုံ တွေ့ရမှာဖြစ်ပါတယ်။ ယခုလို အဖွဲ့စုံ သံပြိုင်စုံတီးခတ်ကြတဲ့ အရေးမှာ US ရဲ့ မဟာပြိုင်ဘက်၊ မြန်မာ့အိမ်နီးချင်း တရုတ်နိုင်ငံကြီးကို ထိန်းချုပ်ဖို့အတွက်လည်း ပါဝင်တယ်ဆိုတာ မေ့ထားလို့မရပါဘူး။ ဒါကြောင့်လည်း တရုတ်ရဲ့ နယ်စပ်ပင်လယ်ထွက်ပေါက်၊ မြန်မာနိုင်ငံအနောက်နဲ့ မြောက်ဘက်တစ်ကြောမှာ မတည်မငြိမ်ဖြစ်အောင် လုပ်ထားပြီး တရုတ်ရဲ့ မဟာဗျူဟာ ရေရှည်အကျိုးစီးပွားကို ပျက်ပြားအောင် ရည်ရွယ်ထားတယ်ဆိုတာ စဉ်းစားသင့်တဲ့ အချက်ဖြစ်ပါတယ်။

### ကိုယ့်သမိုင်းထဲက ဂျီနိုဆိုက်ကို မေ့နေကြပုံရ

လူမျိုးတုံးသတ်ဖြတ်မှု (Genocide) နဲ့ပတ်သက်လာရင် ကမ္ဘာ့ပုလိပ်ကြီးဘက်က သူနဲ့မတည့်တဲ့နိုင်ငံတွေအပေါ်မှာ တစ်ဖက်သတ်စွပ်စွဲတိုက်ခိုက်တာများပါတယ်။ ဒီမိုကရေစီနဲ့ လူသားတွေရဲ့ လူ့အခွင့်အရေးကို ရှေ့တန်းက ကြွေးကြော်လွန်းတော့လည်း အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်းတွေ၊ အိမ်ရာတွေကနေ မောင်းထုတ်ခြင်းတွေ၊ လူသားတွေအပေါ် ထင်ရာမြင်ရာဖိနှိပ်ရက်စက်ခြင်းတွေ စတဲ့ရက်စက်မှုတွေမှာ ထိုနိုင်ငံကြီးဘက်ကပဲ နတ္ထိကင်းရှင်းသယောင်ယောင်၊ မကျူးလွန်ခဲ့ဖူးသလိုလို ထင်မြင်စရာရှိနိုင်ပါတယ်။ အများကြီးလေ့လာစရာ မလိုပါဘူး၊ နည်းနည်းပါးပါး ကမ္ဘာ့သမိုင်းကို လှန်လှောလေ့လာဆန်းစစ်ကြည့်တာနဲ့ သိလာပါလိမ့်မယ်။ သမိုင်းမှာ အမေရိကန်တို့ ဂျီနိုဆိုက်ကျူးလွန်ခဲ့တဲ့ လူသိနည်းတဲ့ ဖြစ်ရပ်မှန်တွေကို ဆန္ဒရှိသလို စေလိုက်တိုင်းဖြစ်နေတဲ့ ယနေ့ခေတ်အမေရိကန်ခေါင်းဆောင်တွေ မေ့နေကြပုံရပါတယ်။

အမေရိကန်သမိုင်းအစမှာ အမေရိကန်စစ်တပ်ဟာ ဌာနေ ရက်အင်ဒီးယန်းတိုင်းရင်းသားတွေအပေါ်မှာ လူမဆန်တဲ့အမှုတွေကို ရက်ရက်စက်စက် ကျူးလွန်ခဲ့ကြဖူးပါတယ်။ အမေရိကန်တစ်ဦးတည်းလည်း မဟုတ်ပါဘူး၊ ဥရောပဘိုးအေ ကိုလိုနီခေါင်းဆောင်တွေလည်း ကျူးလွန်ခဲ့ကြဖူးတာပါ။ သူတို့ချင်းကျတော့ အပြန်အလှန် စွပ်စွဲကြတာပေါ့။ ၁၉၁၅ ခုနှစ်က ဖြစ်ခဲ့ဖူးတဲ့ အာမေးနီးယန်းတွေအပေါ် ကျူးလွန်ခဲ့တဲ့ တူရကီတွေကျူးလွန်တဲ့ ဂျီနိုဆိုက်ကို အမေရိကန်တို့ ဖော်ထုတ်ခဲ့ဖူးသလို အမေရိကန်လွတ်လပ်ရေးရပြီး ပြည်တွင်းစစ်ကာလမှာ ဖြစ်ခဲ့တဲ့ အမေရိကန် ဂျီနိုဆိုက် ကိုလည်း ကမ္ဘာ့သမိုင်းပညာရှင်တွေကတော့ အမြဲထောက်ပြလေ့ရှိကြပါတယ်။

### ဌာနေ ရက်အင်ဒီးယန်းတွေအပေါ် ကျူးလွန်ခဲ့မှုတွေ

ဂျီနီဗာကွန်ဗင်းရှင်းအရဆိုရင် နိုင်ငံတစ်ခု၊ နယ်မြေတစ်ခု၊ တိုင်းရင်းသားလူမျိုး တစ်မျိုးမျိုး၊ ဘာသာရေးအစုတစ်ခုလုံး ဒါမှမဟုတ် အစိတ်အပိုင်းတစ်ခုခုကို ရာဇဝတ်မှုမြောက်တဲ့ တိုက်ခိုက်ဖျက်ဆီးကျူးလွန်မှုကို ဂျီနိုဆိုက်အဖြစ်သတ်မှတ်ပါတယ်။ သမိုင်းအထောက်အထားများအရပဲ ပြောပါမယ်။ ၁၆၂၂ ခုနှစ်ကနေ ၁၇၇၅ ခုနှစ်အထိ တိုးချဲ့လာတဲ့ အမေရိကန်ကိုလိုနီ ၁၃ ခုမှာ ဌာနေအမေရိကန်တွေကို မောင်းထုတ်ပြီး နေရာယူသိမ်းပိုက်လာခဲ့တဲ့ နယ်ချဲ့သူဦးရေဟာ ၂၀၀၀ ကနေ ၂ ဒသမ ၄ သန်းအထိ တိုးပွားခဲ့တယ်လို့ ဆိုပါတယ်။ ၁၇၇၆ ခုနှစ် အမေရိကန် လွတ်လပ်ရေးရပြီးနောက်မှာ နိုင်ငံအနောက်ဘက်ကို ရွှေ့ပြောင်းအခြေချသူတွေကြောင့် ဌာနေလူမျိုးစု ခြောက်စုဟာ တိုက်ခိုက်ဖျက်ဆီးသိမ်းပိုက်ခံလိုက်ကြရပါတယ်။ ဖက်ဒရယ်ပုံစံအောက်မှာ ဌာနေအင်ဒီးယန်းတွေဟာ သားစဉ်မြေးဆက် ဆင်းဆင်းရဲရဲ နေထိုင်သွားကြရပါတယ်။ ထို့ထက်စောပြီး နယ်ချဲ့ခဲ့ကြတဲ့ ဥရောပတွေကြောင့် နိုင်ငံအနောက်ပိုင်းမှာနေထိုင်ကြတဲ့ လူသန်းပေါင်း ၁၀၀ လောက်ဟာ သတ်ဖြတ်ခံရခြင်း ဒါမှမဟုတ် အချိန်မတိုင်မီ သေဆုံးကြရခြင်း တစ်ခုမဟုတ်တစ်ခု ကြုံခဲ့ကြရပါတယ်။ အမေရိကန်မှာ ယခုလို နယ်နိမိတ်သတ်သတ်မှတ်မှတ်ရှိလာတဲ့ကာလ ၁၄၉၂-၁၉၀၀ ခုနှစ် အကြားမှာတင် ဌာနေတိုင်းရင်းသား ၁၂ သန်းခန့်ဟာ အကြောင်းအမျိုးမျိုးနဲ့ သတ်ဖြတ်ခြင်း ခံခဲ့ကြရပါတယ်။ ဒီအချက်အလက်တွေက အမေရိကန်ပြည်တွင်းမှာ ကျူးလွန်ခဲ့ကြတဲ့ ဂျီနိုဆိုက်ကိစ္စတွေ ဖြစ်ပါတယ်။

### အရပ်သားသေဆုံးမှုစစ်ပွဲတွေမှာ ပါဝင်ပတ်သက်ခဲ့မှုများ

နောက်ထပ် ၁၈၉၉ ခုနှစ်ကနေ ၁၉၀၂ ခုနှစ်အထိ ဖြစ်ပွားခဲ့တဲ့ အမေရိကန်စစ်တပ် ကျူးကျော်မှုကြောင့် ဖြစ်ခဲ့ရတဲ့ အမေရိကန်- ဖိလစ်ပိုင် ပြည်တွင်းစစ်မှာလည်း ဖိလစ်ပိုင်အရပ်သား ၂၀၀၀၀၀ ခန့်ဟာ တိုက်ခိုက်မှုတွေကြောင့်၊ အငတ်ဘေး၊ ရောဂါဘေးတွေကြောင့် သေဆုံးခဲ့ကြရပါတယ်။ ကမ္ဘာ့သမိုင်းမှာ အမေရိကန်စစ်တပ်ကြောင့် ကမ္ဘာ့ပြည်သူတွေ သေကျေခံစားခဲ့ကြရတာ မနည်းမနောရှိခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်ပြီးခါနီး ဂျပန်မြို့ကြီး နှစ်ခုအပေါ် နှစ်ကြိမ် အမေရိကန်လေတပ်ရဲ့ အညှာအတာကင်းမဲ့စွာနဲ့ အဏုမြူဗုံးကြဲချခဲ့မှုကြောင့် အပြစ်မဲ့အရပ်သား ၂၄၀၀၀ ခန့်သေခဲ့ရတဲ့ အဖြစ်အပျက်ဟာလည်း အကျိုးဝင်ထင်ရှားခဲ့ပါတယ်။ ၁၉၅၀ ကနေ ၁၉၅၃ ခုနှစ်အထိ ဖြစ်ပွားခဲ့တဲ့ ကိုရီးယားစစ်ပွဲအတွင်းမှာ တောင်နဲ့ မြောက်ကိုရီးယားအရပ်သားပေါင်း နှစ်သန်းငါးသိန်းခန့် သေဆုံးကြရမှုမှာ အမေရိကန်စနက် မကင်းခဲ့ပါဘူး။

တစ်ဖန် အရှေ့တောင်အာရှကို နယ်ချဲ့ချင်လို့ ဗီယက်နမ်ပြည်တွင်းစစ်မှာ တိုက်ရိုက်ပါဝင်ပတ်သက်ခဲ့တဲ့

*စာမျက်နှာ ၁၁ သို့*

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ လျှပ်စစ်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ








နေပြည်တော် ဩဂုတ် ၂၈

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ စခန်းတာဝန်ကျကွပ်ကဲရေးမှူး ကြီးကြပ်၍ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်မှ ဂျူတီပစ္စည်းများနှင့်အတူ ရောနှောသယ်ဆောင်လာပြီး တရားဝင် တင်သွင်းသယ်ယူခွင့်အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကန့်သတ်တားမြစ်ထားသော လုံခြုံရေးတပ်ဖွဲ့သုံး အဆောင်အယောင်ပစ္စည်းများ၊ အကောက်ခွန်မဲ့ လျှပ်စစ်ပစ္စည်းမျိုးစုံနှင့် မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၆၀၉၁၈၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော Hohan (Sino Truck) Tractor Head အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့် နောက်တွဲယာဉ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈၀၉၁၈၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး**(အပေါ်ယာပုံ)** အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

အလားတူ ဩဂုတ် ၂၅ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဆင်ပေါင်ဝဲမြို့နယ် မကျီးကန်ကျေးရွာအနီး၌ တရားမဝင် တွန်းသဘော်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)ကို မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေနှင့် ပြည်တွင်းရေကြောင်းသွား ရေယာဉ်ဥပဒေတို့အရလည်းကောင်း၊ မြို့သစ်မြို့နယ် မြေပြင်သာအုပ်စု အောင်ချမ်းသာကျေးရွာ၌ တရားမဝင် သစ်မျိုးစုံ ၂၁ ဒသမ ၈၁၈ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၇၂၇၂)ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၀၀၈၇၂၇၂ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၇ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သဃ်န်းညီနောင်ဂိတ်၌ ခရိုင်တရားမဝင်ကုန်သွယ်မှု တားဆီး/ထိန်းချုပ်ရေး အဖွဲ့နှင့် မြဝတီမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ရှောင်တခင်စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်နှစ်စီးပေါ်မှ အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၃၂၂၄၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၃၂၂၄၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ကိုင်းမြို့ တကောင်းရပ်ကွက် ရတနာပုံတံတား၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ Nissan Super Saloonအမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူပင် ဩဂုတ် ၂၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ပြည်–အောင်လံကားလမ်း တိုင်းလျှပ်စစ်ရုံးနှင့် ပြည်လေယာဉ်ကွင်းအနီး၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ Caldina အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၂၄ ရက်၊ ၂၅ ရက်၊ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၅၅၀၁၄၇၂ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

---



# ဟုမ္မလင်းမြို့နယ် ငါးသားဖောက်စခန်းအသစ် တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

ဟုမ္မလင်း ဩဂုတ် ၂၈

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ငါးလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရန်၊ ဒေသတွင်းငါးရိက္ခာဖူလုံစေရန်နှင့် ဒေသတွင်းငါးမွေးမြူသူများ ပိုမိုများပြားစေရန် ရည်ရွယ်၍ ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်၌ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရရန်ပုံငွေဖြင့် ငါးသားဖောက်စခန်းအသစ် အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေကို ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေးရာတွင် စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးနိုင်နိုင်ကျော်၊ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါက်တာစုမျိုးသွယ်၊ ဒုတိယတိုင်းဦးစီးဌာနမှူး၊ ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရွှေဘိုနှင့်စစ်ကိုင်းခရိုင် ငါးလုပ်ငန်း ဦးစီးဌာနမှူးများ၊ ရွှေဘိုငါးလုပ်ငန်းစခန်း တာဝန်ခံနှင့် ဟုမ္မလင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးတို့ တက်ရောက်၍ GAqP ကျင့်စဉ်နှင့် ညီညွတ်စေရန် လိုအပ်သော နည်းပညာများကို တည်ဆောက်ရေး ကန်ထရိုက်တာနှင့် ညှိနှိုင်းပေါင်းစပ်ပြီး သတ်မှတ်ကာလ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၀ မှ*

ဗီယက်နမ်–အမေရိကန် စစ်ပွဲမှာလည်း တိုက်ခိုက်မှုတွေကြောင့် ဗီယက်နမ်အရပ်သား ပြည်သူနှစ်သန်းခန့်အထိ သေကျေခဲ့ကြရပါတယ်။ အမေရိကန် ဗုံးကြဲလေယာဉ်တွေကနေ လိမ္မော်ရောင် အေးဂျင့်လို့ အမည်ရတဲ့ အပင်ပိုးသတ်ဓာတုဆေးရည် ၁၆ ဒသမ ၂ ဂါလန်ကို ကြဲချတိုက်ခိုက်မှုကြောင့် ဗီယက်နမ်ကလေးသူငယ် ငါးသိန်းခန့် မျိုးဗီဇချို့ယွင်းရောဂါတွေ ရရှိခဲ့ကြပြီး လူကြီး လေးသိန်းခန့် သေဆုံးခဲ့ကြရကြောင်း သိရှိရပါတယ်။ ကမ္ဘောဒီးယားနဲ့ လာအိုပြည်တွင်းစစ်များမှာ အမေရိကန်ပါဝင်ပတ်သက်မှုတွေနဲ့အတူ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံခဲ့ရတဲ့ အရပ်သား အရေအတွက်ပေါင်းဟာလည်း ၄ ဒသမ ၂ သန်းအထိ ရှိခဲ့တယ်လို့ မှတ်တမ်းများက ဆိုပါတယ်။

> ❒ **မြန်မာနိုင်ငံအပေါ် Genocide ဆိုတဲ့ စွပ်စွဲချက်ကြီးဟာ ယခင်ဓာတ်ပြားဟောင်းကြီးတစ်ခု သာသာပါပဲ။ ဆက်ပြီးတော့လည်း လုပ်ကြံဖန်တီးစော်ကားနေဦးမှာ ဖြစ်ပါတယ်။ တစ်ခုရှိတာက ယခုလို အဖြစ်အပျက်တွေကနေ သင်ခန်းစာယူတတ်ဖို့နဲ့ တစိုက်မတ်မတ် ခေါင်းစဉ်တပ်စွပ်စွဲနေခြင်းရဲ့ နောက်ကွယ်က ရည်ရွယ်ချက်နဲ့ ပါဝင်ပတ်သက်နေတဲ့ ပယောဂတွေကို မြင်တတ်၊ ကြည့်တတ်ဖို့ပါပဲ။ Genocide ခေါင်းစဉ်အောက်ကနေ အခြေအနေအချိန်အခါကိုက်ကြားထဲက အမြတ်ထုတ်သွားမယ့် နိုင်ငံတွေ၊ လူပုဂ္ဂိုလ်တွေ၊ နိုင်ငံရေးအမြတ်ထုတ်ကြမယ့် နိုင်ငံတချို့က နိုင်ငံရေးပါတီအဖွဲ့အစည်းတွေ ရှိနေနိုင်ပါလားဆိုတာကိုလည်း ထည့်တွက်ရပါမယ်**

အာရှဘက်အပြီး အရှေ့အလယ်ပိုင်းဘက် လှည့်ကြည့်ပြန်လျှင်လည်း ထိုနည်းလည်းကောင်းပါပဲ။ ၂၀၀၁ ခုနှစ် 9/11 အကြမ်းဖက်တိုက်ခိုက်မှုကစလို့ အာဖဂန်နစ္စတန်နဲ့ ၂၀၀၃ ခုနှစ် အီရတ်ကို အမေရိကန်ဝင်ရောက်ကျူးကျော်ပြီး ဖြစ်ခဲ့ရတဲ့ အီရတ်၊ အာဖဂန်နစ္စတန် စစ်ပွဲဇုန်များမှာ အရပ်သားအမြောက်အမြား စစ်ရဲ့သားကောင်ဘဝက မလွတ်ခဲ့ကြပါဘူး။ မှတ်တမ်းအရ အီရတ် တစ်သန်းခန့်နဲ့ အာဖဂန် သုံးသိန်းခန့်အထိ သေကျေပျက်စီးခဲ့ကြတယ်လို့ ဆိုပါတယ်။

အထက်ပါအချက်အလက်တွေဟာ သမိုင်းနှစ်ပေါင်းရာနဲ့ ချီပြီးမှလည်းကောင်း၊ မဝေးသေးတဲ့ အတိတ် ကာလများဆီမှလည်းကောင်း လက်လှမ်းမီသမျှ စုစည်းမိတဲ့အချက်အလက်များပဲ ရှိပါသေးတယ်။ CIA ပါဝင်မှုနဲ့ သူတို့မကြိုက်တဲ့ အစိုးရတွေကို ဖြုတ်ချအာဏာသိမ်းပြီး ပဋိပက္ခအတွင်းမှာ ထိခိုက်သေဆုံးကြရတဲ့ အရပ်သားစာရင်းတွေ မပါသေးပါဘူး။

အချုပ်အားဖြင့်တော့ မြန်မာနိုင်ငံအပေါ် Genocide ဆိုတဲ့ စွပ်စွဲချက်ကြီးဟာ ယခင်ဓာတ်ပြားဟောင်းကြီးတစ်ခု သာသာပါပဲ။ ဆက်ပြီးတော့လည်း လုပ်ကြံဖန်တီး စော်ကားနေဦးမှာ ဖြစ်ပါတယ်။ တစ်ခုရှိတာက ယခုလို အဖြစ်အပျက်တွေကနေ သင်ခန်းစာယူတတ်ဖို့နဲ့ တစိုက်မတ်မတ် ခေါင်းစဉ်တပ်စွပ်စွဲနေခြင်းရဲ့ နောက်ကွယ်က ရည်ရွယ်ချက်နဲ့ ပါဝင်ပတ်သက်နေတဲ့ ပယောဂတွေကို မြင်တတ်၊ ကြည့်တတ်ဖို့ပါပဲ။ Genocide ခေါင်းစဉ်အောက်ကနေ အခြေအနေအချိန်အခါကိုက် ကြားထဲက အမြတ်ထုတ်သွားမယ့် နိုင်ငံတွေ၊ လူပုဂ္ဂိုလ်တွေ၊ နိုင်ငံရေးအမြတ်ထုတ်ကြမယ့် နိုင်ငံတချို့က နိုင်ငံရေးပါတီအဖွဲ့အစည်းတွေ ရှိနေနိုင်ပါလားဆိုတာကိုလည်း ထည့်တွက်ရပါမယ်။ အဓိကက ညီညွတ်ဖို့လိုပါတယ်။ တိုင်းရင်းသားတွေ နိုင်ငံသားတွေအားလုံး မစည်းလုံးရင်တော့ ကိုယ့်တိုင်းရင်းသားတွေအရေး လျစ်လျူရှုခံရပြီး သူများအပြစ် ကိုယ့်အပြစ်ဖြစ်သွားပါလိမ့်မယ်။

အဆုံးမှာတော့ မိမိမှာ စဉ်းစားမိတာတစ်ခု ပေါ်လာပါတယ်။ “ဒီလောက် ဂျီနိုဆိုက်နဲ့ စွပ်စွဲခံနေရတဲ့ နိုင်ငံတစ်နိုင်ငံထဲကို တစ်ဖက်နိုင်ငံက ခိုးဝင်တွေ မိမိနိုင်ငံရဲ့ အပေါက်ပေါင်းစုံကနေ ဘာကြောင့်များ ဝင်လာမစဲ တသဲသဲ ဖြစ်နေရတယ်" ဆိုတာကို စဉ်းစားရင်းနဲ့ပဲ နိဂုံးချုပ်လိုက်ရပါတယ်။ ။

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၉၅ | ၂၅၄၀ | ၂၅၃၅ | ၂၅၀၅ | ၂၅၄၀ | ၂၅၆၅ | ၂၅၅၀ | ၂၅၂၅ | ၂၆၂၀ | ၂၆၃၅ | ၂၅၃၅ | ၂၅၄၀ | ၂၅၇၅ | ၂၅၇၅ | ၂၅၈၀ | ၂၈၀၀ | ၃၁၄၀ |
| 95 Ron | ၂၅၆၀ | ၂၆၀၅ | ၂၆၀၅ | ၂၅၆၅ | ၂၆၀၅ | ၂၆၂၅ | ၂၆၁၀ | ၂၅၉၀ | ၂၆၈၅ | ၂၇၀၀ | ၂၅၉၅ | ၂၆၁၀ | ၂၆၄၀ | ၂၆၄၀ | ၂၆၄၅ | ၂၈၆၀ | ၃၂၀၅ |
| HSD (500 ppm) | ၃၁၉၅ | ၃၂၄၅ | ၃၂၃၅ | ၃၂၀၅ | ၃၂၄၀ | ၃၂၆၅ | ၃၂၆၀ | ၃၂၃၀ | ၃၃၄၀ | ၃၃၃၅ | ၃၂၃၅ | ၃၂၄၀ | ၃၂၈၀ | ၃၂၈၀ | ၃၂၈၀ | ၃၅၀၀ | ၃၆၄၀ |
| HSD (50 ppm) | ၃၂၇၅ | ၃၃၂၅ | ၃၃၂၀ | ၃၂၈၅ | ၃၃၂၀ | ၃၃၄၅ | ၃၃၄၀ | ၃၃၁၀ | ၃၄၂၀ | ၃၄၁၅ | ၃၃၁၅ | ၃၃၂၅ | ၃၃၆၀ | ၃၃၆၀ | ၃၃၆၀ | ၃၅၈၀ | ၃၆၇၅ |
| HSD (10 ppm) | ၃၂၇၅ | ၃၃၂၅ | ၃၃၂၀ | ၃၂၈၅ | ၃၃၂၀ | ၃၃၄၅ | ၃၃၄၀ | ၃၃၁၀ | ၃၄၂၀ | ၃၄၁၅ | ၃၃၁၅ | ၃၃၂၅ | ၃၃၆၀ | ၃၃၆၀ | ၃၃၆၀ | ၃၅၈၀ | ၃၆၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၈၂ | ၂၄၆၄ |
| 95 Ron | ၂၄၄၃ | ၂၅၂၆ |
| HSD (500 ppm) | ၃၀၆၃ | ၃၁၅၄ |
| HSD (50 ppm) | ၃၁၄၁ | ၃၂၃၃ |
| HSD (10 ppm) | ၃၁၄၁ | ၃၂၃၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



## နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဘုန်းတော်ကြီးကျောင်းများ၊ ပရဟိတကျောင်းများအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၈**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစိုင်းထွန်းညိုနှင့် တာဝန်ရှိသူများသည် ဩဂုတ် ၂၇ ရက်မွန်းလွဲပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အေးမြရွှေပြည် ကျောင်းတိုက်ရှိ သံဃာတော်များ၊ စာသင်သား သာမဏေများအတွက် ဆွမ်းဆန်တော်၊ဆီ၊ ဆား၊ ကုလားပဲနှင့် အခြားစားသောက်ဖွယ်ရာများအပြင် သံဃာတော်များ၊ စာသင်သား သာမဏေများအတွက် ဗလာစာအုပ်နှင့် စာရေးကိရိယာများကို လှူဒါန်းသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာန အနေဖြင့် ဝါတွင်းကာလ ဝါဆိုသံဃာတော်များ ဆွမ်း၊ ကွမ်း အခက်အခဲ မရှိစေရေးအတွက် ဆွမ်းဆန်၊ ဆီ၊ ဆား၊ ကုလားပဲများကို ဒေသအလိုက် ထောက်ပံ့ကူညီလှူဒါန်းလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၉၁၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဩဂုတ် ၂၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၂ ခုနှစ် ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၄ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၄၉၁၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ချောင်းဦးမြို့နယ်၌ ဝါစိုက်ဧက ၆၄၀၀ ကျော် စိုက်ပျိုးပြီးစီး ဝါသီးနှံများ ဖြစ်ထွန်းအောင်မြင်


**ချောင်းဦး ဩဂုတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၌ ဝါသီးနှံကို နှစ်စဉ်မျိုးကောင်းမျိုးသန့်များ သုံးစွဲစိုက်ပျိုးလျက်ရှိရာ ယခုနှစ် ဝါစိုက်ပျိုးရာသီတွင် မျိုးကောင်းမျိုးသန့်များဖြစ်သည့် ရွှေတောင်၁၀၊ ရွှေတောင်၈၊ ငွေချည် ၁၁၊ ငွေချည် ၉နှင့် ဝါကြီးမျိုးများကို စိုက်ပျိုးထားသည်။

ချောင်းဦးမြို့နယ်ရှိ ဝါစိုက်တောင်သူများအား ဝါမျိုးကောင်းမျိုးသန့်များ ရရှိစေရေး၊ ဝါသီးနှံ ဖြစ်ထွန်းအောင်မြင်စေရန် ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်စေရန် စိုက်နည်းစနစ်မှန်ကန်စေရေးတို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူများအား လိုအပ်သည့် နည်းပညာများကိုလည်း စိုက်ပျိုးရေးဦးစီးဌာနရှိ ဝန်ထမ်းများက ကြီးကြပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးထံမှ သိရသည်။

ချောင်းဦးမြို့နယ်အနေဖြင့် ၂၀၂၂ ခုနှစ် မိုးကြိုကာလ၊ မိုးကာလ၊ မိုးနှောင်းကာလ ဝါသီးနှံ စိုက်ပျိုးရန် ဧက ၇၀၀၀ကျော် လျာထားပြီး ယခုအချိန်အထိ ဝါသီးနှံ စိုက်ဧက ၆၄၀၀ ကျော် စိုက်ပျိုးပြီးစီးကာ ကျန်ရှိသည့် ဧက ၁၀၀၀ ကျော်ကို ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်သည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**



# အာဟာရချို့တဲ့မှုကို တိုက်ဖျက်ရာတွင် ပြည်သူအားလုံးပါဝင်ရန် အိန္ဒိယဝန်ကြီးချုပ် တိုက်တွန်း

**နယူးဒေလီ ဩဂုတ် ၂၈**

အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် နာရန်ဒြာမိုဒီက စက်တင်ဘာလအတွင်း အာဟာရချို့တဲ့မှုတိုက်ဖျက်ရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကြရန် ၎င်း၏နိုင်ငံသားများအား ဩဂုတ် ၂၈ ရက်တွင် တိုက်တွန်းပြောကြားသည်။

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သည့်နှစ်အနည်းငယ်မှစ၍ စက်တင်ဘာလကို "အာဟာရဖွံ့ဖြိုးရေးလပတ်"အဖြစ် သတ်မှတ်ကျင်းပခဲ့သည်။

အာဟာရချို့တဲ့မှုဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် လူမှုရေးဆိုင်ရာအသိပညာပေးမှုများသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ လာမည့် အာဟာရဖွံ့ဖြိုးရေးလပတ်တွင် အာဟာရချို့တဲ့မှု ပပျောက်ရေး ကြိုးပမ်းမှုတွင် အားလုံးပါဝင်ကြရန် တိုက်တွန်းကြောင်း မိုဒီက လစဉ်ရေဒီယိုအစီအစဉ်ဖြင့် နိုင်ငံတော်ကို မိန့်ခွန်းပြောကြားသည်။



အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် နာရန်ဒြာမိုဒီ။

နိုင်ငံအတွင်း အာဟာရချို့တဲ့မှု တိုက်ဖျက်ရေးလုပ်ငန်းများကို လူ့အဖွဲ့အစည်းအသီးသီးရှိ ပြည်သူများက အမျိုးမျိုးသော စီမံချက်များ ချမှတ်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း ပြောင်းဆန်စွမ်းအင်နှင့် ပရိုတင်းဓာတ်များ ကြွယ်ဝစွာပါဝင်သောကြောင့် လယ်သမားများအား ပြောင်းဆန်များကို တိုးချဲ့စိုက်ပျိုးရန်အတွက်လည်း ဝန်ကြီးချုပ် မိုဒီက အကြံပြုတိုက်တွန်းလိုက်သည်။

ဆင်ဟွာ

# မွန်ဂိုလီးယားနိုင်ငံ၌ တောမီးကြောင့် ယခုနှစ်အတွင်း သစ်တောမြေဟက်တာ တစ်သန်းကျော် ပျက်စီး

**အူလန်ဘာတာ ဩဂုတ် ၂၈**

မွန်ဂိုလီးယားနိုင်ငံတစ်ဝန်းတွင် ယခုနှစ်အစပိုင်းမှ စတင်၍ တောမီးလောင်မှုအရေအတွက် စုစုပေါင်း ၉၇ ကြိမ်ဖြစ်ပွားခဲ့ပြီး သစ်တောနှင့် မြက်ခင်းပြင်ဧရိယာ ၁၀၅၁၉၀၇ ဟက်တာပျက်စီးခဲ့ကြောင်း အမျိုးသားအရေးပေါ်စီမံခန့်ခွဲမှုအေဂျင်စီက ဩဂုတ် ၂၈ ရက်တွင် ထုတ်ပြန်သည်။

ယခုနှစ်အတွင်း လောင်ခဲ့သည့်တောမီးအရေအတွက်သည် ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၇၃ ရာခိုင်နှုန်းခန့် မြင့်တက်လာကြောင်း အရေးပေါ်အေဂျင်စီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တောမီးလောင်သည့် အရေအတွက် သိသိသာသာတိုးလာရခြင်းမှာ အဓိကအားဖြင့် ပြည်သူများ၏ ပေါ့ဆမှုကြောင့်ဖြစ်ကြောင်း၊ အေဂျင်စီက ပြည်သူများအား မီးမပေါ့ဆရန်နှင့် ဆေးလိပ်မီးများကို သတိမဲ့ပစ်ချခြင်း မပြုရန် သတိပေးထားကြောင်း သိရသည်။

ဆင်ဟွာ



မွန်ဂိုလီးယားနိုင်ငံ၌ တောမီးလောင်နေသည်ကို တွေ့ရစဉ်။

# လစ်ဗျားနိုင်ငံ၌ ရန်းရင်းဆန်ခတ်ဖြစ်ပွားမှုအတွင်း သေဆုံးသူ ၂၃ ဦး နှင့် ဒဏ်ရာရသူ ၁၄၀ ရှိ

**ထရီပိုလီ ဩဂုတ် ၂၈**

လစ်ဗျားမြို့တော် ထရီပိုလီတွင် ရန်းရင်းဆန်ခတ် ဖြစ်မှုများကြောင့် သေဆုံးသူ ၂၃ ဦးအထိ တိုးလာကြောင်း လစ်ဗျားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ် ၂၇ ရက်ကထုတ်ပြန်သည်။

ဆေးဘက်ဆိုင်ရာ အဆောက်အအုံများကို တိုက်ခိုက်မှုများ ရှောင်ရှားသင့်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက တောင်းဆိုလိုက်ပြီး တိုက်ပွဲများကြောင့် မြို့တွင်းရှိ ဆေးရုံများနှင့် ဆေးဘက်ဆိုင်ရာဌာန အများအပြား ပျက်စီးခဲ့သည်။ လက်ရှိဖြစ်ပွားနေသည့် တိုက်ပွဲများအကြားရှိ အချို့နေရာများတွင် ဒုက္ခရောက်နေသော အရပ်သားများကို ကူညီရန်အတွက် ဆေးအဖွဲ့များ မရောက်ရှိနိုင်သေးကြောင်းကိုလည်း ဝန်ကြီးဌာနက အတည်ပြုခဲ့သည်။

ယခုအချိန်အထိ ပြင်းထန်သော တိုက်ပွဲများကြောင့် လူ ၁၄၀ ဒဏ်ရာရရှိခဲ့မှုနှင့်အတူ ဩဂုတ် ၂၆ ရက်နောက်ပိုင်း ထရီပိုလီမြို့လယ်ရှိ နေရာအနှံ့အပြားတွင် ပြိုင်ဘက်အစိုးရနှစ်ရပ်နှင့် ဆက်နွယ်နေသည့် လက်နက်ကိုင်အဖွဲ့များကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခဲ့သည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ထရီပိုလီတွင် အကြမ်းဖက်မှုများ ချက်ချင်းရပ်တန့်ရန် တောင်းဆိုလိုက်ပြီး လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအကျပ်အတည်းနှင့် သဘောထားကွဲလွဲမှုများကို ဖြေရှင်းရန်အတွက် အင်အားသုံးဖြေရှင်းခြင်း မပြုရန်၊ လစ်ဗျားပါတီများအား စစ်မှန်သော တွေ့ဆုံဆွေးနွေးမှုတွင် ပါဝင်ရန် ၎င်းက တိုက်တွန်းခဲ့ကြောင်း ၎င်း၏ ပြောရေးဆိုခွင့်ရှိသူ စတက်ဖင် ဒူဂျာရစ်က ဩဂုတ် ၂၇ ရက်တွင် ကြေညာချက် ထုတ်ပြန်ချက်ခဲ့သည်။

လစ်ဗျားသည် လက်ရှိတွင် နိုင်ငံရေးအရ ကမောက်ကမဖြစ်နေပြီး အရှေ့ပိုင်းအခြေစိုက် အောက်လွှတ်တော် ပါလီမန်သည် ထရီပိုလီရှိ အဘ္ဒူဟာမက် ဒီဘေဘား၏ အမျိုးသားစည်းလုံးညီညွတ်ရေးအစိုးရထံမှ အာဏာရုပ်သိမ်းပြီး ဖာသီဘတ်ရှာဂါ ဦးဆောင်သော အစိုးရသစ်တစ်ရပ်ကို ဖွဲ့စည်းရန် မတ်လအတွင်းက မဲခွဲဆုံးဖြတ်ခဲ့သည်။ လစ်ဗျားနိုင်ငံသည် ၂၀၁၁ ခုနှစ်တွင် မွမ်မာကဒါဖီ ကျဆုံးချိန်မှစ၍ နိုင်ငံရေး မတည်ငြိမ်မှုများနှင့် ပြည်တွင်း မငြိမ်မသက်မှုများ ဖြစ်ပေါ်ခဲ့သည်။

ဆင်ဟွာ



လစ်ဗျားနိုင်ငံ၌ ရန်းရင်းဆန်ခတ်ဖြစ်ပွားပြီး ကားမီးလောင်မှုဖြစ်ပွားနေသည်ကို တွေ့ရစဉ်။

# ကွန်ဂိုနိုင်ငံ အနောက်ပိုင်း၌ ရန်းရင်းဆန်ခတ်ဖြစ်ပွားမှုကြောင့် ၁၈ ဦး သေဆုံး

**ကီကွစ် ဩဂုတ် ၂၈**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အနောက်ပိုင်းရှိ လူ့အဖွဲ့အစည်းနှစ်ခုကြား ယခုလအစောပိုင်းမှ စတင်သည့် ရန်းရင်းဆန်ခတ်ဖြစ်ပွားမှုအတွင်း လူ ၁၈ ဦး သေဆုံးခဲ့ကြောင်း ဩဂုတ် ၂၈ ရက်က အစိုးရသတင်းတစ်ရပ်ကို ကိုးကား၍ အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

အခွန်နှင့် မြေယာအငြင်းပွားမှုအပြီးတွင် ယာကာနှင့် တီကီလူမျိုးများအကြား တိုက်ပွဲများ ဖြစ်ပွားခဲ့ကြောင်း မိုင်အန်ဒေါ်ဘီ ပြည်နယ်မှ ပြည်သူများက အေအက်ဖ်ပီသို့ ပြောသည်။

**ပဋိပက္ခစတင်ဖြစ်ပွား**

တီကီလူမျိုးစုအသိုင်းအဝိုင်းမှ အဖွဲ့ဝင်များသည် ကွန်ဂိုမြစ်တစ်လျှောက် ၁၂၄ မိုင် အကွာတွင်ရှိသည့် ကျေးရွာများတွင် မူလနေထိုင်သူများဖြစ်ကြပြီး ဩဂုတ်လအစောပိုင်းက မြို့တော် ကင်ရှာဆာမှ ၁၀၀ ကီလိုမီတာခန့်အကွာ ကွာမောက်တွင် အခြေချနေထိုင်သည့် ယာကာအသိုင်းအဝိုင်းနှင့် ပဋိပက္ခစတင်ဖြစ်ပွားခဲ့သည်။

မိုင်အန်ဒေါ်ဘီပြည်နယ်ရှိ ယာကာနှင့် တီကီလူမျိုးစုများ၏ ပဋိပက္ခများအကြား ၁၈ ဦး သေဆုံးခဲ့ပြီး သေဆုံးသူများထဲတွင် ယာကာလူမျိုးစုဘက်မှ လူမျိုးစုအကြီးအကဲနှင့်ဇနီးတို့ အပါအဝင် ကိုးဦး ပါဝင်ကြောင်း ယဉ်ကျေးမှုဝန်ကြီး ကက်သရင်း ကာသွန်ဂူက ပြောသည်။

နေအိမ် ၁၇၅ လုံး မီးလောင်ပျက်စီးခဲ့ပြီး ကွန်ဂိုအမျိုးသားရဲတပ်ဖွဲ့၏ အေကေ၄၇သေနတ်တစ်လက်ကိုလည်းတီကီအကြမ်းဖက်သမားများက သိမ်းယူသွားခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**အခြေအနေပိုမိုဆိုးရွားလာ**

ယခင် တီကီလူမျိုးစုအကြီးအကဲဟောင်းကို အစားထိုးရန်အတွက် ယာကာလူမျိုးစုမှ ၎င်းတို့၏ လူမျိုးစုအကြီးအကဲကို တင်မြှောက်ခဲ့ခြင်းကြောင့်လည်း ဩဂုတ်လတွင် အခြေအနေပိုမိုဆိုးရွားလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အေအက်ဖ်ပီ

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၂၃၁၈ ဦးနှင့် သေဆုံးသူ ၅၄ ဦးရှိ

**မနီလာ ဩဂုတ် ၂၈**

ဖိလစ်ပိုင်နိုင်ငံ၌ ဩဂုတ် ၂၈ ရက်တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၂၃၁၈ ဦးရှိကြောင်း ထုတ်ပြန်ခဲ့ပြီးနောက် အတည်ပြုလူနာအရေအတွက် စုစုပေါင်း ၃၈၇၄၆၄၁ ဦးအထိ ရှိလာခဲ့သည်။

လက်ရှိ ဆေးရုံတက်ရောက်နေဆဲ လူနာအရေအတွက်မှာ ၂၈၅၂၅ ဦးအထိ ကျဆင်းသွားခဲ့သော်လည်း နောက်ထပ်လူနာ ၅၄ ဦးမှာ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးခဲ့သဖြင့် စုစုပေါင်း သေဆုံးသူ ၆၁၆၆၇ ဦး ရှိပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။

လူဦးရေ ၁၃ သန်းကျော်ရှိသည့် မြို့တော် မနီလာတွင် ရောဂါထပ်မံကူးစက်ခံရသူ အရေအတွက် ၇၈၂ ဦး တိုးလာခဲ့သည်။ နိုင်ငံအတွင်း လူဦးရေ သန်း ၁၁၀ ရှိသည့်အနက် ၇၂ ဒသမ ၄ သန်းကို ကာကွယ်ဆေး အပြည့်ထိုးပေးခဲ့ပြီးဖြစ်သည်။

ဆင်ဟွာ



ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ရန် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ထားသည့် ခရီးသွားများကို တွေ့ရစဉ်။



# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ



ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတ ဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ The Correct Use of Tenses (ကာလအပိုင်းအခြားများကို မှန်မှန်ကန်ကန်အသုံးပြုခြင်း) အကြောင်းများကို ဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း "Shortest way to talk about your vacation–4 " ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာ အသုံးများတဲ့ အီဒီယံအသုံးအနှုန်းတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက ပိုမိုနားလည်သဘောပေါက်စေဖို့ နမူနာဝါကျများနဲ့ပါ တွဲဖက်ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်မှာတော့ The Correct Use of Tenses (ကာလအပိုင်းအခြားများကို မှန်မှန်ကန်ကန်အသုံးပြုခြင်း) အကြောင်းများကို ဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် Tense ဆိုတာဘာလဲ။ Tense ဘယ်နှမျိုးရှိသလဲ။ အဲဒီ Tenses တွေက ဘာတွေလဲဆိုတာတွေကိုလည်း ထပ်မံဖော်ပြလိုက်ပါတယ်။ သက်ဆိုင်ရာ Tenses တွေကို သူတို့ရဲ့ အသုံးအနှုန်းတွေ၊ ရှင်းလင်းချက်တွေနဲ့လည်း ရှင်းလင်းဖော်ပြလိုက်ပါတယ်။

**The Correct Use of Tenses (ကာလအပိုင်းအခြားများကို မှန်မှန်ကန်ကန်အသုံးပြုခြင်း)**

Tense ဆိုသည်မှာ အဘယ်နည်း။

Tense ဆိုသည်မှာ အချိန်ကာလအပိုင်းအခြားများကို ဖော်ပြသောကြိယာ၏ပုံစံများပင်ဖြစ်သည်။ အင်္ဂလိပ်ဘာသာရပ်တွင် အဓိက Tenses ကြီး သုံးမျိုးရှိသည်။ ၎င်းတို့မှာ –

- The Present Tense
- The Past Tense
- The Future Tense တို့ဖြစ်ကြသည်။ အဓိက Tenses ကြီးသုံးမျိုးစီတွင် မတူညီသော အခြေအနေများအတွက် မတူညီသော ပုံစံလေးမျိုးစီရှိကြသည်။ ထို့ကြောင့် Active Voice အနေဖြင့် Tenses ပေါင်း ၁၂ မျိုးရှိသည်။ ၎င်းတို့ကို အောက်တွင်ဖော်ပြလိုက်သည်–

| | | |
|---|---|---|
| | Simple Present | (V1 s/es) |
| Present | Present Continuous | (am/is/are + Ving) |
| | Present Perfect | (has/have + V3) |
| | Present Perfect Continuous | (has/have + been + Ving) |
| | Simple Past | (V2) |
| Past | Past Continuous | (was/were + Ving) |
| | Past Perfect | (had + V3) |
| | Past Perfect Continuous | (had + been + Ving) |
| | Simple Future | (will/shall + Vinf) |
| Future | Future Continuous | (will/shall + be + Ving) |
| | Future Perfect | (will/shall + have + V3) |
| | Future Perfect Continuous | (will/shall + have been + Ving) |




| ENGLISH VERB TENSE | Past | Present | Future |
|---|---|---|---|
| SIMPLE | I studied English yesterday. | I study English. | I will study English. |
| CONTINUOUS | I was studying English. | I am studying English | I will be studying English. |
| PERFECT | I had studied English. | I have studied English. | I will have studied English. |
| PERFECT CONTINUOUS | I had been studying English. | I have been studying English. | I will have been studying English. |

Present Tense လေးမျိုး၊ Past Tense လေးမျိုး၊ Future Tense လေးမျိုး စုစုပေါင်း Tense ၁၂ မျိုးအတွက် ကြိယာပုံစံများကို ဖော်ပြလိုက်ပါတယ်။ ထို့အပြင် Tense တစ်မျိုးစီကို ဘယ်အခြေအနေမှာ သုံးရမလဲ။ ဘယ်လိုသုံးရမလဲ ဆိုတာတွေကိုလည်း ဆက်လက်ဖော်ပြပေးသွားမှာဖြစ်ပါတယ်။

**Simple Present Tense (ရိုးရိုးပစ္စုပ္ပန်ကာလ)**

Simple Present Tense ကို ဘယ်အခြေအနေမှာ သုံးမလဲ။

- ✓ မျက်မှောက်ကာလပြုလုပ်ချက်ကို သာမန်ဖော်ပြခြင်း။
- ✓ လုပ်လေ့လုပ်ထရှိ၊ ဖြစ်လေ့ဖြစ်ထရှိသည့် အလေ့အထသဘာဝကိုဖော်ပြခြင်း။
- ✓ ယေဘုယျမှန်ကန်ချက်ကိုဖော်ပြခြင်း။
- ✓ အမြဲမှန်ကန်ချက်ကို ဖော်ပြခြင်း။
- ✓ မျက်မှောက်တွင် အမှန်တကယ်ဖြစ်နေသည့် အကြောင်းခြင်းရာတို့ကို ဖော်ပြရာ၌ here နှင့် there တို့ဖြင့် စသည့် အာမေဋိတ်ဝါကျများတွင် အသုံးပြုခြင်း။
- ✓ သတ်မှတ်ထားသည့်အချိန်ဇယားသို့မဟုတ် သတ်မှတ်ထားသည့်အစီအစဉ် အစိတ်အပိုင်းအဖြစ် အနာဂတ်ဖြစ်စဉ်များကို ဖော်ပြရာတွင် အသုံးပြုခြင်း

နောက်ထပ် Simple Present ကိုဘယ်နေရာမှာ သုံးနိုင်သေးလဲ။

- ✓ ကိုးကားချက်များကို ပြောဆိုရာတွင်လည်းကောင်း
- ✓ အချိန်ပြဝါကျပိုင်းနှင့် အခြေအနေပြဝါကျပိုင်းများကို ဖော်ပြရာတွင်လည်းကောင်း
- ✓ အားကစားအစီအစဉ်များကို တိုက်ရိုက်ထုတ်လွှင့် အစီရင်ခံဖော်ပြပြောဆိုရာတွင်လည်းကောင်း
- ✓ သတင်းခေါင်းစဉ်များရေးသားရာတွင်လည်းကောင်း

Simple Present ကိုသုံးနိုင်သည်။

**ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ**

**Exercise (1) မှအဖြေများ**

1. are/ is
2. am/ are
3. has
4. has
5. are
6. is
7. is
8. is
9. has
10. has
11. is
12. has
13. is
14. has/has
15. have

## Vocabulary (Idioms)

1. one's bread and butter (အသက်မွေးဝမ်းကျောင်းမှု)
   He's trying to get work as an actor, but he earns his bread and butter as a waiter.
2. to make a clean breast of (ဖွင့်ပြောသည်။ ဝန်ခံသည်)
   He made a clean breast of it and told the police every–thing.
3. to kick the bucket (ကွယ်ပြီ။ သေပြီ)
   I have decided to donate my organs when I kick the bucket.
4. to nip in the bud (အညွန့်ချိုးသည်)
   She wanted to be an actress, but her parents nipped that idea in the bud.
5. a red rag to a bull (ရှားစောင်းစေးနှင့် မျက်ချေး၊ ဆွပေးသည်၊ ဒေါသထွက်စေသည်)
   Just mentioning his ex–wife's name was like a red rag to a bull.

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## Conversation



### Shortest way to talk about your vacation in English– 4

ဒီတစ်ပတ်မှာတော့ အားလပ်ရက် နဲ့ပတ်သက်ပြီး ပြည့်ပြည့်စုံစုံပြောဆိုတဲ့နေရာမှာ ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို "Shortest way to talk about your vacation–4" ဆိုပြီး ဖော်ပြလိုက်ပါတယ်။

Vacation နဲ့ပတ်သက်ပြီး ပိုပြီးပြည့်စုံတဲ့ အချက်အလက်တွေကို ပြောတဲ့အခါမှာ မပါမဖြစ်ပါရမယ့် အရာတွေကတော့ –

- ဘယ်သွားလဲ
- ဘယ်သူနဲ့လဲ
- ဘယ်လောက်ကြာလဲ
- ဘာတွေလုပ်ခဲ့လဲ
- နေရာနဲ့ပတ်သက်ပြီး ဖော်ပြရန်
- ဘာကြိုက်လဲ၊ ဘာမကြိုက်ဘူးလဲ ဖော်ပြရန်

နမူနာအနေနဲ့ အဲဒီအချက်တွေ အားလုံးပါဝင်တဲ့ Vacation နှစ်ခုကို ဖော်ပြလိုက်ပါတယ်။ လေ့လာကြည့်ရအောင်ပါ။

Example (1)

- I went to Siberia by myself for three weeks. I travelled around, did some hiking and camping, and explored the countryside. I was near Lake Baikal, which is a huge lake with mountains and villages dotted around the sides. It was beautiful in a wild way, and the emptiness gave me a real feeling of isolation and solitude. I liked the people I met everyone was so open and welcoming. ***On the other hand***, even though it was summer, the nights were so cold! a warmer sleeping bag.

Example (2)

- I went to Thailand with a group of friends for ten days. We did some sightseeing in Bangkok: The Grand Palace, Wat Pho and so on. Then we hit the beaches in Krabi for some sun, swimming and cocktails! Bang–kok is a very cosmopolitan place but it could be a little overwhelming because there was so much going on! Krabi has some stunning beach–es, and I loved it there, because ***it was like nowhere I'd ever been before.*** On the other hand, I ***wasn't so keen on*** Bangkok. It's a cool place but it's a bit big and noisy ***for my tastes.***




ဒီနေရာမှာ စာပိုဒ်မှာသုံးထားတဲ့ အသုံးအနှုန်းနဲ့ ပတ်သက်ပြီး အနည်းငယ်ရှင်းလင်းဖော်ပြလိုက်ပါတယ်။

On the other hand … (သို့သော်ငြားလည်း)
I wish I'd taken … (ယူခဲ့ရင်ကောင်းမယ်)
hit the beach … (ကမ်းခြေကိုသွားတယ်)
it was like nowhere I'd ever been before (အရင်ကရောက်ခဲ့ဖူးတဲ့ ဘယ်နေရာနဲ့မှ မတူ)
be so keen on … (စိတ်ဝင်စားတယ်)
for my tastes … (ကိုယ့်အမြင်ကတော့)

ကဲပေးထားတဲ့ နမူနာတွေကို လေ့လာပြီးပြီ၊ ရှင်းလင်းချက်ကိုလည်း တတ်နိုင်သလောက် ဖော်ပြပေးထားတယ်ဆိုတော့ Vacation နဲ့ ပတ်သက်ပြီး အတော်အသင့်နားလည်ပြီလို့ ယူဆပါတယ်။ ပေးထားတဲ့ အချက်အလက်တွေကို ကိုးကားပြီး ကိုယ့်ရဲ့ ကိုယ်ပိုင် Vacation တစ်ခု ဖန်တီးရေးကြည့်ကြစို့။

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၃ ဦးအနက် ၂၉ ဦးမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ်

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၅၈ ရာခိုင်နှုန်းရှိ

(၂၈–၈–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၇–၈–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈–၈–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၅,၇၀၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၅၈) ရာခိုင်နှုန်း ရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၃) ဦးအနက် (၄) ဦး၊ (၁၂.၁၂) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၂၉) ဦး၊ (၈၇.၈၈) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ

(၂၈–၈–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၄) ဦး | (၁၂.၁၂) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၂၉) ဦး | (၈၇.၈၈) % |
| စုစုပေါင်း | (၃၃) ဦး | (၁၀၀) % |

- သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၇၁၉,၂၈၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၄,၉၆၂) ဦး ရှိပြီဖြစ်ပါသည်။
- ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၃,၄၇၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၇) ဦး ရှိပါသည်။
- ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၇–၈–၂၀၂၂) ရက်နေ့ အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၃၆၀,၇၀၉) ဦး နှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၃၆၈,၃၁၂) ဦး တို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု

(၂၇–၈–၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၃၆၀,၇၀၉ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၃၆၈,၃၁၂ |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများအနက်မှ သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာများအား ကိုဗစ်–၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ပြည်ပမှ ဝင်ရောက်လာသူများနှင့် ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများတွင် အိုမီခရွန်မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.4၊ BA.5၊ BA.2.75 နှင့် BA.2.76 တို့ ကူးစက်မှုများ ရှိနေကြောင်း တွေ့ရှိရပါသည်။
- ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးမှုကာလ ၆ လ ရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထပ်မံထိုးနှံရန် လိုအပ်ပါသည်။
- သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၈-၈-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၆၀၀၃၄၀၄ | ၉၁၅၃၄၇၁၃ | ၁၀၆၉၁၂၄ |
| ၂။ | အိန္ဒိယ | ၄၄၄၀၈၁၃၂ | ၄၃၇၉၃၇၈၇ | ၅၂၇၇၅၄ |
| ၃။ | ပြင်သစ် | ၃၄၄၆၄၆၈၇ | ၃၃၉၂၀၇၁၁ | ၁၅၃၈၅၇ |
| ၄။ | ဘရာဇီး | ၃၄၃၈၁၂၉၅ | ၃၃၃၆၀၇၇၂ | ၆၈၃၅၂၈ |
| ၅။ | ဂျာမနီ | ၃၂၀၄၁၃၄၈ | ၃၁၀၅၉၁၀၀ | ၁၄၇၁၀၄ |
| ၆။ | ဗြိတိန် | ၂၃၄၉၂၈၇၅ | ၂၃၁၇၁၁၇၃ | ၁၈၇၇၆၁ |
| ၇။ | တောင်ကိုရီးယား | ၂၂၉၈၃၈၁၈ | ၂၀၈၁၉၄၇၄ | ၂၆၅၆၉ |
| ၈။ | အီတလီ | ၂၁၇၈၈၈၆၂ | ၂၀၉၃၀၉၈၁ | ၁၇၅၃၀၆ |
| ၉။ | ရုရှား | ၁၉၄၀၅၉၂၃ | ၁၈၄၉၅၉၆၁ | ၃၈၄၀၈၃ |
| ၁၀။ | ဂျပန် | ၁၈၃၅၃၂၉၀ | ၁၆၂၆၆၁၆၉ | ၃၈၇၇၀ |

## ၂၈-၈-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၁၄၀၃၃၀၂ | ၁၀၁၅၀၁၂၂ | ၄၃၁၁၂ |
| အင်ဒိုနီးရှား | ၆၃၄၆၃၀၄ | ၆၁၄၂၄၃၈ | ၁၅၇၅၀၀ |
| မလေးရှား | ၄၇၇၄၀၀၃ | ၄၇၀၃၂၉၉ | ၃၆၁၉၆ |
| ထိုင်း | ၄၆၄၆၄၁၂ | ၄၅၉၆၆၃၆ | ၃၂၂၂၅ |
| ဖိလစ်ပိုင် | ၃၈၇၄၆၄၁ | ၃၇၈၄၄၄၉ | ၆၁၆၆၇ |
| စင်ကာပူ | ၁၈၃၁၃၃၂ | ၁၇၅၂၇၇၉ | ၁၅၉၀ |
| မြန်မာ | ၆၁၄၉၆၂ | ၅၉၃၄၇၅ | ၁၉၄၃၇ |
| ဘရူနိုင်း | ၂၂၀၂၄၅ | ၂၁၄၆၃၉ | ၂၂၅ |
| လာအို | ၂၁၃၇၈၈ | ၂၀၈၃၄၄ | ၇၅၇ |
| ကမ္ဘောဒီးယား | ၁၃၇၅၅၅ | ၁၃၄၃၅၉ | ၃၀၅၆ |

မျိုးရိုးဗီဇပြောင်း ကိုဗစ်–၁၉ ရောဂါပိုး အိုမီခရွန်နှင့် ၎င်း၏မျိုးစိတ်အသစ်များကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံခြင်းနှင့် ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံခြင်းဖြင့်သာ ထိရောက်စွာ ကာကွယ်နိုင်သောကြောင့် မိဘပြည်သူများအနေဖြင့် သက်ဆိုင်ရာ ကျန်းမာရေးဌာနများတွင် ထပ်ဆောင်း ကာကွယ်ဆေးကို မပျက်မကွက် ထိုးနှံမှုခံယူရန် တိုက်တွန်းအပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး စက္ကန့်(၂၀) ကြာဆေးကြောပါ။

# စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအတွက် ပတ်ဝန်းကျင်အကျိုးပြု မြေမဲ့စိုက်ပျိုးမွေးမြူရေးနည်းစနစ် အကွာပိုးနစ်(Aquaponic)

ခိုင်ထက်(M.Sc)၊ မွေးသု


**ရာသီဥတုပြောင်းလဲခြင်းနှင့် ကမ္ဘာကြီးပူနွေးလာရသည့် အကြောင်းရင်းများ**

ရှေးရုပ်ကြွင်းလောင်စာများ လောင်ကျွမ်းခြင်း၊ သစ်တောများ ခုတ်လှဲခြင်းနှင့် တိရစ္ဆာန်များမွေးမြူခြင်းတို့ဖြင့် ရာသီဥတုပြောင်းလဲမှုနှင့် ကမ္ဘာမြေကြီးအပူရှိန်တိုးမြင့်ခြင်းအပေါ် လွှမ်းမိုးစေပါသည်။ ယင်းတို့မှ ဖန်လုံအိမ်ဓာတ်ငွေ့များ တိုးပွားလာစေမှုကြောင့် ကမ္ဘာ့လေထု၏အပူချိန် တဖြည်းဖြည်းမြင့်တက်လာပြီး ကမ္ဘာကြီးကို ပူနွေးလာစေပါသည်။

မှတ်တမ်းများအရ ၂၀၁၁-၂၀၂၀ ဆယ်စုနှစ်သည် အပူနွေးဆုံးကာလတစ်ခုဖြစ်ခဲ့ပြီး စက်မှုခေတ် ၂၀၁၉ ခုနှစ်မတိုင်မီ ကမ္ဘာ့ပျမ်းမျှအပူချိန်ထက် ၁ ဒသမ ၁ ဒီဂရီဆဲစီးယပ် မြင့်တက်ခဲ့ပါသည်။ လူတို့ပြုလုပ်မှုကြောင့် ကမ္ဘာကြီးပူနွေးမှုသည် ဆယ်စုနှစ်တစ်ခုလျှင် သုည ဒသမ ၂ ဒီဂရီဆဲစီးယပ်နှုန်းဖြင့် မြင့်တက်လျက်ရှိပေသည်။

**ဖန်လုံအိမ်ဓာတ်ငွေ့များ(Greenhouse Gases)**

ရာသီဥတုပြောင်းလဲရသည့် အဓိကအကြောင်းရင်းမှာ ဖန်လုံအိမ်ဓာတ်ငွေ့များကြောင့်ဖြစ်ပြီး သဘာဝကြောင့် ဖန်လုံအိမ်ဓာတ်ငွေ့များဖြစ်ပေါ်နေသော်လည်း လူတို့၏လုပ်ငန်းဆောင်ရွက်မှုများမှ ထွက်ရှိသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့-($CO_2$)၊ မီသိန်းဓာတ်ငွေ့-($CH_4$)၊ နိုက်ထရပ်အောက်ဆိုက်-($NO_2$) နှင့် ဖလူအိုရီနိတ်တက်ဓာတ်ငွေ့များ (Fluorinated gases: hydrofluorocarbons – HFCs နှင့် perfluorinated carbons–PFCs) တို့သည် ဖန်လုံအိမ်ဓာတ်ငွေ့ပါဝင်မှုကို မြင့်တက်စေပါသည်။





လုပ်ငန်းများမှ ဖန်လုံအိမ်ဓာတ်ငွေ့ တိုက်ရိုက်ထုတ်လွှတ်မှုနှင့် သွယ်ဝိုက်ထုတ်လွှတ်မှုပြပုံ။

**ငါးမွေးမြူရေးလုပ်ငန်းနှင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု**


ငါးမွေးမြူရေးသည် ကုန်းနေတိရစ္ဆာန်များ (အထူးသဖြင့်စားမြုံ့ပြန်သတ္တဝါများ)နှင့် နှိုင်းယှဉ်ပါက ငါးများ၏ မွေးဖွားနှုန်းနှင့် ရှင်သန်နှုန်းသည် ပိုမိုမြင့်မားခြင်းကြောင့် ဇီဝဗေဒအရထိရောက်သော မွေးမြူရေးလုပ်ငန်းဖြစ်ပါသည်။ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)က ငါးမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်မည်ဆိုပါက ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုဆိုင်ရာအချက်အလက်များကို သတိပြုရန် (ဥပမာ။ မြေနှင့်ရေ ယှဉ်ပြိုင်အသုံးပြုမှု၊ အစာထုတ်လုပ်မှု၏ သက်ရောက်မှုများ၊ ရေထုညစ်ညမ်းစေခြင်း၊ ပဋိဇီဝဆေးခံနိုင်ရည်ရှိလာခြင်း)နှင့် အကျိုးဆက်များကို သိပ္ပံနည်းကျပွင့်လင်းစွာ ဖော်ပြရန်တို့ဖြစ်ပါသည်။

ငါးမွေးမြူရေးလုပ်ငန်း ပိုမိုဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်မည်ဆို




စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ဖန်လုံအိမ်ဓာတ်ငွေ့ထွက်ရှိမှုနှင့် မတူညီသည့်(ကာဗွန်၊ နိုက်ထရိုဂျင်)ဓာတ်ငွေ့များ ထုတ်လွှတ်မှုပြပုံ။

ပါက ငါးလုပ်ငန်းကဏ္ဍနှင့် ကမ္ဘာလုံးဆိုင်ရာ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကြား ဆက်စပ်သည့်အကြောင်းရင်းနှင့် မည်ကဲ့သို့ လျှော့ချနိုင်သည်ကိုလည်း သိရှိရန်လိုအပ်ပါသည်။ ၂၀၁၇ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုအနေဖြင့် ငါးမွေးမြူရေးကဏ္ဍမှ သုည ဒသမ ၄၉ ရာခိုင်နှုန်းဖြစ်ပြီး အခြားတိရစ္ဆာန်မွေးမြူရေး (ကျွဲ၊ နွား၊ သိုးနှင့် ဆိတ်)တို့ထက် နည်းပါးသည်။





ငါးအစာအကြွင်းအကျန်နှင့် အညစ်အကြေးများသည် အမိုးနီးယားမှ နိုက်ထရိတ်ဓာတ်ငွေ့အထိ အဆင့်ဆင့်ပြောင်းလဲပုံ။

**Aquaponic နည်းစနစ်ဖြင့် အပင်နှင့်ငါး တွဲဖက်စိုက်ပျိုးမွေးမြူခြင်း**

မြို့ပြ/ကျေးလက် နေရာဒေသမရွေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း၊ အော်ဂဲနစ်စနစ်ထူထောင်နိုင်ခြင်း၊ လုပ်စွမ်းအားချွေတာနိုင်ခြင်း၊ ရေအရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ခြင်း တို့ကြောင့် Aquaponic နည်းစနစ်သည် ရေရှည်တည်တံ့သော စိုက်ပျိုးမွေးမြူရေးစနစ်တစ်ခု ဖြစ်ပါသည်။

> **“မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၌ အကွာပိုးနစ် နည်းစနစ်လက်တွေ့ အသုံးချနိုင်ရန် ရည်ရွယ်ချက်ဖြင့် လှော်ကားငါးလုပ်ငန်းစခန်း၌ ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် “အဆောက်အအုံအတွင်း ငါးမွေးကန်ပေါ်၌ ဟင်းသီးဟင်းရွက်ပင် စိုက်ပျိုးသည့် (Deep Water Culture–DWC)နှင့် သီးသန့်မွေးမြူသည့်စနစ်တို့ နှိုင်းယှဉ်ခြင်း” သုတေသနဆောင်ရွက်ခဲ့ရာတွင် ငါး/ပုစွန်၏ ရှင်သန်ကြီးထွားနှုန်းမှာ သီးသန့်မွေးမြူသည့် နည်းစနစ်ထက် အကွာပိုးနစ်စနစ်၌ ပိုမိုကောင်းမွန်ကြောင်း လေ့လာတွေ့ရှိခဲ့ပါသည်”**



အဆောက်အအုံအတွင်း ငါး/ ပုစွန်မွေးမြူသည့် ရေပေါ်၌ ဟင်းသီးဟင်းရွက်စိုက်ပျိုးသည့်စနစ်ပြပုံ။

ငါး/ပုစွန်မွေးမြူရေးလုပ်ငန်းများသည် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်သော်လည်း ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြင့် ထုတ်လုပ်မှုအရည်အသွေး ပိုမိုတိုးတက်လာစေရေး အလေးပေးဆောင်ရွက်ရန်လိုပါသည်။ ရေထွက်ကုန်ထုတ်လုပ်ရေးလုပ်ငန်းတွင် ရေအရည်အသွေးကောင်းမွန်မှုသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ထို့ကြောင့် ငါး/ပုစွန်မွေးမြူရေးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ရေအရည်အသွေးနှင့် ရေပမာဏသုံးစွဲမှုကို အလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။

ငါး/ပုစွန်မွေးမြူရေးလုပ်ငန်းမှ အညစ်အကြေးနှင့် အစာအကြွင်းအကျန်များသည် အမိုးနီးယား၊ ဖော့စဖိတ်ကဲ့သို့ဓာတ်များ မြင့်တက်ကာ ကန်၏ရေအရည်အသွေးကို ကျဆင်းစေ၍ ငါး/ပုစွန်ထုတ်လုပ်မှု ထိခိုက်စေနိုင်သည်သာမက ထိုကဲ့သို့မွေးမြူရေးသုံးရေကို ပတ်ဝန်းကျင်သို့ တိုက်ရိုက်စွန့်ပစ်ပါက ရေမှော်ပေါက်ပွားမှု များပြားစေခြင်း၊ ရောဂါပြန့်ပွားစေနိုင်ခြင်းနှင့် ရေနေသက်ရှိများ အဆိပ်သင့်ခြင်းကဲ့သို့ မလိုလားအပ်သည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ ဖြစ်ပွားစေနိုင်ပါသည်။ ထိုသို့ မကြာခဏ ရေလဲလှယ်ရန်လိုအပ်သည့် ငါး/ပုစွန်မွေးမြူရေးနည်းစနစ်များတွင် သန့်ရှင်းသောရေအလုံအလောက်ရရှိရန် ပြန်လည်စုဆောင်းရခြင်းနှင့် မြေအောက်ရေထုတ်ယူသုံးစွဲရသော မွေးမြူရေးကန်များတွင် ရေသယံဇာတသုံးစွဲမှုမြင့်မားခြင်းနှင့် ထိုသို့ လဲလှယ်ရခြင်းကြောင့် ကန်အတွင်းမွေးမြူထားသည့် ငါး/ ပုစွန်ကိုလည်း စိတ်ဖိစီးခြင်းသက်ရောက်မှု ဖြစ်စေနိုင်ပါသည်။ ထိုကဲ့သို့သောအကြောင်းရင်းများသည် ရေအရင်းအမြစ်နှင့် ရေအရည်အသွေးကို ထိန်းနိုင်သည့် Biofloc၊ Recirculating Aquaculture System၊ Bacillus albus နှင့် Aquaponic System တို့ကဲ့သို့ ငါး/ပုစွန်မွေးမြူရေးနည်းပညာများကို လက်တွေ့လေ့လာ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအနှံ့အပြားတွင် စိုက်ပျိုးမွေးမြူရေးတွဲဖက်ထုတ်လုပ်မှုကို လွန်ခဲ့သော နှစ်ပေါင်းများစွာမှစ၍ဆောင်ရွက်ခဲ့ကြသော်လည်း ခေတ်မီနည်းပညာသုံး စိုက်ပျိုးမွေးမြူရေးစနစ်ကို ၁၉၇၀ ပြည့်နှစ်အစောပိုင်း၌ အမေရိကန်ပြည်ထောင်စုရှိ New Alchemy institute တွင် သုတေသနပြုဆောင်ရွက်ခဲ့ပါသည်။ ငါး/ပုစွန်မွေးမြူရေးလုပ်ငန်းများတွင် ရေအသုံးချမှု ၉၀-၉၉ ရာခိုင်နှုန်းခန့် လျှော့ချနိုင်ရန်နှင့် အော်ဂဲနစ်သီးနှံထုတ်လုပ်ရန် အကွာပိုးနစ်နည်းစနစ်ဖြင့် စိုက်ပျိုးမွေးမြူရေးကို အကောင်အထည်ဖော် ဆောင်ရွက်သင့်သော အချိန်ကာလဖြစ်ပါသည်။

**မြန်မာနိုင်ငံတွင် အကွာပိုးနစ်စနစ်နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေ**

မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၌ အကွာပိုးနစ်နည်းစနစ်လက်တွေ့အသုံးချနိုင်ရန်ရည်ရွယ်ချက်ဖြင့် လှော်ကားငါးလုပ်ငန်းစခန်း၌ ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် “အဆောက်အအုံအတွင်း ငါးမွေးကန်ပေါ်၌ ဟင်းသီးဟင်းရွက်ပင်စိုက်ပျိုးသည့် (Deep Water Culture–DWC)နှင့်

*စာမျက်နှာ ၁၇ သို့*

# ရွှေစက်တော်ဘုရားပွဲတော်အမီ ခရီးသွားမြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်



ယခင်နှစ် ရွှေစက်တော်ဘုရားပွဲသို့ လာရောက်ကြသည့် မော်တော်ယာဉ်များနှင့် တဲကျောင်းများ။

မင်းဘူး ဩဂုတ် ၂၈

**မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ရွှေစက်တော်ဘောမဲ့တော ဥယျာဉ်၌ ရွှေစက်တော် ဘုရားပွဲတော်အမီ ခရီးသွားမြှင့်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရွှေစက်တော် ဘောမဲ့တောဥယျာဉ် သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဆန်းထံမှ သိရသည်။**

ဘုရားဖူးလာ ခရီးသွားပြည်သူများ အနေဖြင့် မင်းဘူး(စကု)မြို့နယ်၏ တန်ခိုးကြီးဘုရားများနှင့် လေ့လာစရာ အထင်ကရ နေရာများစွာထဲမှ ရွှေစက်တော်ဘောမဲ့တော ဥယျာဉ်ရှိမြန်မာ့ရှားပါး မျိုးစိတ် ရွှေသမင်နှင့် ကြယ်လိပ်များ အပြင် ရွှေစက်တော်မန်းချောင်းအပန်းဖြေ ဆင်စခန်းမှ ဘန်ဂလိုများ၌ တည်းခို၍ ဆင်များစီးပြီး မြန်မာ့ရှားပါး မျိုးစိတ်များ ဖြစ်သည့် နို့တိုက်သတ္တဝါ ၁၄ မျိုး၊ ငါးမျိုးစိတ် ၂၂ မျိုး၊ ကုန်းနေရေနေသတ္တဝါ ၄၃ မျိုး၊ လိပ်ပြာမျိုးစိတ် ၁၁၃ မျိုး၊ စွေ့ငှက်၊ နဖားကြိုးငှက်၊ မြန်မာဘီလုံးငှက်၊ ငှက်မင်းသား၊ ဗိုက်ဖြူငှက်များကို စိတ်လက်ကြည်လင်အေးချမ်းစွာ ကြည့်ရှုလေ့လာနိုင်စေရန် ခရီးသွားမြှင့်တင်ခြင်း လုပ်ငန်းများကို ဩဂုတ်လမှ စတင်ကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ရွှေစက်တော်ဘုရားပွဲမှ ဈေးဆိုင်တန်းများ။

ရွှေစက်တော် ဘုရားပွဲရာသီမှာ တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်နေ့အထိ သုံးလတိုင် ကျင်းပလေ့ရှိပြီး မြန်မာ့ဆယ့်နှစ်လရာသီ ပွဲတော်များထဲတွင် ရက်ရှည်ကျင်းပသော ပွဲတော်တစ်ခုဖြစ်သည်။ ယခင်နှစ်များက ပွဲတော်ကျင်းပသည့်အခါ အထက်စက်တော်ရာ၊ အောက်စက်တော်ရာ၊ ပါဒစေတီ နှစ်ဆူလောက်သာ လူသိများပြီး ဖူးမြော်ကြသည်။ ယခုအခါ မင်းဘူးမြို့ပေါ်မှ တန်ခိုးကြီး စေတီပုထိုးများနှင့် အခြားအထင်ကရ နေရာများကိုလည်း အသစ်ပြန်လည်တည်ဆောက် ပြုပြင်ထားသဖြင့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများအဖို့ နယ်ပယ်စုံ၊ နေရာစုံ၊ ပုံစံအမျိုးမျိုးကို အသွင်သစ်၊ အမြင်သစ်များဖြင့် စိတ်ကြည်လင်အေးချမ်းစွာ ကြည့်ရှုလေ့လာ ဖူးမြော်နိုင်မည် ဖြစ်သည်။

**ဇေယျာထက်(မင်းဘူး)**

# လက်ပံတန်းမြို့နယ် ရုံးပေါင်းစုံငွေစုငွေချေး သမဝါယမအသင်းလီမိတက်က စုဆောင်းငွေပေါ်အတိုးနှင့် ပညာထူးချွန်ဆုငွေများ ပေးအပ်



**တောင်ငူ ဩဂုတ် ၂၈**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ရုံးပေါင်းစုံငွေစုငွေချေး သမဝါယမအသင်းလီမိတက်က အသင်းသားပြည်သူများ စားဝတ်နေရေးအဆင်ပြေစေရန်နှင့် လူမှုရေး၊ ကျန်းမာရေးကိစ္စများတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ အသင်းမှ အသင်းသား ၂၃၁ ဦးကို စုဆောင်းငွေပေါ်အတိုးငွေကျပ် ၂၆ ဒသမ ၃၄ သိန်းကျော်နှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော အမှုဆောင်များ၏ သားသမီးတို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(ယာပုံ)**


**သတင်းစဉ်**

*စာမျက်နှာ ၁၆ မှ*

သီးသန့်မွေးမြူသည့်စနစ်တို့ နှိုင်းယှဉ်ခြင်း” သုတေသနဆောင်ရွက်ခဲ့ရာတွင် ငါး/ပုစွန်၏ ရှင်သန်ကြီးထွားနှုန်းမှာ သီးသန့်မွေးမြူသည့် နည်းစနစ်ထက် အကွာပိုးနစ်စနစ်၌ ပိုမိုကောင်းမွန်ကြောင်း လေ့လာတွေ့ရှိခဲ့ပါသည်။ မွေးမြူရေးသုတေသနစခန်း (မန္တလေး)တွင် ၂၀၂၂ ခုနှစ် စက်တင်ဘာလ၌ “အပင်အား ငါးတစ်မျိုး (Monoculture)နှင့် ငါးတစ်မျိုးထက်ပို၍ အတူယှဉ်တွဲစိုက်ပျိုးမွေးမြူခြင်း (Polyculture)၏ အကျိုးသက်ရောက်မှု”သုတေသနလုပ်ငန်းအား ဆောင်ရွက်ခဲ့ရာတွင် ငါးတစ်မျိုးတည်းထက်ပို၍ အပင်နှင့်တွဲဖက်ခြင်းသည် ပိုမိုကောင်းမွန်ကြောင်း သုံးသပ်ဖော်ပြထားပါသည်။

**Aquaponic System (အကွာပိုးနစ်စနစ်) ဆိုသည်မှာ**

အကွာပိုးနစ်ဆိုသည်မှာ **Aqua**culture (ငါး/ပုစွန်မွေးမြူရေး)နှင့် Hydro**ponic** (အာဟာရရည်ဖြင့် မြေမဲ့စိုက်ပျိုးရေး) တို့အား ပေါင်းစပ်ထားသော စိုက်ပျိုးမွေးမြူရေးစနစ်ဖြစ်ပါသည်။ ငါး/ပုစွန်မွေးမြူရေးလုပ်ငန်းများတွင် အမိုးနီးယားပမာဏ (0.5 mg/L) ထက်မကျော်လွန်စေရန်နှင့် ပတ်ဝန်းကျင်သို့စွန့်ပစ်မည်ဆိုပါက အမိုးနီးယားပမာဏ(5 mg/L)အောက်ရှိရန် လိုအပ်ပါသည်။ အကွာပိုးနစ်နည်းစနစ်တွင် ငါးမွေးမြူထားသည့်ကန်အတွင်း (ငါးမှစွန့်ထုတ်သော အညစ်အကြေးနှင့် အစာကြွင်းကျန်များမှ)ဖြစ်ပေါ်သည့် အမိုးနီးယား (Ammonia–$NH_3$)ကို Nitrosomonas ဟုခေါ်သော အဏုဇီဝပိုးမွှားလေးများမှ နိုက်ထရစ် ($NO_2$)အဖြစ် ပြောင်းလဲပြီး ၎င်းမှတစ်ဆင့် အခြားအဏုဇီဝပိုး(Nitrobacter)မှ နိုက်ထရိတ်($NO_3$)အဖြစ်ပြောင်းလဲကာ အပင်အတွက် လိုအပ်သောအာဟာရ ထောက်ပံ့ပေးပြီး အပင်မှတစ်ဆင့် ငါးများအတွက်လိုအပ်သည့် ရေအရည်အသွေးပြန်လည်ရရှိရန် အသုံးချပေးခြင်းဖြစ်သည်။




ငါး/ပုစွန်မွေးမြူရေးမှ စွန့်ပစ်ရေကို သီးနှံအပင်မှအသုံးပြု၍ ရေသန့်စင်သည့်စနစ်။

**အကွာပိုးနစ်စနစ်သုံးမျိုး**

Aquaponic စနစ်ဖြင့် အပင်နှင့်ငါး တွဲဖက်စိုက်ပျိုးမွေးမြူရာတွင် ငါးအမျိုးအစားတိုင်းနှင့် သီးနှံပင်အမျိုးအစားတိုင်း စနစ်တစ်ခုတည်းတွင် တွဲဖက်၍ စိုက်ပျိုးမွေးမြူနိုင်သည်မဟုတ်ဘဲ အမျိုးအစားအလိုက် သင့်လျော်သည့်စနစ်ဖြင့် တွဲဖက်၍ စိုက်ပျိုးမွေးမြူမှသာ ရေရှည်ထုတ်လုပ်နိုင်မည်ဖြစ်သည်။ Aquaponic System စိုက်ပျိုးမွေးမြူရေးစနစ်တွင် အသုံးများသည့် နည်းစနစ်သုံးမျိုးမှာ– ရေပေါ်တွင်ပေါ်နိုင်သည့်အလွှာဖြင့် စိုက်ပျိုးသည့်စနစ်(Deep Water Culture–DWC)၊ ပိုက်လိုင်းတွင် ရေဖြတ်သန်း၍ စိုက်ပျိုးသည့်စနစ် (Nutrient Film Technique–NFT)နှင့် မြေကျစ်ခဲအလွှာဖြည့်၍ စိုက်ပျိုးသည့်စနစ် (Media Filled Bed–MFB) တို့ဖြစ်ပါသည်။ စိုက်ပျိုးမွေးမြူမည့်နေရာဒေသ၊ ရာသီဥတုနှင့် ရင်းနှီးမြှုပ်နှံမှုတို့တွင်မူတည်၍ နည်းစနစ်ကို ရွေးချယ်ဆောင်ရွက်နိုင်ပါသည်။ သုတေသနပြုဆောင်ရွက်ချက်များအရ အကွာပိုးနစ်စနစ်သည် အမိုးအကာ၊ အဆောက်အအုံအတွင်း (Inside ware house) ထိန်းချုပ်မှုစနစ်ဖြင့် စိုက်ပျိုးမွေးမြူပါက ပိုးမွှား၊ တိရစ္ဆာန်နှင့် ရာသီဥတုကဲ့သို့သော ပတ်ဝန်းကျင်မှသက်ရောက်မှုများ လျော့နည်းစေကြောင်း စမ်းသပ်ဖော်ပြခဲ့ပါသည်။ ထိုသို့သော နည်းစနစ်မျိုးကို အသုံးပြုခြင်းဖြင့် အရည်အသွေးပိုမိုကောင်းမွန်ပြီး မိမိတို့စိုက်ပျိုးမွေးမြူလိုသည့် မျိုးစိတ်ကို နေရာဒေသမရွေး ထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။

**အားသာချက်နှင့် အားနည်းချက်များ**

စိုက်ပျိုးမွေးမြူရေးတွဲဖက်ခြင်းနည်းအားဖြင့် ဂေဟဗေဒနှင့် စီးပွားရေးအရ အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။ ငါးမွေးမြူရေးမှ စွန့်ပစ်ဇီဝအညစ်အကြေးများကို ဟင်းသီးဟင်းရွက်အပင်မှ ပြန်လည်အသုံးချနိုင်ခြင်း၊ မွေးမြူရေးကန်မှပတ်ဝန်းကျင်သို့ စွန့်ပစ်သည့် ရေပမာဏလျှော့ချနိုင်ခြင်းနှင့် ကန်ရေကိုအချိန်ကြာမြင့်စွာ အသုံးပြုနိုင်ပါသည်။ ရေသုံးစွဲမှုလျှော့ချခြင်းဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်လျော့နည်းခြင်း၊ အထူးသဖြင့် မိုးနည်းသောဒေသနှင့် အအေးပိုင်းဒေသများတွင် သိသာစွာ အကျိုးဖြစ်ထွန်းစေနိုင်ပါသည်။ ထို့အပြင် ငါးထွက်ကုန်သာမက တွဲဖက်သီးနှံထုတ်ကုန်ကိုလည်း ထုတ်လုပ်မှုကုန်ကျစရိတ်အနည်းငယ်ဖြင့် ရရှိနိုင်ပါသည်။

စိုက်ပျိုးမွေးမြူရေးတွဲဖက်စနစ်၏ အားနည်းချက်များကို ဖော်ပြရလျှင် နည်းပညာပြန့်ပွားမှုလိုအပ်ခြင်း၊ လုပ်ငန်းစတင်ရာတွင် ကုန်ကျစရိတ်ကြီးမားနိုင်ခြင်း၊ စွမ်းအင်/ အရင်းအမြစ်လိုအပ်ချက်ရှိခြင်း၊ နေ့စဉ်ထိန်းသိမ်းမှုလိုအပ်ခြင်း၊ ထုတ်လုပ်မှုစနစ်စီမံခန့်ခွဲရာတွင် သီးသန့်စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းထက် ကန့်သတ်မှုများရှိခြင်း၊ အပင်နှင့် ငါးပုစွန်မျိုးစိတ်ကို စနစ်တကျရွေးချယ်ရန် လိုအပ်ခြင်း (ငါးလုပ်ငန်းဦးစီးဌာနကတားမြစ်ထားသည့် အာဖရိကငါးခူကဲ့သို့ ငါးမျိုးစိတ်များကို ထည့်သွင်းမွေးမြူခြင်းမပြုရန်)၊ အပူချိန်ပြောင်းလဲမှုကန့်သတ်ချက်ရှိခြင်းနှင့် စနစ်အတွင်း ချို့ယွင်းမှုဖြစ်ပွားပါက ကြီးမားသောဆုံးရှုံးမှုဖြစ်စေနိုင်ပါသည်။

ငါး/ပုစွန်မွေးမြူရေးလုပ်ငန်းနှင့် စိုက်ပျိုးရေးတွဲဖက်ခြင်း၏ အားသာချက်များမှာ မွေးမြူရေးကန်၏ရေတွင်ရှိသော အမိုးနီးယား၊ နိုက်ထရိုဂျင်နှင့် ဖော့စဖိတ်ဓာတ်ပေါင်းများကို တွဲဖက် စိုက်ပျိုးထားသော သီးနှံပင်မှရယူသုံးစွဲနိုင်စေရန် စနစ်တကျပြုပြင်ခြင်းဖြင့် အပင်အတွက် အာဟာရထောက်ပံ့ရယူသုံးစွဲခြင်းဖြင့် ရေအရည်အသွေးကို ထိန်းညှိနိုင်မည်ဖြစ်ပါသည်။ ငါးမွေးမြူရေးသုံး စွန့်ပစ်ရေလျှော့ချနိုင်ခြင်း(Reduce–Wastewater)၊ ငါးမွေးမြူရေးမှစွန့်ပစ်ရေကို သီးနှံအပင်အတွက် အသုံးပြုခြင်း (Reuse)နှင့် သီးနှံအပင်မှသန့်စင်ပြီးသည့်ရေကို ငါးမွေးမြူရေးအတွက် ပြန်လည်အသုံးပြုခြင်း (Recycle) ဖြစ်သည့်အတွက် ဂေဟစနစ်ထိခိုက်မှုမှကာကွယ်နိုင်ခြင်းနှင့် အရည်အသွေးကောင်းမွန်သည့် စိုက်ပျိုး၊ မွေးမြူရေးထုတ်ကုန်များကို ထုတ်လုပ်နိုင်ပြီး လူမှုစီးပွားဖွံ့ဖြိုးမှုအတွက်လည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း နည်းပညာဗဟုသုတရရှိစေရန်နှင့် နေပြည်တော်ကောင်စီနယ်မြေအား Green City၊ Clean City၊ Smart City အကောင်အထည်ဖော်ရေးလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေရန် ပတ်ဝန်းကျင်အကျိုးပြု မြေမဲ့စိုက်ပျိုးမွေးမြူရေးနည်းစနစ် (Aquaponic System) သုတေသနစီမံကိန်းများဆောင်ရွက်ရန် စီစဉ်လျက်ရှိပါကြောင်း သတင်းကောင်းပါး ရေးသားဖော်ပြလိုက်ရပါသည်။ ။



## တပ်မတော် တပ်ရင်း / တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် ဩဂုတ် ၂၈**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲက လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှုညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit) တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ လက်ရည်တစ်ပြင်တည်း သုံးဆောင်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/ တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကော့သောင်းနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား အသွားအလာ ကန့်သတ်စောင့်ကြည့်ထားရှိ

**ကော့သောင်း ဩဂုတ် ၂၈**

နေရပ်ပြန် မြန်မာရွှေ့ပြောင်း အလုပ်သမားများနှင့် ထိုင်းနိုင်ငံအတွင်း အကြောင်းအမျိုးမျိုးဖြင့် ပြစ်ဒဏ်ကျခံရပြီး ပြန်လည်လွတ်မြောက်လာသည့် မြန်မာနိုင်ငံသား အမျိုးသား ၁၂၃ ဦး၊ အမျိုးသမီး ၅၀၊ စုစုပေါင်းအလုပ်သမား ၁၇၃ ဦးကို ယမန်နေ့က ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် မြန်မာနိုင်ငံ ကော့သောင်းမြို့ တာဝန်ရှိအဖွဲ့အစည်းများထံသို့ ရေလမ်းခရီးမှ လာရောက်လွှဲပြောင်း ပေးအပ်သည်။

ပြန်လည်ဝင်ရောက်လာသူများထဲမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးသူများကို တတိယအကြိမ် ဘိုစတာထပ်ဆောင်းထိုးနှံပေးပြီး ကာကွယ်ဆေး လုံးဝမထိုးနှံရသေးသူနှင့် တစ်ကြိမ်သာထိုးနှံထားသူများကို ရောဂါပိုးစစ်ဆေးမှုများ ဆောင်ရွက်ကာ ကော့သောင်းမြို့ရှိ Quarantine Center သုံးခုတွင် သုံးရက်အသွားအလာ ကန့်သတ်ထားရှိ စောင့်ကြည့်စစ်ဆေးပြီး ရောဂါပိုးတွေ့ရှိခြင်း မရှိမှသာ နေအိမ်သို့ ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်သည်။

**ကျော်စိုး(ကော့သောင်း)**

## ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်လေးဦးအား ၎င်း၏မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဩဂုတ် ၂၈**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်လေးဦးအား ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ နယ်မြေခံ တပ်ရင်းခန်းမ၌ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် PDF အဖွဲ့ဝင်များအား ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံကြသည်။

ဦးစွာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ပြည်တပ်နယ်မှ ဗိုလ်မှူးချုပ် အောင်နိုင်ဦးက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သော ကြို့ပင်ကောက်မြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသားသုံးဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့ သယ်ဆောင်လာသည့် လက်နက်၊ ခဲယမ်းများကို လွှဲပြောင်းရယူ၍ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ် စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှု ကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်း အပ်နှံပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## မုတ်သုံလေ အားနည်းနေမည်

**နေပြည်တော် ဩဂုတ် ၂၈**

နေပြည်တော်နှင့် မန္တလေးမြို့တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားနည်းနေမည်ဖြစ်သည်။ **မိုး/ဇလ**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၂၈**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ နောက်လယ်ရပ်ကွက်နေ မိုးမိုးခိုင်သည် ၎င်းအသုံးပြုသည့် “Noe Ngal” Facebook အကောင့်၊ ကရင်ပြည်နယ် ဘားအံမြို့ (၂) ရပ်ကွက်နေ မိုးမြင့်သူသည် ၎င်းအသုံးပြုသည့် “Moe Myint Thu” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ်မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၉-၈-၂၀၂၂ တနင်္လာနေ့

**MRTV HD**

**၀၆:၀၀** ဓမ္မစကြာသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အနန္တာယကြင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ဒိမိုကရေစီဆိုရာဝယ်
**၀၉:၁၀** မွေးမြူရေးရာအဖြာဖြာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** ရာဇဝင်ထဲကသမိုင်းအနုပညာ
**၁၁:၃၀** ဘဝနှင့်အနုပညာ
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အတိတ်ဒါးဒါးအချစ်ချိုချို'** (အပိုင်း-၂)
**၁၃:၃၀** MRTV National News
**၁၆:၃၅** ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ
**၁၇:၀၀** သတင်းသမားပြောတဲ့သတင်းစကား
**၁၇:၄၅** This Week's Special Interest
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ချိုမြမြန်မာတေးအလှ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်ပန်းရနံ့ လွင့်ပျံ့အမုန်း'** (အပိုင်း-၇)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အချစ်ဆိုသည်မှာ'** (အပိုင်း-၁၇)

**mitv**

**07:02** Evergreen Classic: An Da Yel Kin (Htar)
**07:10** Ecotourism: Shwebo & Hanlin (Ancient Pyu City)
**07:25** Myanmar Delicate Artistic Creations - Gem Stone Painting
**07:45** Asia Updates: Racing against the Coronavirus (Epi-1) (P-1) Concerted Efforts
**08:01** Let's Explore Organic Farming
**08:48** Shopping with Torch-Lights
**08:54** Fortune Teller: "Yan Moe Aung"
**09:01** News
**09:27** Global Partnership for Brighter Future: Botswana Pavilion at Expo 2020 Dubai
**09:33** Danu Food: Mone Nyin Saw Dish
**09:38** The Great Collector: Myanmar Antique Furniture and Handicraft

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ဒေါင်ဒင်အင်းနှင့်စုပေါင်းငါးဖမ်းပွဲတော်
**ချင်း (ဖလမ်) (၀၇:၀၀ မှ ၀၈:၀၀)**
တာရှန်းရိုးရာတောင်တက်ကပွဲ
**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
အုံ့ဖွယ်ရုံးပတီသီးအစွမ်း
**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
မွန်ဘာသာစကားပြောကြရအောင်(အပိုင်း-၃)
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
အနစ်နာခံသူရဲ့နှလုံးသား
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ညွှန့်သည်လာရင်ပြန်မှာစိုးရိုးသားတဲ့လူမျိုး
**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
သွေးချင်းတို့ရဲ့ရိုးရာယဉ်ကျေးမှုများဆီသို့
**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာရိုးရာအိမ်ကလေး
**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ရှန်းကန်လှုပ်ရှားဈေးသည်ဘဝ
**ဝကကကရင် (၂၁:၀၀ မှ ၂၂:၀၀)**
အမဲသားတုတ်ထိုး
**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
တံမြက်စည်းလက်မှုပညာ

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၄၅** သတင်းသမားပြောတဲ့ သတင်းစကား

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ငရအသုံးကုန်းတစ်ဝက်'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၆)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဗီရိုသမ္မတနိုင်ငံ)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၆)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၇:၀၀** ဝဥစိုက်ကြမယ်
**၀၇:၁၀** တောင်သူအကျိုးရည်မျှော်ကိုး ဈေးနှုန်းချိုသာ ယူရီးယားမြေဩဇာ
**၀၈:၂၀** ပဲမျိုးစုံတိုးတက်ထုတ်လုပ်မှုမြင့်မားဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့
**၀၉:၂၀** သုံးသီးစားတဲ့တို့ယာမြေ
**၀၉:၂၀** ထန်းပင်တွေတွေ့ရဲ့အကြောင်း ထန်းတောင်သူတို့ရဲ့ဘဝ

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/Weekly Sports Info Sports Diary/Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲကသူတို့အကြောင်း
**၁၄:၅၀** ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲ(အကြိုဗိုလ်လုပွဲ) တိုက်ရိုက်ထုတ်လွှင့်မှု
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၇)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ခွာနာလျှာနာရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များတွင်ဖြစ်ပွားတတ်သည့် ခွာနာလျှာနာရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး မိမိတို့မွေးမြူထားသော ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့်ဝက်များတွင် အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) မိမိတို့မွေးမြူထားသော ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များကို ခွာနာလျှာနာရောဂါ ကာကွယ်ဆေး ပုံမှန်ထိုးနှံရန်၊

(၂) နာမကျန်း ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များကို လွှတ်ကျောင်းခြင်း၊ အခြားကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်များနှင့် ရောနှောခြင်းမပြုရန်၊

(၃) မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုရန်နှင့် ပိုးသတ်သန့်စင်ခြင်း ပုံမှန်ဆောင်ရွက်ရန်၊

(၄) ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များ အသစ်ဝယ်ယူ မွေးမြူမည်ဆိုပါက ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့်ဝက်များကို ဝယ်ယူမွေးမြူရန်၊

(၅) ဝယ်ယူသည့် ကျွဲ၊ နွား သိုး၊ ဆိတ်နှင့် ဝက်အသစ်များကို မိမိခြံရှိတိရစ္ဆာန်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှမွေးမြူရန်၊

(၆) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း၊ လူ၊ ယာဉ်အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၇) ဆေးထိုးအပ်နှင့် ခြံအသုံးအဆောင်ပစ္စည်းများ မျှဝေသုံးစွဲခြင်းမပြုရန်၊

(၈) ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များ ရွှေ့ပြောင်းသယ်ဆောင်ရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်လက်မှတ် (AHD/ PC-3) ရယူရန်၊

(၉) မိမိတို့မွေးမြူထားသော ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များတွင် ခွာနာလျှာနာရောဂါ ဖြစ်ပွားနေသည်ဟု သံသယရှိပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၁၀) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၈-၈-၂၀၂၂

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၂၀၅၅၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၂၀၅၂၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၅၅ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၅၂ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၃၂၂၅ ကျပ် | ၃၂၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၃၃၀၅ ကျပ် | ၃၃၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၄၉၅ ကျပ် | ၂၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၅၇၀ ကျပ် | ၂၆၁၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၉၈ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၁၀ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၈ . ၃၅၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၃၃ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၆၉ . ၉၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၆ . ၀၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၆ . ၃၀၇ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆၉၀၀ | ၇၀၀၀ | ၂၄ | ၁၆၅၇၀၀ |
| MTSH | ၂၄၅၀ | ၂၄၅၀ | ၆၃၈၇ | ၁၅၃၇၈၁၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၁ | ၄၃၃၈၀၀၀ |
| TMH | ၂၃၅၀ | ၂၃၅၀ | ၁ | ၂၃၅၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၀၀၀ | ၃၉၀၀ | ၂၈၀ | ၁၀၉၆၄၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“တရားမဝင်ကုန်သွယ်မှုသတင်းများ”**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“ကုန်သွယ်မှုဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ”**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |

## ရမ်းဗြဲမြို့နယ်၌ ပြည်သူ၊ ကျေးလက်၊ ယူနီဆက်ဖ်ပူးပေါင်းဆောင်ရွက်သော ရေပေးရေးလုပ်ငန်း ပြီးစီး

**ရမ်းဗြဲ ဩဂုတ် ၂၈**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်အတွင်း ပြည်သူ၊ ကျေးလက်၊ ယူနီဆက်ဖ်တို့ ပူးပေါင်းဆောင်ရွက်ပြီး အိမ်တိုင်ရာရောက် ရေမီတာစနစ်ဖြင့် ရေရယူသုံးစွဲနေကြပြီဖြစ်သော ခမောင်းခြေတိုင်ကျေးရွာအုပ်စု ရွာသာယာကျေးရွာသို့ ကျောက်ဖြူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်သက်ဦးနှင့် ဝန်ထမ်းများက ဩဂုတ် ၂၈ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးစဉ် မြို့နယ်ဦးစီးမှူး ဦးအောင်ထွန်းက ရွာသာယာကျေးရွာ၌ ပြည်သူ၊ ကျေးလက်၊ ယူနီဆက်ဖ်ပူးပေါင်းဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ကျေးရွာအတွင်း အိမ်တိုင်းစေ့ ရေမီတာစနစ်ဖြင့် ရေရယူသုံးစွဲနေကြမှုအခြေအနေများ၊ တောင်ကုန်းပေါ်တွင် ရေစုကန်တည်ဆောက်ထားမှု၊ ရေကန်အနီး၌ ဆိုလာများ တပ်ဆင်ထားမှုနှင့် ရေစုကန်ပေါ်သို့ ရေတင်ပြီး ရေရယူသုံးစွဲနေမှုတို့ကို လိုက်လံရှင်းလင်းပြသည်။ ခရိုင်ဦးစီးမှူးက ကျေးရွာရေပေးရေးကော်မတီဝင်များအား ယခုကဲ့သို့ ပြည်သူ၊ ကျေးလက်၊ ယူနီဆက်ဖ်တို့ ပူးပေါင်းဆောင်ရွက်ခဲ့မှုဖြင့် အောင်မြင်စွာ ရေရယူသုံးစွဲနေကြသည်ကို မြင်ရသည့်အတွက် ဝမ်းသာဂုဏ်ယူမိပါကြောင်းနှင့် ရေရယူသုံးစွဲမှုအား ရေရှည်အသုံးပြုနိုင်ရေး ကျေးရွာသူကျေးရွာသားများအနေဖြင့် စနစ်တကျသုံးစွဲပြီး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။



ရွာသာယာကျေးရွာသည် ယခင်က မြေသားရေကန်မှ ရေကိုသယ်ယူသုံးစွဲနေကြရာမှ ယခုအခါ ရေမီတာစနစ်ဖြင့် အိမ်တိုင်းစေ့ အိမ်တိုင်ရာရောက်ရယူသုံးစွဲနေကြပြီဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## မော်လမြိုင်ကျွန်းမြို့နယ်၌ မိုးကြိုးထိမှန်မှုကြောင့် သေဆုံးသူအတွက် ထောက်ပံ့ငွေပေးအပ်

**မော်လမြိုင်ကျွန်း ဩဂုတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ဩဂုတ် ၂၅ ရက် မိုးကြိုးထိမှန်မှုကြောင့် သေဆုံးသူ တစ်ဦးအတွက် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ကယ်ဆယ်ရေးထောက်ပံ့ငွေကို ကျန်ရစ်သူမိသားစုထံ ဩဂုတ် ၂၇ ရက်က ထောက်ပံ့ပေးအပ်သည်။ လှိုင်းဘုန်းကျေးရွာအုပ်စု လိပ်ချောင်းကျေးရွာမှ မိုးကြိုးပစ်ခံရ၍ သေဆုံးသူအတွက် ထောက်ပံ့ငွေ ကျပ်သုံးသိန်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက သေဆုံးသူ၏မိသားစုဝင်များထံသို့ အိမ်အရောက်သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

**အောင်အောင်**
**(ပြန်/ဆက်)**

## မောင်တောမြို့နယ်၌ ကိုဗစ်-၁၉ ထပ်ဆောင်းကာကွယ်ဆေး ဆက်လက်ထိုးနှံပေး

**မောင်တော ဩဂုတ် ၂၈**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးစီးသော ဦးတည်အုပ်စုတွင် ပါဝင်သူများအား ထပ်ဆောင်းကာကွယ်ဆေးများကို သတ်မှတ်စုရပ်နေရာများ၌ ဩဂုတ် ၂၇ ရက်က ဆက်လက်ထိုးနှံပေးသည်။

ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက ကြီးကြပ်ပြီး မြို့နယ်ကုသရေးဦးစီးမှူး ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ စာရင်းများမှတ်ယူခြင်း၊ လာရောက်ထိုးနှံသည့်သူများအား ကိုယ်ပူချိန်တိုင်းခြင်း၊ သွေးပေါင်ချိန်တိုင်းပေးခြင်း၊ သွေးတွင်း အောက်ဆီဂျင်ပမာဏ တိုင်းခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းများကို ဆောင်ရွက်ပေးကာ ပုံမှန်အခြေအနေရှိမှသာ စနစ်တကျကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်သည်။

ဩဂုတ် ၂၇ ရက်တွင် ပြည်သူ ၄၃၄ ဦးအား ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ပြီး မြို့နယ်အတွင်း ဩဂုတ် ၂၇ ရက်အထိ ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးသူ ၃၅၁၆၈ ဦး ရှိပြီဖြစ်ကြောင်း မြို့နယ်ကုသရေးဦးစီးဌာနမှ သိရသည်။

**အောင်ကျော်စိန်**
**သက်လွင်စိုး (ပြန်/ဆက်)**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီး ဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**




## အဘိဓမ္မတက္ကသိုလ်၏ ပထမအကြိမ် ဘွဲ့နှင်းသဘင်ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၈**

အဘိဓမ္မတက္ကသိုလ်၏ ပထမအကြိမ်အဘိဓမ္မဝိသိဌဆေက B.A(Hons)၊ အဘိဓမ္မဆေက B.A နှင့် ဒသမအကြိမ်အဘိဓမ္မဓရ Superior Diploma ဘွဲ့နှင်းသဘင်အခမ်းအနားကို ဩဂုတ် ၂၆ ရက်က လော့တေးဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် အဘိဓမ္မတက္ကသိုလ်နာယက ဆရာတော် ဒေါက်တာဦးဇောတိက က ဩဝါဒစကား မိန့်ကြားသည်။ ထို့နောက် အဘိဓမ္မတက္ကသိုလ်ဥက္ကဋ္ဌ ပါမောက္ခဦးစန်းဝင်းက ဘွဲ့နှင်းသဘင်ဆုချီးမြှင့်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အဘိဓမ္မတက္ကသိုလ်နာယကဆရာတော်၊ ဥက္ကဋ္ဌ၊ ပါမောက္ခများနှင့် မော်ကွန်းထိန်းများက အဘိဓမ္မဝိသိဌဆေက B.A(Hons) ဘွဲ့ ကိုးဦး၊ အဘိဓမ္မဆေက B.A ဘွဲ့ ၁၀၂ ဦး၊ အဘိဓမ္မဓရဒီပလိုမာဘွဲ့ ၂၀၄ ဦးတို့အား ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အာကာလင်း**

## ဒေါပုံမြို့နယ်စာရေးဆရာအသင်း အမှုဆောင်ရွေးချယ်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်စာရေးဆရာအသင်းအမှုဆောင်ရွေးချယ်ပွဲကို ဩဂုတ် ၂၇ ရက်က ဒေါပုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အဆိုပါ အမှုဆောင်ရွေးချယ်ပွဲ၌ မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို) အတွင်းရေးမှူးပုသိမ်အောင်သန်းဦးက အမှာစကားပြောကြားသည်။ ထို့နောက် ဒေါပုံမြို့နယ် စာရေးဆရာအသင်းအမှုဆောင်သစ်ရွေးချယ်ကြရာ ဥက္ကဋ္ဌ ဦးကျော်စိန်သန်း (တက္ကသိုလ်ကျော်စိန်သန်း)၊ အတွင်းရေးမှူးမောင်ယဉ်ဂင်း(ဒေါပုံ)၊ ဘဏ္ဍာရေးမှူး ရွှေဂုံတင်ထွဋ်၊ အမှုဆောင် ဒေါက်တာသန်းမင်းထိုက် (မြန်မာစာ)နှင့် ဒေါ်ဆွေဆွေ (မေစိုးရယ်)တို့အား ရွေးချယ်ကြပြီး ဥက္ကဋ္ဌ ဦးကျော်စိန်သန်း (တက္ကသိုလ်ကျော်စိန်သန်း)က ကျေးဇူးတင်စကားပြောသည်။

**အာကာစိုး**

**ဟင်းသီးဟင်းရွက်များနှင့် ပန်းကန်ခွက်ယောက်များကို ရေဖွင့်ထားပြီး မဆေးကြောပါနှင့်။**
**ဟင်းသီးဟင်းရွက်များနှင့် ပန်းကန်ခွက်ယောက်များကို ရေဖြည့်ထားသော ဇလုံတစ်ခုထဲတွင် ဆေးကြောပါ။**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ (၂၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း




**ရန်ကုန် ဩဂုတ် ၂၈**

နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ဩဂုတ် ၁၈ ရက်မှ ၁၉ ရက်အထိ Video Conferencing စနစ်ဖြင့် ကျင်းပသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်တရားရေးဦးစီးမှူးများ၏ (၂၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံ ထပ်ဆင့်ရှင်းလင်းပွဲကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်က ပြည်ထောင်စုတရားသူကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့် ရှင်းလင်းပြောကြားသည်။ ထပ်ဆင့်ရှင်းလင်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းတရားရေး ဦးစီးမှူးနှင့် ရန်ကုန်တိုင်း တရားလွှတ်တော်၊ ခရိုင်တရားရုံး၊ မြို့နယ်တရားရုံးများမှ တရားသူကြီးများ၊ တရားရေးအရာရှိများ စုစုပေါင်း ၁၅၈ ဦး တက်ရောက်ကြောင်း သိရသည်။

**အာကာစိုး**

# မင်းဘူးမြို့၌ နှမ်းများ ဝယ်လိုအားများပြီး အရောင်းသွက်

**မင်းဘူး ဩဂုတ် ၂၈**

မင်းဘူးမြို့၌ နှမ်းများ တစ်နေ့လျှင် တင်း ၂၀၀၀ ကျော် ဝင်ရောက်ရောင်းချလျက်ရှိပြီး ဝယ်လိုအားကောင်းပြီး အရောင်းသွက်လျက်ရှိကြောင်း မင်းဘူးမြို့ အမှတ်(၃)ပွဲရုံပိုင်ရှင် ဦးခင်မောင်ထွန်းထံမှ သိရသည်။

မင်းဘူးမြို့ရှိ ပွဲရုံများ၌ မိုးကြိုနှမ်းများကို ဇူလိုင်လက စတင်နုတ်သိမ်း၍ လာရောက်ရောင်းချလျက်ရှိပြီး မြို့နယ်အတွင်းမှ ကျေးရွာများဖြစ်သော ပဒါန်း၊ လေးပင်၊ ဆင်ခေါင်း၊ ကုန်းသာ၊ ချောင်းဖြူမုန်တောင်စသော ကျေးရွာများမှ လာရောက်ရောင်းချလျက်ရှိသည်။ မင်းဘူးမြို့၌ ပဲအမျိုးမျိုးနှင့် နှမ်း၊ နေကြာ၊ မြေပဲစသော ဆီထွက်သီးနှံများ ဝယ်ယူသော ပွဲရုံငါးရုံရှိကာ တစ်နေ့လျှင် နှမ်းတင်းရေ ၂၀၀၀ ကျော် ဝင်ရောက်ရောင်းချလျက်ရှိပြီး ဝယ်လိုအားကောင်းပြီး အရောင်းသွက်လျက်ရှိကြောင်း ပွဲရုံပိုင်ရှင်များထံမှ သိရသည်။

မင်းဘူးမြို့၌ လက်ရှိနှမ်းဈေးမှာလည်း ဈေးကောင်းရနေပြီး နှမ်းဖြူတစ်တင်းလျှင် ကျပ် ၈၈၀၀၀ နှင့် နှမ်းနက်များမှာ အရည်အသွေးကောင်းပါက ကျပ် ၈၈၀၀၀ မှ ၉၀၀၀၀ ဝန်းကျင် ဈေးရရှိကာ အရည်အသွေးညံ့လျှင် ကျပ် ၈၂၀၀၀/၈၃၀၀၀ သာ ရရှိကြောင်း သိရသည်။

**ဇေယျာထက်(မင်းဘူး)**

# ပူတာအိုမြို့၌ ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်းဆင်း

**ပူတာအို ဩဂုတ် ၂၈**

ကချင်ပြည်နယ် ပူတာအိုခရိုင် မီးသတ်ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ် ၂၇ ရက်က ပူတာအိုမြို့ လေယာဉ်ကွင်းရပ်ကွက်ရှိ ခရိုင်မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းထွေးက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းတက်ရောက်ခဲ့ကြသည့် ပရဟိတလူမှုကူညီရေးအသင်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။



ထို့နောက် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် သင်တန်းသား သင်တန်းသူများက အခြေခံကြိုးချည်နည်း ၂၃ နည်းအနက် ကြိုးချည်နည်း ၁၀ မျိုးကို လက်တွေ့သရုပ်ပြသခြင်း၊ အသက်ရှူကိရိယာဝတ်ဆင်၍ အမှောင်ထုအတွင်း လူနာရှာဖွေကယ်ဆယ်နည်း လက်တွေ့သရုပ်ပြသခြင်း၊ အဆင့်မြင့် ရှာဖွေကယ်ဆယ်ရေးကိရိယာ (Hydraulic)စက်များ ကိုင်တွယ်အသုံးပြုနည်း လက်တွေ့သရုပ်ပြသခြင်းများနှင့် သင်တန်းတွင် အသုံးပြုခဲ့သည့် ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းကိရိယာများ ခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ခဲ့ပြီး ဩဂုတ် ၂၂ ရက်မှ ၂၇ ရက်အထိ ဘာသာရပ် ၁၀ မျိုးကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စိုက်ပျိုးရေး၊ မွေးမြူရေးသင်တန်းဆင်း

**ကျိုင်းတုံ ဩဂုတ် ၂၈**

ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးရေး၊ မွေးမြူရေး သင်တန်းဆင်းပွဲကို ဩဂုတ် ၂၇ ရက်က ယန်းဟောက်ကျေးရွာခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးရဲခေါင်က အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ သင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်း၌ ကောင်းမွန်သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် မွေးမြူရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ စသည့်သင်ခန်းစာများကို စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ နည်းပြဆရာ ဆရာမများက ဩဂုတ် ၈ ရက်မှ ၂၇ ရက် အထိ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပေးကြောင်း သိရသည်။

**ချိုသန်းညွန့် (ကျေးလက်)**

**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**
**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**
**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

## MIUI 14 ထုတ်ဝေမည့်အချိန်နှင့် ရရှိနိုင်မည့်ဖုန်းများစာရင်းကို ထုတ်ပြန်




ရန်ကုန် ဩဂုတ် ၂၈

ဩဂုတ် ၁၅ ရက်က စတင်ဖြန့်ဝေထားပြီးဖြစ်သော အန်းဒရွိုက်ဗားရှင်းအသစ် Android 13 ကို အခြေခံ၍ထုတ်လုပ်မည့် MIUI ဗားရှင်းအသစ်ဖြစ်သော MIUI 14 ကို ယခုနှစ် နိုဝင်ဘာ သို့မဟုတ် ဒီဇင်ဘာလအတွင်း စတင်ထုတ်ဝေမည်ဖြစ်သည်။ အပ်ဒိတ်ရရှိနိုင်မည့် ဖုန်းများနှင့် မရနိုင်မည့် ဖုန်းများစာရင်းနှင့် MIUI 14 တွင် ပြောင်းလဲပါဝင်လာမည့် အချက်များကို Xiaomi က ဩဂုတ် ၁၈ ရက်တွင် ထုတ်ပြန်ကြေညာသည်။

MIUI 14 တွင်ပြောင်းလဲပါဝင်လာမည့်အချက်များအနေဖြင့် Control Center စတိုင်အဟောင်းကို ဖယ်ရှားခြင်း၊ အန်းဒရွိုက် ၁၃ ၏ Media Player ကို ထည့်သွင်းထားခြင်း၊ Calculator အက်ပလီကေးရှင်းကို ဒီဇိုင်းအသစ်ပြောင်းထားခြင်း၊ Gallery နှင့် Download အက်ပလီကေးရှင်းများကို ဖြုတ်၍မရခြင်းနှင့် Gallery တွင် On this Day လုပ်ဆောင်ချက်အသစ် ပါဝင်လာခြင်း၊ မက်ဆေ့ပေးပို့သည့်စနစ်ကို အဆင့်မြှင့်ပြောင်းလဲထားခြင်း၊ App Vault ကို အပ်ဒိတ်လုပ်ထားခြင်း၊ Notification Panel တွင် အသိပေးချက်များကို ပိတ်နိုင်သည့် လုပ်ဆောင်ချက်ပါလာခြင်း၊ Launcher ဆက်တင်များနှင့် မီနူးကို ပြန်လည်ဒီဇိုင်းထုတ်ထားခြင်း၊ Memory Extension တွင် မင်မိုရီအခြေအနေကို ပြသခြင်း စသည်တို့အပြင် လုံခြုံရေးပိုင်းဆိုင်ရာ အဆင့်မြှင့်တင်မှုများစွာလည်း ပါဝင်ကြောင်း ဖော်ပြထားသည်။

MIUI 14 ကို အပ်ဒိတ်ရရှိနိုင်မည့် ဖုန်းများအနေဖြင့် Xiaomi က ထုတ်ထားသော Xiaomi, Redmi နှင့် POCO ဖုန်းများမှ မော်ဒယ်မြင့်ဖုန်းအများစုတွင် အပ်ဒိတ်ရနိုင်မည်ဖြစ်သလို ပြည်တွင်းဈေးကွက်တွင် ကျယ်ကျယ်ပြန့်ပြန့် ရောင်းချထားသည့် ဖုန်းမော်ဒယ်အများစုလည်း အပ်ဒိတ်ရမည့်စာရင်းတွင် ပါဝင်နေသည်ကို တွေ့ရသည်။

အပ်ဒိတ်ရနိုင်မည့် Xiaomi ဖုန်းများစာရင်းတွင် MI 10 စီးရီးမှစ၍ Mi 11, 12 နှင့် နောက်ဆုံးထွက် Xiaomi 13 စီးရီးဖုန်းများအထိ၊ Xiaomi MIX 4 နှင့် MIX FOLD စီးရီး ခေါက်ဖုန်းများ၊ Xiaomi Civi နှင့် Civi 1S ဖုန်းများ၊ Xiaomi Pad 5, Pad 5 Pro နှင့် Pad 5 Pro 5G တက်ဘလက်များ ပါဝင်သည်။

အပ်ဒိတ်ရနိုင်မည့် Redmi ဖုန်းများစာရင်းတွင် Redmi Note 10 နှင့် Note 11 စီးရီးမှ မော်ဒယ်အားလုံး၊ Redmi Note 9 မော်ဒယ်အချို့၊ Redmi K30, K40 နှင့် K50 စီးရီးများထဲမှ မော်ဒယ်အားလုံး၊ Redmi Note 8 (2021)၊ Redmi 10 စီးရီးမှ မော်ဒယ်အချို့၊ Redmi 9 စီးရီးတွင် 9T နှင့် 9 Power တို့ ပါဝင်သည်။

အပ်ဒိတ်ရနိုင်မည့် POCO ဖုန်းများစာရင်းတွင် POCO M3, M4 Pro 4G, M4 5G, M5, M5s, X4 Pro 5G, M4 Pro 5G, M3 Pro 5G, X3/NFC, X3 Pro, X3 GT, X4 GT, F4, F3, F3 GT, C40, C40+ ဖုန်းများ ပါဝင်သည်။

အပ်ဒိတ်မရနိုင်တော့သည့် ဖုန်းများစာရင်းတွင်မူ Mi 9 စီးရီးမှ ဖုန်းအများစု၊ Redmi K20 စီးရီးဖုန်းများ၊ Redmi 10 စီးရီးမှ 10X 4G, 10X 5G နှင့် 10X Pro, Redmi Note စီးရီးတွင် Note 9, Note 9S, Note 9 Pro, Note 9 Pro Max၊ Redmi 9 စီးရီးမှ ဖုန်းအများစု၊ POCO စီးရီးတွင် M2, C3 နှင့် C31 တို့မှာ အပ်ဒိတ်ရနိုင်တော့မည် မဟုတ်ကြောင်း ဖော်ပြထားသည်။

ကိုစိုး

ကိုးကား – xiaomiui.net

New Product

## ဆမ်ဆောင်းရဲ့ တန်ဖိုးနည်းဖုန်းမော်ဒယ်သစ် Galaxy A03 Core

ရန်ကုန် ဩဂုတ် ၂၈

ဒီဖုန်းဟာ နိုင်ငံတကာဈေးကွက်မှာ ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းကတည်းက မိတ်ဆက်ခဲ့ပေမယ့် ပြည်တွင်းဈေးကွက်မှာတော့ ဇူလိုင်လကုန်ပိုင်းကမှ တရားဝင် စတင်ရောင်းချတာဖြစ်ပါတယ်။ လက်ရှိထွက်ထားတဲ့ ဆမ်ဆောင်းရဲ့ဖုန်းတွေထဲမှာ တန်ဖိုးအနည်းဆုံးဖုန်းလည်း ဖြစ်ပါတယ်။

| | |
|---|---|
| မျက်နှာပြင်အကျယ် | ၆ ဒသမ ၅ လက်မ |
| မျက်နှာပြင်အမျိုးအစား | PLS LCD |
| Resolution | 720x1600 pixels |
| Chipset | Unisoc SC9863A |
| RAM နဲ့ မင်မိုရီ | 2/32 |
| ပင်မကင်မရာ | ၈ မဂ္ဂါပစ်ဇယ် |
| ဆယ်လ်ဖီကင်မရာ | ၂ မဂ္ဂါပစ်ဇယ် |
| ဘက်ထရီ | Li-Po 5000 mAh |

ဈေးနှုန်းက ကျပ် ၂၅၉၀၀၀ ဖြစ်ပြီး တန်ဖိုးနည်းဖုန်းဖြစ်တာကြောင့် ကင်မရာပိုင်း၊ Chipset ပိုင်း၊ RAM ပိုင်းတွေဟာ သာမန်သာရှိပြီး ဆိုရှယ်မီဒီယာကြည့်ရှုံလောက်ပဲ အသုံးပြုမယ့် လူကြီးပိုင်းတွေအတွက် သင့်တော်ပါတယ်။ ဂိမ်းမျိုးစုံကို ကစားချင်တဲ့ လူငယ်တွေ၊ ကင်မရာကောင်းတာကို ကြိုက်သူတွေအတွက်တော့ အဆင်ပြေမှာ မဟုတ်ပါဘူး။

ကျော်ဇင်ဦး

## အဆင့်မြှင့်တင်ထားသည့် My Ooredoo App ဗားရှင်းသစ်ကို ကံစမ်းမဲအစီအစဉ်များနှင့်အတူ မိတ်ဆက်

ရန်ကုန် ဩဂုတ် ၂၈

အဆင့်မြှင့်တင်ထားသည့် My Ooredoo App ဗားရှင်းအသစ်ကို အူရီဒူးမြန်မာက ဩဂုတ် ၁၅ ရက်က စတင်မိတ်ဆက်ခဲ့ပြီး ဒေါင်းလုပ်ရယူ အသုံးပြုသူများအနေဖြင့် ကမ္ဘာ့ဖလား ဘောလုံးပွဲကို သွားရောက်ကြည့်ရှုခွင့်ရမည့် လက်မှတ်အစောင် ၃၀ အပါအဝင် ဆုမဲပေါင်း ၁၅၀၀၀ ကျော် ပါဝင်သည့် ကံစမ်းမဲအစီအစဉ်တွင်လည်း ပါဝင်ခွင့်ရရှိမည်ဖြစ်ကြောင်း အူရီဒူးမြန်မာမှ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ My Ooredoo App ဗားရှင်းအသစ်ကို "Let's Go to World Cup" ကံစမ်းမဲအစီအစဉ်နှင့်အတူ စတင်မိတ်ဆက်လိုက်ခြင်းဖြစ်ပြီး အက်ပလီကေးရှင်း ဗားရှင်းအသစ်တွင် ပက်ကေ့ချ်ဝယ်ယူရန်၊ လက်ကျန်ငွေ စစ်ဆေးရန်၊ ဂိမ်းကစားရန် စသဖြင့် လုပ်ဆောင်ချက်အားလုံးကို ကလစ်နှစ်ချက်နှိပ်ရုံဖြင့် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် အူရီဒူး၏ M– ပိုက်ဆံ အကောင့်ကိုလည်း အက်ပလီကေးရှင်းထဲတွင် အလွယ်တကူဖွင့်၍ အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိတွင် My Ooredoo App နှင့် M-ပိုက်ဆံ App ကို သုံးစွဲနေသူများအနေဖြင့် App တစ်ခုတည်းဖြင့် ဝန်ဆောင်မှုနှစ်မျိုး အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အက်ပလီကေးရှင်းတစ်ခုတည်းဖြင့် ဖျော်ဖြေရေးအစီအစဉ်များဖြစ်သည့် ဂိမ်းများကစားခြင်း၊ ဗီဒီယိုများကြည့်ခြင်း၊ သီချင်းများနားထောင်ခြင်းတို့ကိုလည်း ပြုလုပ်နိုင်မည်ဖြစ်ကြောင်း အူရီဒူးမြန်မာက ကြေညာထားသည်။ အက်ပလီကေးရှင်းကို ရယူရန်အတွက် အူရီဒူးအသုံးပြုသူများအနေဖြင့် နံပါတ် *565# သို့ ဖုန်းခေါ်ဆိုပြီး ဒေါင်းလုပ် Link ကို ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

"Let's go to World Cup" ကံစမ်းမဲအစီအစဉ်ကို ဩဂုတ် ၁၅ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ပြုလုပ်မည်ဖြစ်ပြီး My Ooredoo App ဗားရှင်းအသစ်ကို ရယူ၍ "Let's go to World Cup"ကဏ္ဍတွင် ပါဝင်သည့် လုပ်ဆောင်ချက်များကို ပြုလုပ်ခြင်းဖြင့် ကံစမ်းမဲကူပွန်များရရှိကာ ကံစမ်းမဲအစီအစဉ်တွင် ပါဝင်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။ အသုံးပြုသူများအနေဖြင့် ကာတာကမ္ဘာ့ဖလား ၂၀၂၂ သို့ သွားရောက်ကြည့်ရှုခွင့်ရမည့် ခရီးစဉ်စီစဉ်မှု အပါအဝင် လက်မှတ်အစောင် ၃၀ ကို ကံစမ်းခွင့်ရမည်ဖြစ်သလို အခြားဆုများအနေဖြင့် အူရီဒူး၏ M-ပိုက်ဆံတွင် ပြန်အမ်းငွေ လက်ဆောင်များ၊ အူရီဒူးအချင်းချင်း ဖုန်းခေါ်ဆိုနိုင်ရန်နှင့် SMS ပေးပို့နိုင်ရန်အတွက် သုံးနိုင်မည့် ပြန်အမ်းငွေလက်ဆောင်များ၊ အူရီဒူးအချင်းချင်း ဖုန်းခေါ်ဆိုခွင့်မိနစ်များ စသည့် ဆုအရေအတွက် ၁၅၀၀၀ ကျော်ကို ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုစိုး

## Google Play Games ကို ဒေါင်းလုပ်ပြုလုပ်သည့်အရေအတွက် ငါးဘီလီယံကျော်ရှိလာ

ရန်ကုန် ဩဂုတ် ၂၈

ဂူဂဲလ်၏ မိုဘိုင်းထုတ်ကုန်များအနက် တစ်ခုဖြစ်သည့် Google Play Games အက်ပလီကေးရှင်းကို ဩဂုတ် ၁၅ ရက်တွင် ဒေါင်းလုပ်ပြုလုပ်အသုံးပြုသည့်အရေအတွက် ငါးဘီလီယံပြည့်ခဲ့ကြောင်း သိရသည်။


Google Play Games သည် အန်းဒရွိုက်ဖုန်းများဖြင့် အွန်လိုင်းဖြစ်စေ၊ အော့ဖ်လိုင်းဖြစ်စေ ဂိမ်းကစားသူများအတွက် အဆင်ပြေစေရန် ဂူဂဲလ်က ဖန်တီးပေးထားသည့် အက်ပလီကေးရှင်းဖြစ်ပြီး မြန်မာနိုင်ငံအတွင်းမှ မိုဘိုင်းဂိမ်းကစားသူအများစုသည်လည်း Google Play Games ကို အသုံးပြုလျက်ရှိသည်။

အွန်လိုင်းဂိမ်းကစားသူများအနေဖြင့် Google Play Games အကောင့်တစ်ခုဖွင့်ထားရုံဖြင့် ဂိမ်းအမျိုးမျိုးအတွက် အကောင့်တစ်ခုစီ ဖွင့်ရန် မလိုအပ်တော့ဘဲ အကောင့်တစ်ခုတည်းဖြင့် ကစားနိုင်မည်ဖြစ်သည်။ ထို့ပြင် မိမိဖုန်းထဲမှဂိမ်းများအတွက် အပ်ဒိတ်များထွက်လျှင်ဖြစ်စေ၊ ကစားလေ့ရှိသောဂိမ်းနှင့် အမျိုးအစားတူ ဂိမ်းအသစ်များထွက်လျှင်ဖြစ်စေ အသိပေးခြင်းကိုလည်း ပြုလုပ်ပေးသည်။

အော့ဖ်လိုင်းဂိမ်းကစားသူများအတွက်လည်း ဂိမ်းကစားနေချိန်တွင် ဖုန်း၏မလိုအပ်သော ဆက်တင်များကို အလိုအလျောက် ပိတ်ထားပေးခြင်း၊ ဖုန်း၏စွမ်းဆောင်ရည်နှင့် ဂိမ်း၏လိုအပ်ချက် (CPU၊ မင်မိုရီ၊ ဂရပ်ဖစ်)စသည်တို့ကို အလိုအလျောက် ချိန်ညှိပေးခြင်းတို့ကြောင့် ဖုန်းဖြင့် ဂိမ်းကစားသူတိုင်းအတွက် အလွန်အသုံးဝင်သော အက်ပလီကေးရှင်း ဖြစ်၍ ယခုကဲ့သို့ ဒေါင်းလုပ်အရေအတွက် သန်းငါးထောင်အထိ ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါအရေအတွက်မှာ ဂူဂဲလ်၏ ပလေးစတိုးမှ ဒေါင်းလုပ်ရယူသည့် အရေအတွက်သာဖြစ်ပြီး အန်းဒရွိုက်ဖုန်းများတွင် မူလကတည်းက ထည့်သွင်းပေးထားသော အက်ပလီကေးရှင်းအရေအတွက်ကိုပါ ထည့်သွင်းတွက်ပါက အသုံးပြုသူအရေအတွက်မှာ ၁၀ ဘီလီယံခန့်အထိ ရှိနိုင်ကြောင်း သိရသည်။

ဂူဂဲလ်က ထုတ်ထားသည့် အက်ပလီကေးရှင်းများတွင် Gmail, Chrome, Google Maps နှင့် Youtube တို့သည် ဒေါင်းလုပ်အရေအတွက် ၁၀ ဘီလီယံကျော်ရှိကာ ဒေါင်းလုပ်ပြုလုပ်မှုအများဆုံး အက်ပလီကေးရှင်းများအဖြစ် ထိပ်ဆုံးနေရာမှ ရပ်တည်လျက်ရှိသည်။




ကျော်ဇင်ဦး

# တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်(၄)မျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း



**နေပြည်တော် ဩဂုတ် ၂၈**

၂၀၂၂ ခုနှစ် ဝါတွင်းကာလ၌ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းနှင့် ဘိုးဘွားရိပ်သာများသို့ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ အခမ်းအနားသို့ နေပြည်တော် လယ်ဝေးမြို့နယ် ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇနိန္ဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ဇော်ဟိန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### အလှူငွေလှူဒါန်း

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် ဆေးများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် တိုင်းမှူးက တပ်မတော် (ကြည်း၊ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဆွမ်းပဒေသာပင် အလှူငွေများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

နေပြည်တော်ကောင်စီနယ်မြေရှိ ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်များရှိ ပရိယတ္တိစာသင်တိုက်များ၊ သာသနာ့နွယ်ဝင်သီလရှင်စာသင်တိုက်များနှင့် ဘိုးဘွားရိပ်သာများသို့ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယနေ့လှူဒါန်းမှုအစုစုမှာ ဆွမ်းပဒေသာပင် အလှူငွေကျပ် ၁၃၇၇၀၀၀၀၊ ဆန် ၅၂၃ အိတ် ၁၆ ပြည်၊ ဆီ ၁၅၇ ပိဿာ ၁၀ ကျပ်သား၊ ပဲ ၁၅၇၁ ပိဿာ၊ ဆား ၁၅၇၁ ပိဿာ၊ လက်သန့်ဆေးရည် ၅၀၄ ဘူးနှင့် တိုင်းရင်းဆေးမျိုးစုံ ၂၅၀၈ ဘူးတို့ဖြစ်ပြီး စုစုပေါင်းတန်ဖိုးငွေကျပ် ၄၂၅၁၁၅၄၀ ဖြစ်ကြောင်း သိရသည်။

### ကျန်းမာရေးစစ်ဆေးပေး

အလားတူ ယနေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်ရှိ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်ကျောင်း၊ တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် တောင်ပယကျေးရွာရှိ တောင်ပယ ကျောင်းတိုက်၊ မြောက်ပယကျေးရွာရှိ မြောက်ပယ ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင် မြို့နယ် အမှတ် (၂) ရပ်ကွက်ရှိ ဓမ္မရက္ခိတ ကျောင်းတိုက်၊ မှော်ဘီမြို့နယ် အင်းတန်ကျေးရွာရှိ မဟာရတနာလေထီး တပ်ဦးကျောင်းတိုက်၊ ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့ရှိ ဝေဠုဝန်တောရ တပ်ဦးကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အာသောကာရာမကျောင်း တိုက်၊ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီး မြို့နယ် ကင်ပွန်းတောင်အုပ်စု ကသာကျေးရွာရှိ ရွာဦးဘုန်းတော်ကြီးကျောင်း၊ အုန်းတော (၁) ရပ်ကွက်ရှိ မြို့မသာသနာ့ရိပ်သာကျောင်း၊ သရက် မြို့နယ် စမ်းအိုင့်ကျေးရွာရှိ အရှေ့ဘုန်းတော်ကြီး ကျောင်း၊ စခန်းကြီးကျေးရွာရှိ သီရိမင်္ဂလာတပ်ဦး ကျောင်း၊ အောင်လံမြို့နယ် ဇေယျဝတီရပ်ကွက်ရှိ ဝိသုဒ္ဓါရုံသာသနာပြုစာသင်တိုက်၊ ဆင်ပေါင်ဝဲ မြို့နယ် ကျောက်ဆောင်စမ်းကျေးရွာရှိ မြောက်ကျောင်း ဘုန်းတော်ကြီးကျောင်း၊ ကျားသေကျေးရွာရှိ သာသနမာမကကျောင်းနှင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဟံသာဝတီရပ်ကွက်ရှိ တေဘာတိကာရာမ သီလရှင်စာသင်တိုက်တို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် (၄) မျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြု ပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ခင်လှိုင်၊ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြပြီး နယ်မြေခံ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဩဂုတ် ၂၈**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီး၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီ တိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၂၀၇၇၃ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်၌ ဒေသခံပြည်သူ ၂၀၁၇ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခု၌ ဒေသခံပြည်သူ ၁၄၉၁၆ ဦးကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်၊ ကျောက်ဖြူမြို့နယ်နှင့် သံတွဲမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူ ၃၆၃ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခု၌ ကျောင်းသား ကျောင်းသူ ၃၅၆၂ ဦးကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။ **သတင်းစဉ်**



# လားရှိုးမြို့အတွင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၈**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့အတွင်း၌ ယနေ့နံနက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရပ်ကွက် (၁၂) ရှိ အိမ်ထောင်စုများ၌ ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရေဝင်ရောက်ခဲ့သည့် နေရာများသို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံ တပ်မတော်သားများက မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ယနေ့တွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ **(အပေါ်ပုံ)** ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးမြို့ အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်း၌ ငလျင်ဘေးသဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်

**မကွေး ဩဂုတ် ၂၈**

သဘာဝဘေးအန္တရာယ်များကျရောက်လာပါက ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ် ပျက်စီးဆုံးရှုံးမှုများမဖြစ်ပေါ်စေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ငလျင်ဘေးသဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်ခြင်းကို ယမန်နေ့က မကွေးမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ထွေးကြည်က ငလျင်ဘေးအန္တရာယ်များ ကြုံတွေ့လာပါက လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ဆက်သွယ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသိပညာပေး ဟောပြောသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီအသင်းအဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်း၍ ငလျင်ဘေးသဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်ခြင်းကို ဆောင်ရွက်သည်။

**ကိုစည်သူ(မကွေး)**

# ရှမ်းပြည်နယ်မြောက်ပိုင်း၌ ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအတွက် ရန်ပုံငွေပေးအပ်

**လားရှိုး ဩဂုတ် ၂၈**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ရှမ်းပြည်နယ်မြောက်ပိုင်း အတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင် ကျေးရွာစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း၊ Cash for Work စီမံကိန်း၊ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း၊ မြစိမ်းရောင်ကျေးရွာ (ဆီထွက်သီးနှံ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာများအတွက် စီမံကိန်းရန်ပုံငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၆ ရက်က လားရှိုးမြို့ မြို့တော်ခန်းမ၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်မြောက်ပိုင်း ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောမြင့်ထွန်းက ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ ၂၀၅ ရွာအတွက် ငွေကျပ်သိန်းပေါင်း ၂၀၅၀၀၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် နိုင်နိုင်ဦးက Cash for Work စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ ၂၀ အတွက် ငွေကျပ်သိန်း ၂၀၀၀၊ ပြည်နယ်သယံဇာတရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဦးစိုင်းလိတ်က ကျေးလက်စီးပွား မြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ သုံးရွာအတွက် ငွေကျပ်သိန်း ၉၀၀၊ ပြည်နယ်လူမှုရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မြင့်က မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာခြောက်ရွာ အတွက် ငွေကျပ်သိန်း ၇၀၀၊ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တားသိန်းဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ တစ်ရွာအတွက် ရန်ပုံငွေကျပ်သိန်း ၃၀၀၊ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဆွေက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာတစ်ရွာ အတွက် ရန်ပုံငွေကျပ်သိန်း ၃၀၀၊ "ဝ" ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီနပ်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ တစ်ရွာအတွက် ငွေကျပ်သိန်း ၁၀၀၊ ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးကျော်က ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည် ဖော်ဆောင်ရွက်မည့် ကျေးရွာတစ်ရွာအတွက် ငွေကျပ် သိန်း ၁၀၀ တို့ကို သက်ဆိုင်ရာ ကျေးရွာကော်မတီဝင် အသီးသီးထံသို့ လွှဲပြောင်းပေးအပ်ကြသည်။

အဆိုပါ ရန်ပုံငွေပေးအပ်ပွဲအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့်ကျေးရွာများမှ ကော်မတီဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **နီလာ**

# မိုးညှင်းမြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေအနိမ့်ပိုင်းရှိ လူနေအိမ်များသို့ ရေများဝင်ရောက်

**မိုးညှင်း ဩဂုတ် ၂၈**

ကချင်ပြည်နယ် မိုးညှင်းမြို့၌ ဩဂုတ် ၂၇ ရက် နံနက် ၃ နာရီခန့်မှစတင်၍ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၏ မြေအနိမ့်ပိုင်းရှိ လူနေအိမ်များ၌ ရေများဝင်ရောက်ခဲ့ကြောင်း သိရသည်။

မိုးလေဝသဌာနမှ တိုင်းထွာချက်များအရ မိုးရေချိန်သည် ၇ ဒသမ ၄၇ လက်မရှိပြီး မိုးညှင်းမြို့၏ တောင်အရပ်မှ မြောက်အရပ်သို့ ဖြတ်သန်းစီးဆင်းနေသော နန့်ရင်းချောင်းရေသည် ရေအမှတ် ၄၈၂ စင်တီမီတာသို့ ရောက်ရှိခဲ့ကာ ယင်းချောင်းနံဘေးတစ်လျှောက် မြို့ပေါ် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများဖြစ်သည့် မြို့မ ရပ်ကွက်ရှိ နတ်ကြီးကုန်းရပ်၊ အရှေ့စုရပ်ကွက် ရှိ နောင်စွန်းရပ်၊ နားခါရပ်ကွက်ရှိ ရေလယ် ကျွန်းရပ်၊ အုတ်ကျင်းရပ်ကွက်၊ ပင်လုံကျေးရွာ အုပ်စု၊ အင်ကြင်းကုန်းကျေးရွာအုပ်စု၊ ရွာသစ် ကုန်းကျေးရွာအုပ်စု၊ ဘီလူးကျေးရွာအုပ်စု၊ ဟဲလုံကျေးရွာအုပ်စုနှင့် ဆင်ဘိုကုန်းကျေးရွာ တို့၌ မြေအနိမ့်ပိုင်းရှိ လူနေအိမ်များသို့ ရေများဝင်ရောက်ခဲ့ခြင်းဖြစ်သည်။



ရေဝင်ရောက်သည့် ရပ်ကွက်နှင့်ကျေးရွာ အုပ်စုများရှိ လူနေအိမ်များသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီလွင် ဦးဆောင်သည့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြတ်ခိုင်ကိုနှင့်အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လူမှုကူညီရေး အသင်းများက လိုက်လံကြည့်ရှုကြပြီး အဖွဲ့ များခွဲကာ ချောင်းရေနှင့် မလွတ်ကင်းသည့် လူနေအိမ်များမှ ပြည်သူများအား ရေဘေး လွတ်ရာနေရာများသို့ ကူညီပို့ဆောင်ပေးခဲ့ ကြောင်း သိရသည်။

ရေများဝင်ရောက်ခဲ့သည့် မြို့မရပ်ကွက် မြို့မအောက်ချိုင့်ရှိ လူနေအိမ်ခြေ ၅၆ အိမ် ခန့်နှင့် အရှေ့စုရပ်ကွက်ရှိ နောင်စွန်းရပ် အောက်ချိုင့်ရှိ လူနေအိမ်ခြေ ၂၀ ခန့်သည် နီးစပ်ရာဆွေမျိုးများနေအိမ်သို့ ယာယီ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ ပင်လုံ ကျေးရွာအုပ်စု၌ အလျားပေ ၂၀၀၊ အနံ ငါးပေ ရှိ ကိုယ့်အားကိုယ်ကိုးတံတား လျှောက်လမ်း ငါးပေခန့် ပျက်စီးခဲ့ကြောင်း သိရသည်။

**ဖွဲ့သူရအောင်(မိုးညှင်း)**

# အင်္ဂပူမြို့နယ်၌ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ်မသုံးစွဲရနေ့အဖြစ် သတ်မှတ်မည်

**အင်္ဂပူ ဩဂုတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ အင်္ဂပူမြို့နယ် စည်ပင် သာယာရေးကော်မတီသည် မြို့နယ်အတွင်းရှိ ဈေးများ၌ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ် မသုံးစွဲရနေ့အဖြစ် သတ်မှတ် ဆောင်ရွက်မည်ဖြစ်ရာ ဩဂုတ် ၂၈ ရက်တွင် အင်္ဂပူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မ ဈေးနှင့် မဲဇလီကုန်း၊ ထူးကြီး၊ ကွင်းကောက်၊ ခြောက်ရွာ၊ ညောင်ကျိုးစသည့်ဈေးများ၌ ဈေးရောင်းဈေးဝယ်ပြည်သူများအား အသိ ပညာပေးမှုများ ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင် ကျော်မိုး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်ဝင်း၊ မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့အမှုဆောင်အရာရှိ ဦးနေမျိုးလင်းနှင့် ဝန်ထမ်းများပူးပေါင်းပြီး ဈေးရောင်း၊ ဈေးဝယ် ပြည်သူများအနေဖြင့် ပလတ်စတစ်အိတ်အစား ကြာဖက်၊ အင်ဖက်၊ ငှက်ပျောရွက်၊ စက္ကူများ၊ ချိုင့်များ၊ လက်ဆွဲခြင်းများစသည့်ပစ္စည်းများ ဖြင့် အစားထိုးသုံးစွဲကြရန် အသိပညာပေးမှု များ ဆောင်ရွက်ကြခြင်းဖြစ်သည်။

**မန်းကျော်**

**(ပြန်/ဆက်)**

# ဆင်ပေါင်ဝဲမြို့နယ် ကျေးရွာ ၁၁ ရွာ၌ နွေရာသီကာလ သောက်သုံးရေရရှိရေးဆောင်ရွက်မှု ၅၀ ရာခိုင်နှုန်းပြီးစီး

**ဆင်ပေါင်ဝဲ ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ ကျေးလက်နေ ပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေ စုစုပေါင်းငွေကျပ် ၃၅၄ သန်းကျော် အသုံး ပြုကာ ကျေးရွာ ၁၁ ရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းများ ဇူလိုင်လ ပထမပတ်မှ စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ဆင်ပေါင်ဝဲမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က ယခုဘဏ္ဍာနှစ်တွင် တူလူ၊ ဖောင်အိုင်၊ ကျောက်မြောင်း၊ လယ်ကျိုး၊ မကြီးရင်း၊ ငွေးတောက်စမ်း၊ အင်ရုံ၊ မကြီးစမ်း၊ သပြေစမ်း၊ စာရပေ (အရှေ့)၊ အင်ပင်လှ စသည့် ကျေးရွာ ၁၁ ရွာ၌ စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်း ရှစ်ခု၊ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း တစ်ခု၊ အခြား ရေရရှိရေးလုပ်ငန်း တစ်ခုနှင့် ဆက်စပ်လုပ်ငန်းများဖြစ်သည့် ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင် တည်ဆောက်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းနှင့် ဆိုလာတပ်ဆင်ခြင်း၊ ပါဝါမီတာ တပ်ဆင်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ် ၁၅၁ ဒသမ ၃၆၅ သန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၂၀၂ ဒသမ ၆၉၈ သန်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး လုပ်ငန်းအားလုံး လာမည့် ဒီဇင်ဘာလကုန်တွင် အပြီးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဇော်မင်းဦး ထံမှ သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာ ၁၁ ရွာရှိ အိမ်ခြေ ၂၇၆၇ အိမ်၊ လူဦးရေ ၉၉၆၈ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန် များအတွက် ရာသီမရွေး သောက်သုံးရေအခက်အခဲများ အဆင်ပြေသွား မည်ဖြစ်ကြောင်း သိရသည်။ **သန်းလွင်(မကွေး)**



# မှတ်သားသိမြင် ဉာဏ်နှင့်ယှဉ်၊ မမေ့လျော့စေချင်

**တူးမာ (ပညာရေး)**

**ဩကာသလောက၊ သတ္တလောက၊ သင်္ခါရလောကဆိုပြီး လောကသုံးပါးရှိပါတယ်။ သတ္တလောကထဲမှာ ပါဝင်နေကြတဲ့ ကျွန်မတို့တွေဟာ လောကသုံးပါးမှာရှိတဲ့ သင်ယူစရာများကို မိမိတို့ လက်လှမ်းမီသမျှ လေ့လာသင်ယူနေကြရတဲ့ ကျောင်းတော်သူ ကျောင်းတော်သားများ ဖြစ်ကြပါတယ်။ ဘဝဆိုတဲ့ကျောင်းတော်ကြီးမှာ သင်ယူနေကြရတဲ့ အပေါင်းအဖော်အချင်းချင်းအတွက် လေ့လာသင်ယူရာမှာ အထောက်အကူဖြစ်စေမယ့် မှတ်ဉာဏ်နဲ့ ပတ်သက်တဲ့ စိတ်ဝင်စားဖွယ်ရာတို့ကို မျှဝေလိုပါတယ်။**

လေ့လာသင်ယူခြင်းပြုကြရာမှာ မှတ်သားဖို့ရယ်၊ မှတ်သားမိသမျှကို မမေ့ကြဖို့ရယ်ဟာ ကျွန်မတို့ရဲ့ လိုအင်ဆန္ဒဖြစ်ပါတယ်။ နေ့စဉ်နဲ့အမျှ သင်ယူနေကြရတဲ့ ကိစ္စအဝဝကို မှတ်မှတ်သားသားလေးနဲ့ ကိုယ့်ဘဝမှာ အကျိုးရှိရှိ အသုံးချနေကြရရင် ဘဝမှာ အထိုက်အလျောက် ပြည့်စုံတယ်လို့ဆိုရမှာပါ။ မှတ်ဉာဏ်ရဲ့သဘာဝကို သိရှိခြင်းဖြင့်လည်း လေ့လာသင်ယူရမှုတွေအပေါ်မှာ အထောက်အကူဖြစ်စေမယ်လို့ ယုံကြည်မိပါတယ်။

လေ့လာသင်ယူခြင်းဟာ စိတ်ပိုင်းဆိုင်ရာလုပ်ငန်းတစ်ခုဖြစ်တဲ့အတွက် မှတ်မိခြင်း၊ မေ့လျော့ခြင်းတွေကိုလည်း ဖြစ်စေပါတယ်။ လေ့လာသင်ယူခြင်းကနေ စိတ်ပိုင်းဆိုင်ရာသာမက ရုပ်ပိုင်းဆိုင်ရာဖြစ်တဲ့ အပြောအဆို၊ အပြုအမူ၊ အနေအထိုင်စတဲ့ အမူအကျင့်တွေကိုပါ ပြောင်းလဲတိုးတက်လာစေမှာဖြစ်ပါတယ်။ မှတ်ဉာဏ်ရဲ့သဘာဝက မှတ်သားရုံသာမက အချက်အလက်တွေကို သိုမှီးပေးထားပါတယ်။ သိမ်းဆည်းသိုမှီးထားတဲ့ အချက်တွေကို လိုအပ်လာတဲ့အခါမှာ ပြန်လည်ဖော်ထုတ် မှတ်မိစေတာကလည်း မှတ်ဉာဏ်ရဲ့ သဘာဝတစ်ခု ဖြစ်ပါတယ်။ သတင်းအချက်အလက် ဘယ်လောက်များများကို ဘယ်အချိန်ထိ မှတ်မိနေတယ်ဆိုတာကတော့ မှတ်ဉာဏ်ရဲ့ အရည်အသွေး ဖြစ်ပါတယ်။

Atkinson and Shiffrin (1971) ရဲ့ အဆိုအရတော့ မှတ်ဉာဏ်ကို သုံးမျိုးခွဲပြထားပါတယ်။ အာရုံခံမှတ်ဉာဏ်၊ ရေတိုမှတ်ဉာဏ်နဲ့ ရေရှည်မှတ်ဉာဏ်တို့ ဖြစ်ပါတယ်။ အာရုံခံမှတ်ဉာဏ်ရရှိဖို့ အချိန်တစ်စက္ကန့်သာလိုတယ်လို့ မှတ်သားရပါတယ်။ ရေတိုမှတ်ဉာဏ်ကတော့ စက္ကန့် ၂၀ ကနေ ၃၀ အတွင်း မှတ်သားတယ်လို့ ဆိုပါတယ်။ ရေတိုမှတ်ဉာဏ်ကနေ ရေရှည်မှတ်ဉာဏ်အဖြစ် ကူးပြောင်းသွားရတယ်လို့ မှတ်ဉာဏ်ရဲ့ သဘောသဘာဝနဲ့ပတ်သက်ပြီး မိန့်ဆိုထားတာကို မှတ်သားသိရှိခဲ့ရပါတယ်။

အာရုံခံမှတ်ဉာဏ်ကတော့ အချက်အလက်မြောက်မြားစွာတို့ကို အချိန်တိုအတွင်း မှတ်သားသိမ်းဆည်းထားနိုင်ပါတယ်။ ရေတိုမှတ်ဉာဏ်ကတော့ အချိန်ကာလ အကန့်အသတ်တစ်ခုအထိသာ မှတ်သားနိုင်ပါတယ်။ ရေရှည်မှတ်ဉာဏ်ကတော့ သီတင်းပတ်ပေါင်းများစွာကနေ နှစ်နဲ့ချီတဲ့အထိ မှတ်သားနိုင်ကြပါတယ်။ လူတစ်ဦးနဲ့တစ်ဦး မှတ်သားနိုင်တဲ့ အတိုင်းအတာ မတူညီကြတာဟာ သူတို့မှာရှိတဲ့ မှတ်ဉာဏ်အမျိုးအစားပေါ်မှာ မူတည်နေကြတယ်လို့ ဆိုနိုင်ပါတယ်။

လေ့လာသင်ယူသူများအနေနဲ့ မိမိရဲ့ မှတ်ဉာဏ်အမျိုးအစားကို လေ့လာပြီး ဖွဲ့၊ လုံ့လ၊ ဝီရိယထားကြိုးစားကြမယ်ဆိုရင် ပိုပြီးတော့ ပညာရည်အဆင့်အတန်းတွေ မြင့်မားလာနိုင်ပါတယ်။ မှတ်ဉာဏ်ရဲ့ အရည်အသွေးဟာ အသက်အရွယ်ကိုလိုက်ပြီး ပြောင်းလဲတတ်တာကိုလည်း တွေ့ရှိရပါတယ်။ အများစုလက်ခံထားတဲ့ သင်ယူဖို့အကောင်းဆုံး အသက်အရွယ်ကတော့ အသက် ရှစ်နှစ်ကနေ ကိုးနှစ်အရွယ်အထိ ဖြစ်ပါတယ်။ မှတ်ဉာဏ်အကောင်းဆုံးအရွယ်မှာ ပညာရပ်တွေကို အကောင်းဆုံး လေ့လာသင်ယူနိုင်မှာ ဖြစ်ပါတယ်။ ဘဝတစ်သက်တာမှာ အသက် ရှစ်နှစ်မှ အသက် ၂၀ အထိအရွယ်ကို ပညာသင်ယူဖို့ အကောင်းဆုံး အသက်အပိုင်းအခြားဖြစ်တယ်လို့ စူးစမ်းလေ့လာသူတွေက တွေ့ရှိခဲ့ကြပါတယ်။ မြန်မာတို့ရဲ့ အယူအဆမှာလည်း အသက် ၂၀ အထိအရွယ်ကို ပြုပြင်ပေးဖို့၊ သင်ကြားပေးဖို့ အကောင်းဆုံးလို့ လူကြီးသူမတို့က ပြောဆိုလေ့ရှိကြပါတယ်။

Dr. Zamelof (1887) ကတော့ ဘာသာစကားလေ့လာသင်ယူမှုနဲ့ပတ်သက်ပြီး လေ့လာသင်ယူမှု အကောင်းဆုံး အသက်အရွယ်ကို ရှစ်နှစ်ကနေ နှစ် ၂၀ ထိ ဖြစ်တယ်လို့ ကောက်ချက်ချခဲ့ပါတယ်။

လေ့လာသင်ယူရာမှာ ယောက်ျားလေးနဲ့ မိန်းကလေးတို့ဟာ အထူးတလည် ကွာခြားမှုမရှိတာကိုလည်း တွေ့ရှိခဲ့ပါတယ်။ ဘာသာစကားသင်ယူတဲ့အခါမှာတော့ မိန်းကလေးများက ပိုမိုသာလွန်ကြောင်း တွေ့ရှိခဲ့ပါတယ်။ စိတ်ပညာရှင်တို့ရဲ့ လေ့လာတွေ့ရှိချက်အရ သင်ယူသူများကို အားပေးထောက်ခံမှုပြုလုပ်ခြင်းဟာ ရလဒ်ကောင်းတွေကို ရရှိစေပြီး အပြစ်ပေးခြင်းနည်းကတော့ အနုတ်လက္ခဏာဆောင်တဲ့ ရလဒ်တွေကို ဖြစ်စေတယ်လို့ ဆိုပါတယ်။ သင်ယူသူ တပည့်များအပေါ် စိတ်ရှည်သည်းခံပြီး အားပေးထောက်ခံခြင်းကို ပိုမိုပြုလုပ်သင့်တယ်လို့ ယူဆမိပါတယ်။

သင်ယူသူကို ပျော်ရွှင်စေခြင်းဟာလည်း မှတ်ဉာဏ်ကို တိုးပွားစေပါတယ်။ ဝမ်းနည်းမှုဖြစ်စေခြင်းဟာ မှတ်ဉာဏ်လျော့နည်းစေပြီး မေ့လျော့မှုကို ပိုမိုအားကောင်းစေပါတယ်။ Sarason (1952) ရဲ့တွေ့ရှိချက်အရ စာမေးပွဲတစ်ခုအပေါ်မှာ စိတ်တည်ငြိမ်သူတွေဟာ အမှတ်ပိုမိုရရှိအောင် ဖြေဆိုနိုင်ပြီး စိုးရိမ်ပူပန်သူတွေဟာ ရမှတ်များကို ဆုံးရှုံးစေတယ်လို့ လေ့လာတွေ့ရှိခဲ့ပါတယ်။

မေ့လျော့ခြင်းကိုဖြစ်စေတဲ့ အကြောင်းသုံးရပ်ရှိပါတယ်။ အသုံးမပြုတာကြာရင် မေ့တတ်ပါတယ်။ သိရှိပြီးသားအချက်တွေကို ခေတ်ကာလအရ အသုံးမပြုနိုင်တော့ရင်လည်း မေ့တတ်ပါတယ်။ ဆိုးရွားတဲ့ခံစားမှုတွေကိုလည်း စိတ်ရဲ့ သဘာဝအရ အလိုလိုမေ့သွားတတ်ပါတယ်။

Trace Theory အရ အချိန်ကာလ ကြာမြင့်မှုကလည်း အကြောင်းအရာ၊ အဖြစ်အပျက်တွေကို မေ့လျော့သွားစေတယ်လို့ ဆိုပါတယ်။ ပထမအဖြစ်အပျက်နဲ့ ပုံစံတူအဖြစ်အပျက် ပေါ်ပေါက်လာတဲ့အခါမှာလည်း မူလအဖြစ်အပျက်ကို မေ့သွားစေပါတယ်။ ယခင်ကလေးဘဝက ဖြစ်ပျက်ခဲ့တဲ့ old memories တွေကိုတော့ အသစ်မှတ်သားရတဲ့ အကြောင်းအရာတွေ(new memories) တွေထက် ပိုလို့တောင် မမေ့နိုင်တာကိုလည်း တွေ့ရပြန်ပါတယ်။

Jenkins and Dallenbach (1924) တို့က မှတ်ဉာဏ်ရဲ့ သဘောသဘာဝကို လူအုပ်စုနှစ်စုဖွဲ့ပြီး လေ့လာခဲ့ကြပြန်ပါတယ်။ အဓိပ္ပာယ်မပါဘဲ စကားလုံးချည်း ၁၀ လုံးကို အုပ်စု A နဲ့ B တို့ကို ဖတ်စေပါတယ်။ အုပ်စု A ကိုတော့ စကားလုံးတွေကို မှတ်သားပြီး အနားယူစေပါတယ်။ အုပ်စု B ကိုတော့ စကားလုံးတွေမှတ်သားစေပြီးနောက်မှာ အခြားသောအလုပ်များကို လုပ်စေပါတယ်။ အချိန် ရှစ်နာရီ ကြာတဲ့အထိ နာရီအစဉ်တိုင်းမှာ အုပ်စု A နဲ့ B တို့ရဲ့ မှတ်သားနိုင်မှုကို လေ့လာခဲ့ပါတယ်။ အချိန်နာရီအားဖြင့် ပိုကြာလာတာနဲ့အမျှ အုပ်စု A က စကားလုံးမှတ်သားနိုင်မှု ပိုမြင့်တက်လာတာကို တွေ့ရပါတယ်။ အုပ်စု B ကတော့ အချိန်ကြာလာတာနဲ့အမျှ မှတ်မိနိုင်တဲ့ စကားလုံးအရေအတွက် ပိုမိုနည်းပါးလာတာကို လေ့လာစောင့်ကြည့်ခြင်းဖြင့် မှတ်တမ်းပြု တင်ပြထားတာကို မှတ်သားခဲ့ရပါတယ်။ လူရဲ့ဦးနှောက်ဟာ မှတ်သားမှုပြုပြီးရင် အနားယူခြင်းက ပိုပြီးမှတ်ဉာဏ်ကောင်းစေတဲ့အတွက် စာပေကျက်မှတ်ပြီးရင် ခေတ္တအနားယူသင့်ပါတယ်။ စာပေလေ့လာသူတွေအနေနဲ့ သတိပြုဖွယ်ရာ အလေ့အထကောင်းတစ်ခုအဖြစ် တင်ပြလိုက်ရပါတယ်။

စိတ်ပညာရှင်တို့ရဲ့ လေ့လာတွေ့ရှိမှုများ၊ အဆိုပြုချက်များဟာ စာပေလေ့လာသင်ယူနေကြတဲ့ ကျောင်းသူ ကျောင်းသားတွေအပါအဝင် လေ့လာသင်ယူနေကြသူအားလုံးအပေါ်မှာ အကျိုးကျေးဇူးများလှပါတယ်။ စာဖတ်သူတွေအနေနဲ့ အသိပညာဗဟုသုတများ ကြွယ်ဝချမ်းသာသော အသိပညာရှင်၊ အတတ်ပညာရှင်၊ အနုပညာရှင်များဖြစ်အောင် စွမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါတယ်။ ။

> ○ **ဘဝတစ်သက်တာမှာ အသက် ရှစ်နှစ်မှ အသက် ၂၀ အထိ အရွယ်ကို ပညာသင်ယူဖို့ အကောင်းဆုံး အသက်အပိုင်းအခြားဖြစ်တယ်လို့ စူးစမ်းလေ့လာသူတွေက တွေ့ရှိခဲ့ကြပါတယ်။ မြန်မာတို့ရဲ့ အယူအဆမှာလည်း အသက် ၂၀ အထိအရွယ်ကို ပြုပြင်ပေးဖို့၊ သင်ကြားပေးဖို့ အကောင်းဆုံးလို့ လူကြီးသူမတို့က ပြောဆိုလေ့ရှိကြပါတယ်**
>
> ✪ **မေ့လျော့ခြင်းကိုဖြစ်စေတဲ့ အကြောင်းသုံးရပ်ရှိပါတယ်။ အသုံးမပြုတာကြာရင် မေ့တတ်ပါတယ်။ သိရှိပြီးသားအချက်တွေကို ခေတ်ကာလအရ အသုံးမပြုနိုင်တော့ရင်လည်း မေ့တတ်ပါတယ်။ ဆိုးရွားတဲ့ ခံစားမှုတွေကိုလည်း စိတ်ရဲ့ သဘာဝအရ အလိုလို မေ့သွားတတ်ပါတယ်**

# ချောက်မြို့နယ် နလင်ကန်ကျေးရွာ၌ ဆိုလာရေတင်စနစ်တည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး

**မကွေး ဩဂုတ် ၂၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နလင်ကန်ကျေးရွာ၌ ဆိုလာရေတင်စနစ် တည်ဆောက်ခြင်းလုပ်ငန်းကို ဩဂုတ်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ ဆိုလာရေတင်စနစ်ဆောင်ရွက်ခြင်းလုပ်ငန်းကို မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ) ဦးစိုးလင်းထွဋ်နှင့် တာဝန်ရှိသူများက ဩဂုတ် ၂၄ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ပြီး လက်ထောက်ညွှန်ကြားရေးမှူးက ရေရှည်အသုံးပြုနိုင်ရေး စနစ်တကျ ထိန်းသိမ်းကြရန် ကျေးရွာရေရရှိရေးကော်မတီဝင်များအား မှာကြားခဲ့သည်။

ချောက်မြို့နယ် နလင်ကန်ကျေးရွာ၌ ယခင်ရှိပြီးဖြစ်သော စက်ရေတွင်းကို ၁၀ ဒသမ ၅၃ ကီလိုဝပ် ဆိုလာရေတင် တည်ဆောက်ခြင်းလုပ်ငန်း၊ ဆိုလာစတန်းတည်ဆောက်ခြင်းလုပ်ငန်းနှင့် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေကျပ် ၂၁ ဒသမ ၀၈ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကာ ယခုအခါ လုပ်ငန်းရာနှုန်းပြည့်ပြီးစီး၍ ကျေးရွာရှိ အိမ်ခြေ ၁၀၇ အိမ်၊ လူ ၇၂၄ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ ရရှိသည့်အပြင် နေရောင်ခြည်



စွမ်းအင်အသုံးပြုသဖြင့် ဒီဇယ်ဆီဖိုးသက်သာခြင်း၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်နိုင်ခြင်း အကျိုးကျေးဇူးများကိုပါ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

မယ်သင်း

# မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌဖလား ခရိုင်ပေါင်းစုံ အသက် ၁၆ နှစ် အမျိုးသားဘောလုံးပြိုင်ပွဲနှင့် အသက် ၁၈ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ စက်တင်ဘာ ၂ ရက်တွင် စတင်ကျင်းပမည်

**မန္တလေး ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ဖလား ခရိုင်ပေါင်းစုံ အသက် ၁၆ နှစ် အမျိုးသား ဘောလုံးပြိုင်ပွဲနှင့် အသက် ၁၈ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ စက်တင်ဘာ ၂ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ ဗထူးအားကစားကွင်း၊ အောင်မြေမန္တလာ အားကစားကွင်းနှင့် ရွှေမန်းတောင်အားကစားကွင်းတို့တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲဝင်အသင်းများ အသက်စိစစ်ခြင်းနှင့် အားကစားသမား စိစစ်ခြင်းတို့ကို ဩဂုတ် ၃၁ ရက် နံနက် ၁၀ နာရီတွင် ရွှေမန်းတောင် အားကစားကွင်းရှိလေးထပ် အားကစားသမားဆောင်၌ ပြုလုပ်မည်ဖြစ်ရာ ပြိုင်ပွဲဝင်ခရိုင် ဘောလုံးအသင်းများအနေဖြင့် ရွှေမန်းတောင် အားကစားကွင်းတွင် ဩဂုတ် ၃၀ ရက် ညနေ ၃ နာရီ နောက်ဆုံးထား၍ ဦးနွယ်အေးချို(အားကစားမှူး-ဖုန်း၀၉ ၄၀၀၃၂၀၉၃၅) ထံ သတင်းပို့ ဆောင်ရွက်ရမည်ဖြစ်ပြီး အားကစားသမားစိစစ်ခြင်းအပြီးတွင် အသင်းအုပ်ချုပ်သူများ အစည်းဝေးကို ဩဂုတ် ၃၁ ရက် နံနက် ၁၀ နာရီတွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့်အသင်းများသည် အမျိုးသားပြိုင်ပွဲအတွက် အသက် ၁၆ နှစ်ထက်မကျော်လွန်သူ (၂၀၀၆ ခုနှစ်နှင့်နောက်ပိုင်းမွေးဖွားသူ)၊ အမျိုးသမီးပြိုင်ပွဲအတွက် အသက် ၁၈ နှစ်ထက်မကျော်လွန်သူ (၂၀၀၄ ခုနှစ်နှင့် နောက်ပိုင်းမွေးဖွားသူ) များသာ ပါဝင်ခွင့်ပြုမည်ဖြစ်ပြီး အမျိုးသားမှတ်ပုံတင် သို့မဟုတ် နိုင်ငံသား စိစစ်ရေးကတ်ပြား လက်ဝယ် ကိုင်ဆောင်ထားသူနှင့် မှတ်ပုံတင် တင်ပြရာတွင် မူရင်းနှင့် မိတ္တူနှစ်စောင် ပူးတွဲတင်ပြရမည်ဖြစ်ကာ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းကို တစ်ပါတည်းယူဆောင်လာရန်နှင့် နယ်ကျော်နိုင်ငံသား စိစစ်ရေးကတ်ပြားကိုင်ဆောင်ထားသူများသည် လက်ရှိမိမိတို့နေထိုင်ရာမြို့နယ်(လဝကမှူး )ထံမှ ၆ လကျော် နေထိုင်ကြောင်း ထောက်ခံစာမူရင်း တစ်ဦးချင်းစီအတွက် တစ်ပါတည်း ယူဆောင်လာရမည်။ ထို့ပြင် နိုင်ငံသား စိစစ်ရေးကတ်ပြားတွင် ဓာတ်ပုံပျက်စီးနေခြင်း၊ မထင်မရှား ဖြစ်နေခြင်း၊ မွေးသက္ကရာဇ် ပြင်ဆင်ခြင်းနှင့် Scan ဖတ်ထားခြင်းများ ခွင့်မပြုကြောင်း အားကစား သမားများအား အသက် ၁၀ နှစ်ပြည့်နိုင်ငံသားစိစစ်ရေးကတ်ပြားဖြင့် စိစစ်သွားမည်ဖြစ်ကြောင်း သိရသည်။

၀၄၀

❖ *ကျောဖုံးမှ*

အသက် ၇၀ ကျော်အထိ ထည့်သွင်းကျင်းပခဲ့သည်။ အသက် ၄၀ အောက် အမျိုးသမီးအတိုက်ပြိုင်ပွဲတွင် မြန်မာကိုယ်စားပြု Golden River ကလပ်အသင်းမှ မနီလာထွန်းက ရွှေတံဆိပ်ဆုကို လည်းကောင်း၊ အသက် ၁၇ နှစ်အောက် အမျိုးသားအတိုက်ပြိုင်ပွဲတွင် အောင်ဆန်းတိုက်ကွမ်ဒိုကလပ်အသင်းမှ မောင်မင်းသန့်က ငွေတံဆိပ်ဆုနှင့် ကကွက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကို လည်းကောင်း၊ အသက် ၁၄ နှစ်အောက် အမျိုးသားအတိုက်ပြိုင်ပွဲတွင် မောင်ဟိန်းမင်းသန့်က ရွှေတံဆိပ်ဆုနှင့် ကကွက်ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုကို လည်ကောင်း၊ အသက် ၁၂ နှစ်အောက် အမျိုးသမီးအတိုက်ပြိုင်ပွဲတွင် မကြယ်စင်သန့်က ရွှေတံဆိပ်ဆုနှင့် ကကွက်ပြိုင်ပွဲတွင် ငွေဆံဆိပ်ဆုကို လည်းကောင်း၊ အသက် ၁၀ နှစ်အောက် အမျိုးသမီးအတိုက်ပြိုင်ပွဲတွင် မလမင်းသန့်က ရွှေတံဆိပ်ဆုနှင့် ကကွက်ပြိုင်ပွဲတွင် ငွေတံဆိပ်ဆု အသီးသီးဆွတ်ခူးရရှိပြီး အကောင်းဆုံးအသင်းဆုကို (မြန်မာ) ကိုယ်စားပြုအသင်းက ဆွတ်ခူးရရှိခဲ့သည်။

အဆိုပါဖိတ်ခေါ်ပြိုင်ပွဲသို့ နိုင်ငံပေါင်း ၁၄ နိုင်ငံမှ အသင်းပေါင်း ၃၅သင်း၊ ပြိုင်ပွဲဝင်ကစားသမားပေါင်း ၄၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာနိုင်ငံကိုယ်စားပြု(အောင်ဆန်း) တိုက်ကွမ်ဒိုကလပ်အသင်းနှင့် Golden River ကလပ်အသင်းတို့မှ အုပ်ချုပ်သူ၊ နည်းပြ၊ ဒိုင်လူကြီး၊ ကစားသမား စုစုပေါင်းရှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# ကိုဗစ်-၁၉ ရောဂါကြောင့် ရွှေ့ဆိုင်းထားသည့် အာရှအားကစားပြိုင်ပွဲနှင့် အာရှမသန်စွမ်းအားကစားပြိုင်ပွဲ လာမည့်နှစ် ပြန်လည်ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၈**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ယခုနှစ်တွင် ကျင်းပနိုင်ခြင်းမရှိဘဲ ရွှေ့ဆိုင်းခဲ့ရသည့် အာရှအားကစားပြိုင်ပွဲနှင့် အာရှမသန်စွမ်းအားကစားပြိုင်ပွဲကို လာမည့်နှစ်တွင် ပြန်လည်ကျင်းပသွားမည်ဖြစ်သည်။

**ရွှေ့ဆိုင်းရန် ဆုံးဖြတ်ခဲ့**

ယင်းပြိုင်ပွဲ နှစ်ခုစလုံးကို တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် ရရှိထားပြီး ယခင်က အာရှအားကစားပြိုင်ပွဲကို ၂၀၂၂ ခုနှစ် စက်တင်ဘာနှင့် အာရှမသန်စွမ်း အားကစားပြိုင်ပွဲကို ၂၀၂၂ ခုနှစ် အောက်တိုဘာတွင် ကျင်းပရန် စီစဉ်ထားသော်လည်း ကပ်ရောဂါ အခြေအနေကြောင့် ပြီးခဲ့သည့်မေလက ရွှေ့ဆိုင်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အာရှ အိုလံပစ်ကောင်စီ၏ ထုတ်ပြန်ချက်အရ (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၃ ရက်မှ အောက်တိုဘာ ၈ ရက်၊ (၄) ကြိမ်မြောက် အာရှမသန်စွမ်း အားကစားပြိုင်ပွဲကို အောက်တိုဘာ ၂၂ ရက်မှ ၂၈ ရက်အထိ ပြန်လည်ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲ နှစ်ခုစလုံးတွင် မြန်မာ အားကစားအဖွဲ့များ ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ပြီး လာမည့်နှစ်တွင် အဓိကပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ အားကစားအဖွဲ့ အနေဖြင့် ၂၀၂၃ ခုနှစ်တွင် (၃၂) ကြိမ်မြောက် ကမ္ဘောဒီးယား ဆီးဂိမ်းပြိုင်ပွဲနှင့် အာရှအားကစား ပြိုင်ပွဲ၊ မြန်မာ မသန်စွမ်း အားကစားအဖွဲ့အနေဖြင့် (၁၂) ကြိမ်မြောက် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲနှင့် အာရှမသန်စွမ်း အားကစားပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ဝင်ရောက်ယှဉ်ပြိုင်**

မြန်မာအားကစား အဖွဲ့များနှင့် မသန်စွမ်း အားကစားအဖွဲ့တို့မှာ ယခုနှစ်တွင်မူ ရွှေ့ဆိုင်းထားသည့် ဗီယက်နမ် ဆီးဂိမ်းပြိုင်ပွဲနှင့် (၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတို့ ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည်။

**ရဲရင့်လွင်**

# MNL-2 ပြိုင်ပွဲ ပွဲစဉ် (၅) ဆက်လက်ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၈**

အပတ်စဉ်ကျင်းပနေသည့် ၂၀၂၂ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၅) ကို ယခုတစ်ပတ် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ပွဲစဉ် (၅) အဖြစ် ဩဂုတ် ၂၉ ရက်တွင် ကချင်ယူနိုက်တက်အသင်းနှင့် မော်ရဝတီအသင်း၊ စက်တင်ဘာ ၁ ရက်တွင် ယောမြေအသင်းနှင့် တက္ကသိုလ်အသင်း၊ စက်တင်ဘာ ၂ ရက်တွင် Young Boys အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယခုတစ်ပတ်တွင် ရမှတ်တူနေသည့် ကချင်ယူနိုက်တက်နှင့် မော်ရဝတီအသင်း တွေ့ဆုံမှုမှာ စိတ်ဝင်စားစရာကောင်းနေပြီး ဇယားထိပ်ဆုံးမှ ဦးဆောင်နေသည့် ဒဂုံစတားယူနိုက်တက် အသင်းမှာမူ မြန်မာ ယူ - ၁၆ လက်ရွေးစင် (ခ) Young Boys အသင်းနှင့် ကစားရမည်ဖြစ်သည်။ သုံးပွဲစလုံးရှုံးပြီး အမှတ်မရသေးသည့် ယောမြေအသင်းမှာလည်း ပထမဆုံးနိုင်ပွဲရယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သလို တက္ကသိုလ်အသင်းကလည်း ဒဂုံစတားအသင်းကို ဖိအားပေး အမှတ်ပြည့်ရယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

ပွဲစဉ် (၄) အပြီးတွင် ဒဂုံစတားယူနိုက်တက်အသင်းက လေးပွဲကစား ရှစ်မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး Junior Lions အသင်းက လေးပွဲကစား ခြောက်မှတ်၊ တက္ကသိုလ်အသင်းက သုံးပွဲကစား ခြောက်မှတ်၊ ကချင်ယူနိုက်တက်နှင့် မော်ရဝတီအသင်းက သုံးပွဲကစား လေးမှတ်စီ၊ Young Boys အသင်းက နှစ်ပွဲကစား သုံးမှတ်ရရှိထားကာ ယောမြေအသင်းမှာမူ သုံးပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။ **ရဲရင့်လွင်**



# ဝက်စ်ဟမ်းတို့ ဗီလာကို အနိုင်ယူကာ ပထမဆုံးနိုင်ပွဲရပြီး ဝုဖ်နှင့် နယူးကာဆယ်တို့ တစ်ဂိုးစီ သရေကျ

ပရီးမီးယားလိဂ် ပွဲစဉ် (၄) ကို ဩဂုတ် ၂၈ ရက် ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ရာ ဝက်စ်ဟမ်းက အဝေးကွင်း၌ အက်စ်တွန်ဗီလာကို အနိုင်ယူကာ ၎င်းတို့၏ ပထမဆုံး နိုင်ပွဲကို ရရှိခဲ့သည်။

ယခုပွဲတွင် နှစ်သင်းစလုံး အပြန်အလှန် ထိုးဖောက်ကစားခဲ့ပြီး ပထမပိုင်းတွင် ဂိုးမရှိ သရေဖြစ်ခဲ့သည်။ ဝက်စ်ဟမ်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၇၄ မိနစ်တွင် ဖော်နယ်က သွင်းယူပေးခဲ့သည်။

ဝုဖ်နှင့် နယူးကာဆယ်ပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေဖြစ်ခဲ့သည်။ ပထမပိုင်း ၃၈ မိနစ်တွင် ဝုဖ်မှ နီဗက်စ်က အဖွင့်ဂိုးသွင်းယူကာ ပွဲကိုဦးဆောင်ခဲ့သည်။ နယူးကာဆယ်တို့ ချေပဂိုးရရှိရေး ကြိုးစားသော်လည်း ပွဲပြီးခါနီးတွင် တိုက်စစ်မှူး စိန့်မက်ဆီမန်က ဂိုးသွင်းယူပေးသောကြောင့် တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်ခဲ့သည်။ နော်တင်ဟမ်ဖောရက်စ်ကို စပါးက နှစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရသည်။ **အောင်ဇော်**

# တပ်ကုန်းမြို့နယ်၌ ရထားတိုက်မိသဖြင့် အမျိုးသားတစ်ဦး သေဆုံး

**နေပြည်တော် ဩဂုတ် ၂၈**

နေပြည်တော် တပ်ကုန်းမြို့နယ်၌ ဩဂုတ် ၂၆ ရက်က ရထားဖြင့်တိုက်မိ၍ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၆ ရက် ည ၇ နာရီ ၁၅ မိနစ်က တပ်ကုန်းမြို့နယ် ဘောဂကျေးရွာနေ ကျော်စိုးဝင်း (၂၀)နှစ်သည် ကျေးရွာအနီး ရန်ကုန်-မန္တလေးရထားလမ်း မိုင်တိုင် (၂၄၆/၈-၉)ကြား၌ အရက်မူး၍ ရထားသံလမ်းပေါ်၌ ထိုင်ကာအန်နေစဉ် ရထားဖြင့် တိုက်မိခဲ့ပြီး ဒဏ်ရာများရရှိကာ သေဆုံးခဲ့ကြောင်းသိရ၍ အဆိုပါသေဆုံးမှုကို ရွှေမြို့နယ်မြေရဲစခန်း၌ သေမှုသေခင်းရေးဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

**လျှင်လှုပ်ခတ်ပါက လဲကျသွားနိုင်သည့် အန္တရာယ်မှ ကာကွယ်ရန် ထိုင်ချပါ။**
**ဦးခေါင်းကို ဦးစားပေး အကာအကွယ်ယူပါ။ အခိုင်မာဆုံးနေရာကို မြဲမြံစွာ ကိုင်ထားပါ။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၄ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**အားကစားနှင့်ပတ်သက်၍ ချက်ချင်းထလုပ်၍ ရသည့်လုပ်ငန်းမဟုတ်သည့်အတွက် အချိန်ယူ လေ့ကျင့် မွေးထုတ်သွားရန်လို၊ ပြည်သူလူထု ကျန်းမာရေးအတွက် အလွယ်ကူဆုံးအားကစားမှာ လမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ ကိုယ်လက်လှုပ်ရှားခြင်း တို့ရှိ၊ ကျန်းမာမှ ပညာရေး၊ စီးပွားရေးနှင့် အခြားကိစ္စရပ်များကို ဆောင်ရွက်နိုင်မည်ဖြစ်။ ဒေသအလိုက် အားကစားကွင်းများ တည်ဆောက်ရာတွင် ရေရှည်မျော်တွေးဆောင်ရွက်ကြရမည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဩဂုတ် ၈ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များ အနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့ အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်မည်ဖြစ်

နေပြည်တော် ဩဂုတ် ၂၈

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး *စာမျက်နှာ ၉ ကော်လံ ၁* ❑

## ထိုင်းနိုင်ငံ၌ ကျင်းပသော အပြည်ပြည်ဆိုင်ရာ တိုက်ကွမ်ဒိုချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာရွှေတံဆိပ်ဆု ငါးခု၊ ငွေတံဆိပ်ဆု လေးခု ဆွတ်ခူး




ရန်ကုန် ဩဂုတ် ၂၈

ထိုင်းနိုင်ငံ Buriram Taekwondo International Championship 2022 ဖိတ်ခေါ်ပြိုင်ပွဲကို ဩဂုတ် ၂၇ ရက်က ကျင်းပခဲ့ရာ မြန်မာနိုင်ငံကိုယ်စားပြု မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် ကလပ်အသင်းများမှ အားကစားသမားများသည် (ယာပုံ) ရွှေတံဆိပ်ဆု ငါးခု၊ ငွေတံဆိပ်ဆု လေးခုနှင့် အကောင်းဆုံးအသင်းဆု ချီးမြှင့် ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အတိုက်နှင့် ကကွက်ပြိုင်ပွဲများအား သက်တန်းအလိုက် ခွဲခြား၍ အသက်ငါးနှစ်မှ *စာမျက်နှာ ၂၆ ကော်လံ ၅* ❖

## ခရီးသွားဝင်ရောက်မှုဖွံ့ဖြိုးလာပါက ဝါးနက်ဆင်စခန်း၌ တောင်ပေါ်မှ သဘာဝရှုခင်းအလှများ ကြည့်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်




မန္တလေး ဩဂုတ် ၂၈

မန္တလေးတိုင်းဒေသကြီးအတွင်း လာမည့် ခရီးသွားရာသီကာလ၌ ခရီးသွားဝင်ရောက်မှု ဖွံ့ဖြိုးလာပါက မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့နယ်ကြား ရဲရွာရေလှောင်တမံသွား ကားလမ်းဘေးတွင် ဖွင့်လှစ်ထားသည့် ဝါးနက်ဆင်စီးအပန်းဖြေစခန်း၌ တောင်ပေါ်မှ သဘာဝရှုခင်းအလှများကို ကြည့်ရှုခံစားနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း *စာမျက်နှာ ၈ ကော်လံ ၄* ■

**ယနေ့ သတင်းအညွှန်း**

**ပေါက်မြို့နယ်အတွင်း ပေါက်မြောက်ပိုင်း(၁) ကြိုးပြင်ကာကွယ်တောသတ်မှတ်** ပြည်တွင်းသတင်း စာ – ၆



**စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာကျပ် ၄၉၁၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ** ပြည်တွင်းသတင်း စာ – ၁၂